www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပဉ္စမံဒီဝိရှေး

## ၏ ထွက်ရှိပြီးစာအုပ်များ


၁။ ဆယ်ရက်အတွင်းယောက္ခမသိမ်းသွင်းနည်း
၂။ တစ္ဆေဆရာအလွဲ
၃။ မတော်တဆ
၄။ ချောင်းသမျှ ဂုကမောက်ကမ
၅။ နတ်ဆိုးကျီစားဘဲ့အချစ်
၆။ ကျွန်တော့်ချစ်ခြင်းသစ်ပင်
၇။ ဘယ်တော့မှ အလွမ်းချည်းမဟုတ်
၈။ ဒါမျိုးကြီး စိန်သာဗလ
၉။ ချစ်ဖက်
၁၀။ ကိုယ်တို့ခေတ်ရဲ့ မင်းကုသ
၁၁။ အချပ်ပို
၁၂။ ဘောလုံးဟင်းခါး
၁၃။ ပေတလူး
၁၄။ ငါတို့ရပ်ကွက်ထဲက မမြစိမ်း
၁၅။ ရှော့ခ်ရှိတယ်
၁၆။ တက္ကသိုလ်လူပျော်


**ယခု – အဲဒီလောကနဲ့ တကမဏာနဲ့**

**ဆက်လက်ပြီး...**


၁၆။ တက္ကသိုလ်လူပျော်လွမ်းချင်းကထာ
၁၇။ က


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၇၆၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၅၃၀၆၀၉

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၀၉၊ ဇူလိုင်လ |

**ထုတ်ဝေသူ**

ဦးစန်းမွန်အောင်(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**

အာကာ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဒေါ်မေသက်ခိုင်

(ပြည့်စုံပုံနှိပ်တိုက်)

**အုပ်ရေ**

၅၀၀

| | |
|---|---|
| တန်ဖိုး | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃

**ပဋ္ဌမံဒီရိုင်း**

အဲဒီလောက်နဲ့တက်မလာနဲ့/ ပဋ္ဌမံဒီရိုင်း-ရန်ကုန်။

ငါတို့စာပေ။ ၂၀၀၉။ ၁၅၅ - စာ။

၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ

# ပဋ္ဌမံဒီရိုင်း

ဟာသလုံးချင်းဝတ္ထုသစ်

# အဲဒီလောက်နဲ့တက်မလာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမဟုတ်ပါဘူး

ကျိုက်ထီးရိုးဘုရားဖူးခြင်းကို အခြေခံတဲ့

ပေါ့ပေါ့ပါးပါး ဇာတ်လမ်းတစ်ပုဒ်ပါပဲ။

ဖတ်ကြည့်ပါဦး။



စိတ်တွေ

ပုန်ကန်ထကြွတိုင်း

ကြောက်စိတ်ဆိုတာ

ဘယ်ချောင်သွားပုန်းနေသလဲ မသိ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ဘောလုံးပွဲက တော်တော် ကောင်းနေပြီ။ ပရီးမီးယားလိဂ်မှာ မရှုံးသင့်တဲ့ အသင်းငယ်လေးတွေကို ရှုံးထားတဲ့ အာဆင်နယ်အသင်းကအသင်းကြီး ချဲလ်ဆီးနဲ့ကျမှ စွာနေတယ်။ ဘောလုံးပွဲပြနေတဲ့ လက်ဖက်ရည်ဆိုင်ထဲမှာ အာဆင်နယ်ပရိတ်သတ် ချဲလ်ဆီးပရိတ်သတ်တွေက အပြိုင်အားပေးနေတာ လက်ဖက်ရည်ဆိုင်ထဲဆူညံတာ ပြောမနေနဲ့တော့။

ဒီအထဲမှာ 'သရဲ'က ဘောလုံးပွဲသာ ကြည့်နေရပေမယ့် ရင်ထဲက သိပ်မကောင်းဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ချဲလ်ဆီးပရိတ်သတ်ဖြစ်လို့။ ချဲလ်ဆီးကို စားကောင်းသောက်ကောင်းအောင် တစ်ပုလင်းလောက်ထည့်ထားတာ အာဆင်နယ်က ချဲလ်ဆီးကို တစ်ဂိုးသွင်းထားတာ ကိုယ်က နောက်ကနေ လိုက်ရမလို ဖြစ်နေပြီ။

'ဂိုး... ဂိုး.... အာကြီးကွ... အာကြီး...'

ဟော ကြည့်နေရင်းကနေ အာကြီးက နောက်တစ်ဂိုးသွင်းလိုက်လို့ အာဆင်နယ် ပရိတ်သတ်တွေ ဝိုင်းအော်တာ တစ်ဆိုင်လုံး ကုလားဘုရား လှည့်သလိုပါပဲ။



'သရဲ... ဒီအတိုင်းဆို မင်းသွားပြီ'

အရေးထဲ ပုတိုက ရင်ဆို့စေမယ့်စကားကိုကျွေးလိုက်ပါတယ်။

'သွားစမ်းပါ... ပုတိုရာ၊ ငါးလေးဖားလေးတွေ မိုးခထာဆောင်းလို့ ပျော်နေတာများကွာ၊ ကြည့်လိုက်ပါဦး'

သရဲက အာဆင်နယ် ပရိတ်သတ်တွေဖက်ကို ကြည့်လိုက်ရင်း...

'ငါးလေး ဖားလေးတွေ ပျော်ထား၊ ဘယ်လောက် ပျော်နိုင်သလဲ ကြည့်ရမှာပေါ့ကွာ'

'ဟေ့ကောင်... သရဲ မင်း အပိုတွေ ပြောမနေနဲ့၊ ငါးလေး ဖားလေး ပျော်တာ မဟုတ်ဘူးကွ၊ ချဲလ်ဆီးကို အပီတွယ်တာ၊ မင်းရဲ့ ချဲလ်ဆီးနိုင်ရင် ဇက်တင်ပေးလိုက်မယ်၊ မင်း... ခေါင်းဖြတ်သွား'

ဘောလုံးပွဲကြည့်နေတဲ့ တစ်ယောက်က မခံနိုင်တဲ့လေသံနဲ့ ဖြစ်ပြီး 'သရဲ'ကို တွယ်ပါတယ်။

'ဘောလုံးပွဲ ပြီးခါနီး ဆယ်မိနစ်လောက်လိုမှ ဇက်တင်ပေးမယ်လို့ မင်းမို့ ပြောလျက်တယ်၊ ဒီအသင်းနဲ့ ဒီအသင်း နှစ်ဂိုးဘယ်ပြန်သွင်းနိုင်မလဲကွ၊ မင်း... ဒီလောက် သတ္တိရှိရင် ဆိုင်အပြင်ထွက်ခဲ့၊ မင်းရဲ့ဇက်ကို ငါ ခုတ်မယ်'

'ရတယ်လေ... လုပ်ကြည့်လိုက်ပေါ့'

ပေါက်ကွဲမှုအရှိန်အဟုန်က ဘောလုံးပွဲပြနေတဲ့ လက်ဖက်ရည်ဆိုင်ထဲမှာ အတော့်ကို ပြင်းထန်နေပါပြီ။ တစ်ဆိုင်လုံး ဘောလုံးပွဲကြည့်တော့ဘဲ သရဲတို့ရန်ဖြစ်နေတဲ့ မြင်ကွင်းကိုသာ အာရုံရောက်နေကြပါတယ်။

www.burmeseclassic.com



'သရဲ… တော်… တော်… တော်ကွာ၊ တော်ကြာ ဆိုင်ပိတ်ရမယ်'

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က သရဲ အနားရောက်လာရင်းမှ ရန်ပွဲကို ဖြန်ဖြေပါတော့တယ်။

'ပုတိုး… သွားမယ်'

သရဲက ပုတိုးကိုဆွဲခေါ်ပြီး သူနဲ့ရန်ဖြစ်တဲ့လူကို ကြည့်လိုက်ရင်း တစ်ဆိုင်လုံးကြားအောင် အော်လိုက်ပါတယ်။

'ဟေ့ကောင်… အဲဒီလောက်နဲ့ တက်မလာနဲ့၊ သတ္တိက ငါ့မှာ မဟုတ်ဘူး၊ ငါ့အိမ်က… ခွေးလည်း သတ္တိရှိတယ်'

သရဲက မကျေနပ်တဲ့အကြည့်နဲ့ လက်ဖက်ရည်ဆိုင်ထဲကို ထပ်ကြည့်လို့ ပုတိုးက ပြဿနာထပ်ပြီး အရစ်ရှည်မှာစိုးတာနဲ့ သရဲကို လက်အတင်းဆွဲပြီး လက်ဖက်ရည်ဆိုင်ရှေ့ကနေ ခပ်သုတ်သုတ် ထွက်လာခဲ့ပါတယ်။

'ဒီပြဿနာက… မင်းက စတာ သရဲရ'

'ဖြစ်မှာပေါ့ကွာ… မင်းက ငါ့ကို ဘာလို့လမ်းကြောင်းပေးလဲ'

'ငါက… မင်းရှုံးနေလို့ ရိုးရိုးသားသား ပြောတာကို မင်းက သွားရိတာကိုး'

'ဘောလုံးပွဲကြည့်ရင် အဲဒီလို ရိရမှ အရသာရှိတာကွ၊ ဒါ တောင်… ဟိုကောင်နှစ်ကောင် ပါမလာသေးလို့'

အဲဒီနောက်တော့ သရဲက ဘာစကားမှ မဆိုတော့ဘဲ နက်ဖြန် ခါထွက်မယ့် အားကစားဂျာနယ်ထဲက အချုပ်ပိုမှာ ချဲလ်ဆီးနဲ့ အာဆင်



နယ် အသင်းအကြောင်း အားကစား ကလောင်ရှင်တွေက ဘယ်လို အခွမ်းပြရေးလေမလဲ တွေးနေမိပါတယ်။

♦

ဦးလေးဦးမောင်သန်း နည်းနည်းတော့ တင်းနေပုံရတယ်။ ညကဖြစ်တဲ့သတင်းကို ဘယ်သူက လှမ်းပင့်ပေးလိုက်သလဲ မသိ။ မနက် လက်ဖက်ရည်သောက် ပြန်လာပြီးပြီးချင်း အိပ်ယာနိုး မျက်နှာ သစ်ပြီး လက်ဖက်ရည်ဆိုင်သွားဖို့ ပြင်နေတဲ့ 'သရဲ'ကို မသွားခိုင်း သေးဘဲ အိမ်ရှေ့ ဧည့်ခန်းထဲက ဆက်တီခုံမှာ ထိုင်ခိုင်းပါတယ်။

'သရဲ'ကတော့ ကောင်းကောင်းသိလိုက်ပြီ။ ဦးလေးဦးမောင် သန်းရဲ့ မှာတမ်းခြွေသြဝါဒတွေ အဝစားသုံးရပြီလို့…

'ကောင်းသေးရဲ့လား… သရဲ၊ ဘယ့်နှယ်ကွာ သူ့ဘာသာသူ ဘောလုံးပွဲ ကြည့်နေတာကို မင်းက သွားရန်စသလို ဖြစ်တော့ ရှုပ်ကုန် ကော မင်းမှာ ဝင်းထူးဆိုတဲ့ နာမည်ပျောက်ပြီး သရဲလို့ ငယ်နာမည် တွင်တာ၊ အဲဒီ… နာမည်ကြောင့် မင်းမှာ ကြောက်စိတ်မရှိတော့ဘူး ထင်ပါရဲ့ကွာ'

ကွယ်လွန်သွားတဲ့ မင်းသားကြီး ကောလိပ်ဂျင်နေဝင်း အိုက် တင်မျိုးနဲ့ လူပျိုကြီးဦးလေး ဦးမောင်သန်းရဲ့စကားလုံးတွေကို နားထောင် နေတဲ့ 'သရဲ' နည်းနည်းတော့ ရယ်ချင်သွားပါတယ်။

'လူတော်တော်များများမှာ ကြောက်စိတ်မကင်းဘူး လေးလေး ရ၊ တချို့က ရှုံးနိမ့်မှာကို ကြောက်စိတ်ဝင်ကြတယ်၊ တချို့ကတော့ အောင်မြင်နေတာကိုတွေးပြီး ကျရှုံးမှာကို ကြောက်ကြပြန်ရော့ကွာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်က ကျွန်တော်ကို အနိုင်မယူရဘူး၊ ကျွန်တော်ကသာ ကြောက်စိတ်ကို အနိုင်ယူမယ် သိမ်းပိုက်မယ်၊ ဒါကြောင့်… ဘာကိုမှ မကြောက်တာ'

ဦးလေးဦးမောင်သန်းက တူဖြစ်သူ 'သရဲ'ရဲ့ စကားကို နားထောင်နေရင်းက သူ့ကို ဆူသာဆူရပေမယ့် နည်းနည်းတော့ ချီးကျူးချင်စိတ်တောင် ပေါက်သွားပါတယ်။

ဒီလိုကြတော့လည်း တူဖြစ်သူက ဟုတ်နေပါလားလို့။ ပြောမယ့်သာပြောတာ တူဖြစ်သူ 'သရဲ'က သူ့အစ်ကို ဦးတင်သန်းနဲ့ သူ့အစ်ကိုမိန်းမ ဒေါ်နှင်းမြတို့က မွေးတာဆိုပေမယ့် ငယ်ငယ်လေးကတည်းက သူ့လက်ထဲမှာပဲ ထိန်းကျောင်းရင်း ကြီးလာတာ။

ပညာလည်း တော်။ ဘွဲ့လည်းရ။

ခက်တာက အဲဒီလိုမျိုး ကြောက်စိတ်မရှိဘဲ ကိုယ်ပြောချင်တာပြောလို့ ရန်ဖြစ်ရတာ လိုက်ရှင်း ရတာတွေသာ ရှိတာ။



မိဘနှစ်ပါးကလည်း မန္တလေးမှာ အလုပ်ကိုအခြေချပြီး လုပ်နေတာ စီးပွားရေးကောင်းတော့ ရန်ကုန်ကိုမပြန်နိုင်။ 'သရဲ'ကလည်းမန္တလေးမှာ မနေချင်။

ဒီတော့ တူကလေးကို



အလိုလိုက်ရင်းသူ့ခမျာအထိန်း တော် ဖြစ်မှန်းမသိ ဖြစ်လို့။

'လေးလေး… တစ်ခုတော့ အကြံပေးချင်တယ်၊ ငါ့တူ… ဒီဘာအလုပ်ကို ဝင်လုပ်ပါလား၊ ဒီလိုဆိုရင် ကျွန်တာတွေ နည်းနည်းလျော့သွားမလားလို့ပါ၊ အလုပ်ပေါ်မှာ အာရုံက တစ်ခုတည်း ရှိနေလို့ပေါ့ ငါ့တူရယ်'

ဦးလေးဦးမောင်သန်းဆီက ဖွင့်နေကျ တတ်ပြားဟောင်းကြီးကို ထပ်ကြားရလို့ သရဲ နည်းနည်းတော့ စိတ်ညစ်သွားပါတယ်။

'လူဆိုတာ… မသေမချင်း သူ့ရဲ့ ရပ်တည်မှု၊ သူနဲ့… ဆက်နွယ်တဲ့အဖွဲ့အစည်း ရပ်တည်မှုအတွက် အလုပ်လုပ်ရမှာ ဆန်းတာမှ မဟုတ်တာ၊ အခု… ကျွန်တော်က နုပျိုတဲ့အချိန်မှာ နုပျိုမှုကို အားသုံးလို့ ကောင်းဆဲရှိနေသေးတာ၊ လာမှာပေါ့၊ လေးလေးရာ ဟောဒီကမ္ဘာမြေပေါ်မှာ ကျွန်တော်က လူပိုတစ်ယောက် ဘယ်တော့မှ မဖြစ်စေရဘူး စိတ်ချ၊ ကျွန်တော့်… သမိုင်းတော့ ကျွန်တော်လှအောင် ရေးရမှာပေါ့'

'ငါ့တူ… သရဲ၊ မင်းရဲ့… လျှာဖျားပေါ်က ထွက်လာတဲ့ စကားလုံး လှလှလေးတွေအတိုင်း မင်းလိုက်နာသလား မနာသလား လေးလေး စောင့်ကြည့်ရဦးမှာပေါ့ကွာ'

ဦးလေးဦးမောင်သန်းက ဗီစီဒီခွေတစ်ခွေ စက်ထဲ ကောက်ထည့်လိုက်ပါတယ်။

ချက်ချင်းဆိုသလို ဧည့်ခန်းထဲမှာ ဟာစ်ယော့ သီချင်းသံတွေ ပျံ့လွင့်နေပါတယ်။

တီဗီဖန်သားပြင်ပေါ်က အရုပ်တွေကိုကြည့်ရင်း ဦးလေးဦး

www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းတစ်ယောက် မကြီးမငယ်နဲ့ စိတ်ကူးတွေယဉ်ပြီး ခံစားနေတာ 'သရဲ'အဖြင့် ထွက်သွားတာတောင် မသိလိုက်။

ဂီတာဆိုတာ လူ့ကို မေ့လျော့စေတယ်ဆိုတဲ့ စကားက မှန်နေပြီလားမသိ…

♦

ပြဿနာဆိုတာ

နေရာတိုင်းမှာ

အနုကြမ်းစီး သိမ်းပိုက်လေ့ ရှိတယ်။

ကိုယ်က

အေးအေးဆေးဆေး

လေချွန် ပြေရှင်းဆိုပွဲ လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂)

'ခေါင်း'နည်းနည်းတော့ ညစ်နေတယ်။ ဘယ့်နှယ် လက်ဖက်ရည်ဆိုင် လာမယ်လုပ်ကာမှ အန်တီသင်းက မှာတမ်းခြွေနေလို့ပါ။ သူ့မှာတမ်းထဲမှာ အချိန်ရဲ့တန်ဖိုး၊ အချိန်ကို အကျိုးရှိစွာ အသုံးချဖို့ ဘဝမှာ ဝယ်မရတာ။ အချိန်ကာလ အချိန်ဆိုတာမျိုးကို အလဟဿ မသုံးစွဲဖို့ အစရှိတဲ့ အန်တီသင်း ဖတ်လေ့ဖတ်ထရှိတဲ့ တက်ကျမ်းစာအုပ်တွေထဲက စကားလုံးတွေနဲ့ ကိုင်ပေါက်တော့တာပါပဲ။

'ခေါင်း'ကလည်း မနေနိုင်လို့ ပြန်ပြောခဲ့ပါသေးရဲ့။

အန်တီသင်းက အချိန်ကာလကို ပိုင်ပိုင်နိုင်နိုင် အမိမဖမ်းနိုင်၊ အလေးမထားခဲ့လို့ အခုထိ အပျိုကြီးဖြစ်တာလို့ပြောတော့ အန်တီသင်း အနားပေါ် တုတ်ကျတယ် ထင်ပါရဲ့။ ပါးစပ်က မွစိပွစိနဲ့ပြောရင်း အိမ်မှာ ကျန်ရစ်ခဲ့ပါတယ်။

အိမ်မှာ အပျိုကြီးနဲ့ အတူ[illegible]တာ အတော်တော့ 'နား' အမွကြဲစည်ခံရတာ တော်တော် မလွယ်ပါလားလို့။



လက်ဖက်ရည်ဆိုင် ရောက်တော့လည်း လက်ဖက်ရည်ဆိုင် [illegible] အလျှူခံမဏ္ဍာပ်ကနေ ဥပဿကာတစ်ဦးက မိုက်ကရိုဖုန်းကို [illegible]တာ မချဘဲ တရားဓမ္မတွေကို တရားဟောဆရာတော် ဘုန်းကြီး [illegible] ဟောဖို့တောင် မကျန်တော့သလိုမျိုး အပီအပြင် ဆောင်းဘောက် [illegible] ဘောလုံးမြင့်ရင်း အားပေးနေတာ မီးပျက်သွားလို့သာ တော်သေး [illegible]

ဘယ့်နှယ် လက်ဖက်ရည်တောင် ဇိမ်ခံမသောက်နိုင်တော့ [illegible]သလိုမျိုး ဖြစ်နေရတာ။ အခုမှ ဇိမ်ကျကျ သောက်ရတော့မယ်။

'ခေါင်း··· ရှာလိုက်ရတာကွာ'

သုတ်သီးသုတ်ပျာပုံစံမျိုးနဲ့ နဖူးပြင်ကချွေးတွေကို လက်နဲ့ [illegible]သုတ်ရင်း ဂျက်လှမြင့်က ရောက်ချလာပါတယ်။ ဂျက်လှမြင့်လို့ [illegible]ညေ်တွင်တဲ့ အတိုင်းပါပဲ။ ဘေးနားက ခုံကို ဆတ်ခနဲ ဆွဲယူပြီးထိုင်။ [illegible]ဖက်ရည် အကြမ်းပန်းကန်လုံးကိုယူ ရေနွေးကိုငှဲ့တာ ဘာမြန်သလဲ [illegible]နေနဲ့။

'ဂျက်လှမြင့်··· ဘာတွေ ဖြစ်လာပြန်ပြီလဲ'

'ဘာဖြစ်ရမှာလဲ··· ခေါင်းရ၊ သရဲကွာ ညက ဘောလုံးပွဲ [illegible]ကြည့်တာ သူ့အသင်းရှုံးတာကို တခြားအသင်း အားပေးတဲ့သူကို [illegible]သေနာရှာတာ တော်သေးတာပေါ့ကွာ၊ ဘာမှမဖြစ်လို့

ဂျက်လှမြင့်စကားကို နားထောင်နေတဲ့ ခေါင်းက [illegible] [illegible]ပါ [illegible]တယ်။ သရဲနဲ့သူက ငယ်ပေါင်းကြင်ငယ်ချင်းတွေဆိုတော့ တစ် [illegible] အကြောင်း တစ် [illegible] ကောင်း သိနေလို့ပါ။

'ဒါကတော့··· သူ့ဗီဇနဲ့သူပေါ့ကွာ၊ သရဲကို··· ရွှေခေါင်း

www.burmeseclassic.com



သရဲတို့အိမ်မှာ ညဘက် သရဲကားဗီဒီယို အခွေငှားပြီး ကြည့်နေတုန်း သရဲရဲ့အမေက ဗိုက်နာပြီး ဆေးရုံမှာဒီကောင့်ကိုမွေးလို့ သရဲလို့ နာမည် ပွင့်တာ၊ ဒါကြောင့်ဒီ... ဒီကောင် အကြောက်အလန့်မရှိ စွာတာ ဘာတယ်တော့... အဲဒီလို စွာတာမျိုးက နေရာတကာတိုင်း မကောင်း ဘူး'

'နေဦး... ဓောင်း၊ မင်း... စကား နားထောင်ရတာနဲ့ ဝါ လက်ဖက်ရည်တောင် မမှာရသေးဘူး၊ လက်ဖက်ရည် မှာလိုက်ဦးမယ်'

'ပုံမှန်... ရှယ်တစ်ခွက်ဟေ့'

ဂျက်လှမြင့်က လက်ဖက်ရည်တစ်ခွက် လှမ်းမှာလိုက်ပါ တယ်။ လက်ဖက်ရည်ဆိုင်ရှင် ကိုမြသီးက လူရှင်းနေလို့ သူကိုယ်တိုင် ဖျော်ပြီး သူကိုယ်တိုင် လာချပေးပါတယ်။

'ကောင်းတယ်... ဓောင်းရ၊ မင်းတို့... ဘဝပဲအေးချမ်းတယ် ဘာ... အခက်အခဲ ပြဿနာမှ မရှိဘူး၊ မိသားစု အိမ်ထောင်တာဝန် မထမ်းရတော့ အခုလို လက်ဖက်ရည် အေးအေးဆေးဆေး သောက် လိုက် သွားလိုက်လာလိုက်ပေါ့ကွာ၊ တို့များတော့ကွာ ဆိုင်လခ၊ ကလေး တွေ ကျောင်းစရိတ်၊ ဟိုဘက်ဒီဘက် ဆွေမျိုးတွေ ပေးရကမ်းရ ထောက်ပံ့ရတဲ့ ကိစ္စတွေနဲ့ရှုပ်ပြီး ပြဿနာတွေ လုံးလည်ချာလည်လိုက် နေတော့တာပဲ'

အရေးထဲ ကြုံကြိုက်တိုက်ဆိုင်စွာနဲ့ ကိုမြသီးက သူ ခံစား ချက်တွေကို အပီရင်ဖွင့်နေပါတယ်။ ဒါကို ဓောင်းက ကိုမြသီးကို ကြည့်ပြီး ပြုံးလိုက်ပါတယ်။

'ကိုမြသီး... အစ်ကို့မှာ ပြဿနာ ဘယ်လောက်ရှိလဲ၊ စာရွက်



[illegible]စာရွက်ပေါ်မှာ အစ်ကို့ရဲ့အခက်အခဲပြဿနာတွေ ချရေးကြည့်ပါလား'

'ဟာ... ဘယ်ဖြစ်မလဲ၊ ပြဿနာတွေက များတော့ ဘယ်က [illegible] ဘယ်လို စဉ်းစားရမှန်းမသိ ဖြစ်ကုန်မှာပေါ့'

ဓောင်းက ကိုမြသီးကိုကြည့်ပြီး အားရပါးရ ရယ်ပါတယ်။

'ဓောင်း... မင်း ဘာကို သဘောကျပြီး ရယ်တာလဲကွ'

'ကိုမြသီးကို... ကျွန်တော် သာဓကတစ်ခုပြောပြမယ်၊ တစ် [illegible] နယူးယောခ်မြို့မှာရှိတဲ့ ဆရာဝန်တစ်ယောက်ဆီကို လူနာတစ် ယောက် ရောက်လာတယ်၊ သူ့မှာ ပြဿနာတွေက သောင်းခြောက် ထောင် ဖြစ်နေလို့ ရှင်းမရ ဖြစ်နေတယ်ဆိုပြီး ဆရာဝန်ရဲ့ကော်လံ အင်္ကျီစကိုဆွဲပြီးပြောရော၊ ဆရာဝန်က ကော်လံအင်္ကျီစ ဆွဲထားတာကို လွှတ်ခိုင်းပြီး ပြဿနာကင်းတဲ့လူတွေ ရှိတဲ့နေရာကို ပြမယ်လို့ပြော တော့ အဲဒီလူက လွှတ်ပေးတယ်၊ အဲဒီလူကလည်း ဆရာဝန်ပြောတဲ့ ပြဿနာကင်းတဲ့ နေရာကိုပြပါ၊ အမြန်သွားမယ်လို့ ပြောတော့ ဆရာ ဝန်က ဒီနေရာနဲ့ သိပ်မဝေးဘူး လာလိုက်ခဲ့ဆိုပြီး သုသာန်သင်္ချိုင်းတစ်ခု ကို ခေါ်သွားတယ်၊ မြေပုံတွေ အုတ်ဂူတွေကို ဆရာဝန်က လက်ညှိုး ထိုးပြရင်း ဒီမှာရှိတဲ့ လူတွေကတော့ ဘာပြဿနာမှ မရှိဘူးလို့ ပြော တော့မှ အဲဒီလူက သဘောပေါက်သွားတယ်၊ ဒီတော့... ကိုမြသီး ရယ် လူတွေရှိမှတော့ ပြဿနာဆိုတာ ရှိမှာပဲ၊ အေးအေးဆေးဆေး ဖြေရှင်းပါ'

ဂျက်လှမြင့်က ဓောင်းကို တော်တော်အထင်ကြီးသွား[illegible] စကားကို အကွက်ကျကျ ရှင်းပြတတ်တာ ဓောင်းရဲ့အကျင့်[illegible]

'ဓောင်းရေ... မင်းပြောတာကတော့ ဟုတ်နေတာပဲ အေး

www.burmeseclassic.com

www.burmeseclassic.com



ကွာ… ငါလည်း အေးအေးဆေးဆေး ပြဿနာတွေကိုဖြေရှင်းတဲ့ နည်း လမ်းရှာဦးမယ်’

တိုမြသီးက ‘လက်ဖက်ရည်ကောင်တာ ရှိရာကို ထွက်သွား ပါတယ်။ အဲဒီအချိန်မှာပဲ မီးပျက်တာ ပြန်လင်းလာလို့ လက်ဖက်ရည် ဆိုင်ရဲ့ အလှူခံမဏ္ဍာပ်ကနေ ဥပသကာရဲ့ တရားခမ္မသံတွေက ပြန်လည်လွှင့်ပျံလာလို့ ခေါင်းခများ လက်ဖက်ရည် မြန်မြန်သောက်ရင်း က ဂျက်လုမြင့်ကို အချက်ပေးရင်း လက်ဖက်ရည်ဆိုင်ထဲကနေ ခပ် သုတ်သုတ် ထွက်လာခဲ့ပါတယ်။

အလှူခံမဏ္ဍာပ်ထဲမှာတော့ ‘သာဓု’တွေက လှိုင်ဘောလည် အောင် ပျံ့လွှင့်နေဆဲ ရှိပါသေးတယ်။

◆

ဘဝဆိုတဲ့

တန်းကျော် ပြေးပွဲပြိုင်ပွဲမှာ

လူတွေအားလုံး ပြိုင်ပွဲဝင်တွေပါပဲ။

ပထမ၊ ဒုတိယ၊ တတိယရဖို့

ပြေးနေကြတာ

အဲဒီအထဲမှာ

ခင်ဗျားကော ကျွန်တော်ကော စုံလို့

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)

အန်တီသင်းတစ်ယောက် ငြိမ်လှချည်လားလို့ ဘယ်ဟုတ်မလဲ၊ သူ့စာအုပ်စင်မှာ ရှိနေတဲ့ စာအုပ်တွေကို သူ့ဘာသာသူ ညီနေတာကို ဟိုပြန်စီ ဒီပြန်စီနဲ့ အလုပ်တွေ ရှုပ်နေလိုက်တာဆိုတာ အပျိုကြီးတွေများ အလုပ်မရှိ အလုပ်ရှာလုပ်တတ်တယ်လို့ ဓောင်းက အန်တီသင်းကိုကြည့်ရင်း တွေးနေမိတယ်။ စာအုပ်တစ်အုပ်ကို ဆွဲယူလိုက် ကြက်မွေးနဲ့သုတ်လိုက်ပြီးတော့ စာအုပ်မျက်နှာဖုံးကို ကိုယ့်ရည်းစားဟောင်း ဓာတ်ပုံအလား ကြည့်လိုက်နှင့် လောကကြီးမှာ သူနဲ့စာအုပ်တွေပဲ ရှိနေတဲ့အတိုင်းပါပဲ။

သေချာတာက အဲဒီ စာအုပ်တွေကို ဖတ်။ အဲဒီ စာအုပ်တွေထဲက စကားလုံးတွေကို အလွတ်ကျက်ပြီး ဥပမာတွေပေး ပေးတတ်တာကို ဓောင်းက စိတ်အညစ်ဆုံးပဲ။

'အန်တီသင်း... အန်တီသင်းရေ...'

အိမ်ရှေ့ကနေ အော်သံကြားလို့ ဓောင်းသာမက အန်တီသင်းကပါ ပြိုင်တူလှမ်းကြည့်တော့ ဂျက်လှမြင့် ဖြစ်နေပါတယ်။ သူ့ပုံစံကြည့်ရတာ ကိစ္စတစ်ခုခုရှိလို့ ဖြစ်ပုံရပါတယ်။



'ဂျက်လှမြင့်... ဘာကိစ္စလဲကွဲ့'

အန်တီသင်းက ကြက်မွေးနဲ့ ဖုန်သုတ်လက်စ စာအုပ်ကို စင်ပေါ်မှာ ညီညီညာညာ ထားလိုက်ရင်းက မေးပါတယ်။

'ကျွန်တော်... စာအုပ်တစ်အုပ် ငှားချင်လို့ အရေးကြီးလို့ပါ'

ဂျက်လှမြင့် စကားကြားရတော့ 'ဓောင်း' အံ့အားသင့်သွားတယ်။ ဒီကောင့်အကြောင်း ကောင်းကောင်းသိတာပေါ့။ ဘယ်တုန်းကမှ စာမဖတ်၊ ပေမဖတ်၊ သတင်းစာတောင် မဖတ်တဲ့ဟာ ဘာအတွက်ရှိလို့ အန်တီသင်းဆီက စာအုပ်ငှားသလဲလို့။

'စာအုပ်ငှားတာ အရေးမကြီးဘူး၊ တချို့က ငှားပြီး ပြန်မပေးဘာတို့ ပျောက်ပစ်တာတို့ လုပ်တတ်တယ်၊ ရှားပါးစာအုပ်တွေဆိုရင် ပြီးရောပဲ၊ လူတွေက စာအုပ်သာငှားတာ စာအုပ်ကို တန်းဖိုးထားရမယ့် စိတ်ဓာတ်မျိုး မရှိကြဘူး၊ အဲဒီလို စိတ်ဓာတ်မျိုးတွေ များလာရင် တိုင်းပြည်မှာ လူညံ့တွေဖြစ်လာဖို့များတယ်'

ဂျက်လှမြင့်... တော့ အန်တီသင်းကို မီးထိုးပေးလိုက်ပြီလို့။ အရင်ကတည်း... ပြောချင်ချင်နဲ့ဟာ အခုတော့ ပြောခွက်တွေ့လို့ အန်တီသင်း ...ဝက်ကော် ကျေနပ်သွားပုံရတယ်။

'ကျွန်တော်... ဖတ်ဖို့ မဟုတ်ပါဘူး'

'ဟဲ့... ဒါဆို ဘယ်သူဖတ်ဖို့လဲ'

'ဆေးရုံတက်နေတဲ့ ကျွန်တော့် ဦးလေး ဖတ်ဖို့ပါ'

'ဪ... ရောဂါက ပြင်းတယ်ထင်တယ်၊ ဒီတော့... ဆေးရုံတက်နေစဉ်အသက်ရှုပ်စဉ်ကာလ သတိသံဝေဂရအောင် အန်တီသင်း ဦးဓောတိက စာအုပ် ပေးဖတ်နိုင်းလိုက်မယ် ဘယ်နှယ်လဲ...'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အန်တီသင်းကလည်း ကျွန်တော်ရဲ့ဦးလေးရဲ့ရောဂါက အဲဒီလောက် မဆိုးသေးဘူး၊ အူကျလို့ ခွဲထားရတာ စိတ်ကြည်အောင်လို့ ဟာသစာအုပ် မရှိဘူးလား'

'ဂျက်လှမြင့်ရယ်… စောစောက ပြောပါရောလား၊ နင်… စာအုပ် လာငှားတာက မောင်ကောင်းထိုက်ရဲ့ ဟာသစာအုပ်ထဲကလို ဖြစ်နေပြီ'

ဂျက်လှမြင်ကတော့ လုပ်ချလိုက်ပြီလို့ စကားကို သူက ရှင်းရှင်းမပြော။ ဟိုကလည်း ပြောချင်ရာပြော ဟုတ်တော့ဟုတ်နေပြီလို့။

'ရော့… ဟောဒီ နိုင်ငံတကာ ဟာသစာအုပ်ကို ပေးလိုက်ရယ်ရင်း မောရင်း အသက်ရှည်လိမ့်မယ်'

အန်တီသင်းက စာအုပ်စင်ကနေ စာအုပ်တစ်အုပ် ဆွဲထုတ်ယူပြီး ဂျက်လှမြင့်ကို ပေးလိုက်ပါတယ်။

'ဟာသဆိုတာ… တစ်မျိုးတော့ကောင်းတယ်၊ လူဟာ… ရယ်မောနေရင် အကုသိုလ်စိတ်ကင်းတယ်၊ ဒီတော့… အကုသိုလ်စိတ် ကင်းချင်တယ်ဆိုရင် ဟာသရယ်စရာများများကို စာပဲဖတ်ဖတ် ရုပ်ရှင် ဗီဒီယိုပဲကြည့်ကြည့် လုပ်သင့်တယ်၊ သြော်… နေဦး၊ မင်းနဲ့… အန်တီသင်းရဲ့တူလေးအတွက် ကော်ဖီမစ် သွားဖျော်လိုက်ဦးမယ်'

အန်တီသင်းရဲ့ ခွင်ထဲတော့ ဝင်ပြီလို့။ အရင်ကတည်းကစကား သိပ်ပြောချင်နေတဲ့ အန်တီသင်းတစ်ယောက် အခု ဂျက်လှမြင့် လာမှပဲ သူပြောချင်တာတွေ ပြောရမှာဆိုတော့ အတင်းကို ကော်ဖီမစ် တိုက်ပြီး တစ်ဖက်လူ နားထောင်ချင်မှန်းမသိ မထောင်ချင်မှန်းမသိ



ပြောတော့မယ်။

အရေးထဲ ခေါင်းကိုပါ အမှုတွဲဆွဲထည့်ပြီလို့။

အဲဒါ ဂျက်လှမြင့်ကြောင့် ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နေလို့မရတော့ဘူး၊ သူတို့ အမှုတွဲထဲ ကိုယ်ပါပါပြီ။

'ဂျက်လှမြင့်ရာ… မင်းကလည်းကွာ ငါ့ အခေါ်အကြောင်းသိသားနဲ့၊ ဟော… ကိုရီးယား ဇာတ်လမ်းတွဲထက်ကို ရှည်တော့မှာ'

'မတတ်နိုင်ဘူးဗျာ၊ ငါ့… ဦးလေးကလည်း ဆေးရုံမှာ နည်းနည်းကြာဦးမှာဆိုတော့ ငါ့ကို စာအုပ်လေး ဘာလေးဖတ်ချင်တယ်ပြောလို့ပေါ့'

ဂျက်လှမြင့်နဲ့ 'ခေါင်း' စကားပြောနေတုန်းမှာပဲ အန်တီသင်းက ကော်ဖီခွက်နှစ်ခွက်ဖျော်ပြီး ယူလာပါတယ်။ ပြီတော့ တစ်ယောက်တစ်ခွက်စီ လက်ကမ်းပေးလိုက်ပြီး ခေါင်းနဲ့ ဂျက်လှမြင့်တို့ဘေးနားကခုံမှာ ဝင်ထိုင်ပါတယ်။

'အင်း… ဂျက်လှမြင့်ရဲ့ ဦးလေး ဆေးရုံတက်ရတယ်ဆိုမှ အန်တီသင်း… သွားစဉ်းစားမိတယ်'

'ဘာ… စဉ်းစားမိတာလဲ အန်တီသင်းရဲ့'

ဂျက်လှမြင့်ကတော့ စားကောင်းသောက်ကောင်းအောင် ပို့ပြန်ပြီလို့။

'ဒီလိုလေ… လူဟာ တိုးတက်ကြီးပွားဖို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးအတွက်ပဲဖြစ်ဖြစ် ဘဝမှာ ကိုယ့်ရဲ့ ရုပ်တည်ရှင်သန်ဖို့အတွက် တန်းကျော်ပြေးပွဲပြိုင်ပွဲ ဝင်သလို ယှဉ်ပြိုင်နေကြရတာ တချို့တွေကျတော့လည်း ဆုတွေဘာတွေ ရလိုရ၊ တချို့ကျတော့လည်း တန်းကို

www.burmeseclassic.com

www.burmeseclassic.com



ခလုပ်တိုက်မိလို့ ပြိုင်ပွဲက ထွက်ရနဲ့၊ လူဘဝရဲ့… တန်းကျော်ပြိုင်ပွဲကြီးက မောလိုက်တာကွယ်'

'ဟုတ်တာပေါ့… အန်တီသင်းရဲ့၊ အခု… ကျွန်တော်လည်း တန်းကျော်ပြိုင်ပွဲဝင်မယ့် ဦးလေးဆီ သွားပြောလိုက်ဦးမယ်၊ သူက တော့ ချက်ချင်း ဝင်လို့ရဦးမှာ မဟုတ်သေးဘူး၊ နေကောင်းမှ သူ့ကို ပြိုင်ပွဲဝင်ခိုင်းဦးမယ်'

'ဟဲ့… ဂျက်လှမြင့်၊ ဂျက်လှမြင့်၊ ဒီကောင်လေးနဲ့ကွယ် ဒီက အဟုတ်အတည်ပြောတာ ရယ်စရာ လုပ်သွားသေးတယ်၊ ခေတ် ကာလ ကလေးတွေနဲ့ ခက်လိုက်တာဆိုတာ'

တော်တော်လည်တဲ့ ဂျက်လှမြင့် ကော်ဖီခွက်ကို အမြန်ကုန် အောင်သောက်ပြီး အန်တီသင်းရဲ့ စကားကို နားထောင်မလိုလို့နဲ့ ဖြတ် ချရင်းက ပွဲကိုဖြတ်တာ အန်တီသင်းခမျာ ပါးစပ်က ပွစိပွစိပြောရင်း ကျန်ရစ်ခဲ့ပါတယ်။

ဘယ်ရမလဲ။ 'ဓောင်း' ကလည်း သောက်လက်စ ကော်ဖီခွက် ကို ချထားပြီး မသိမသာ အိမ်ထဲကနေ လစ်ထွက်တော့တာပေါ့။ နို့မို့ စကားလုံးတွေက ကိုယ့်ဆီ ဦးတည်တော့မှာ။

♦

မေးခွန်းတွေဆိုတာ
လူတိုင်း အသက်ရှည်စရာ
အာဟာရမေးခွန်းတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ဦးလေးဦးမောင်သန်းပါးစပ်က အလိုမကျလို့ ဖျစ်တောက်၊ ဖျစ်တောက်နဲ့ ပြောနေတာ မနက် ဟင်းချက်တဲ့ အချိန်ကစလို့ မနက်စာ ထမင်းစားပြီးတဲ့ အချိန်ထိအောင်ပါပဲ။ မနက် ကြက်သားဟင်းချက်ဖို့ ကြားသားခုတ်တော့ ဓားမက တုံးနေတော့ ခရီးကမတွင်။ ဒီကြားထဲက ဓားမကိုသွေးရလို့ အချိန်ကကြာ။ ပေါင်းအိုးနဲ့ ဟင်းချက်မယ်လုပ်ကာမှ မီးကပျက်။ မီးသွေးမီးဖိုမွေးရ ဟင်းချက်ရနဲ့ဆိုတော့ လူပျို့ကြီးပီပီ ဦးမောင်သန်းက ဂဏှိဂဏျောင် နိုင်တော့တာပါပဲ။

အိမ်မှာ ဟင်းချက်ပေးမယ့် မိမြင့်ရှိပေမယ့် ဦးမောင်သန်းက ကြက်သားဟင်းဆို သူ့ဘာသူ ချက်ရမှ စိတ်တိုင်းကျတာဆိုတော့ သူ့ပြဿနာ သူ ရှာလို့ သရဲက ကြက်သားဟင်းနဲ့ ထမင်း အားပေးနေတုန်းကတောင် တွေးမိသေးရဲ့။

ပြောမယ့်သာ ပြောတာ ဦးလေးဦးမောင်သန်းချက်တဲ့ ကြက်သားဟင်းက တကယ့်ရှယ်ပဲ။



ဒါကြောင့် လမ်းထဲမှာ ကာလသားတွေ တန်ဆောင်တိုင်...ပြည့်ကျော် တစ်ရက်နေ့တို့ ဟက်ပီနယူးယီးယားတို့ ဘာတို့ဆိုရင် ...မင်းဟင်းချက်စားတိုင်း ဦးလေးဦးမောင်သန်းက ကြက်သားနဲ့ ဘူးသီး...ိုင်ခံချက်ပေးရတာ။

ဒါကြောင့် အရပ်ထဲမှာ 'ကြက် ဦးမောင်သန်း' ဆိုပြီး နာမည်...ွင်လို့ လူကြားလို့ မကောင်းပါဘူးဆိုပြီး ခေါ်တာကို မနည်းတား...ားရတာ။

အခုလည်း ဦးလေးဦးမောင်သန်းတစ်ယောက် အိမ်ပေါက်ဝမှာ ...ိုင်ရင်းက ဆေးပေါ့လိပ်ဖွာရင်း လမ်းမဖက်ကို ဘာတွေတွေးပြီး ကြည့်နေသလဲမသိ။

◆

'ပေဟားဒီက ဓားတွေ၊ ဓားတို၊ ဓားရှည်၊ ဓားမ အစုံပါ...ယ်၊ ဘာပြတ်သလဲ ထက်သလဲ မမေးနဲ့'

သရဲတို့ခြံရှေ့မှာ ဓားရောင်းသူက ဓားတွေထမ်းပြီး အော်...ောင်းနေပါတယ်။

'ဓားသည်… လာဦးဟေ့'

ဦးလေးဦးမောင်သန်းက ထိုင်ရာကနေ လှမ်းခေါ်လိုက်ပါ...ယ်။

'ခြံတံခါး စေ့ထားတယ်၊ တွန်းပြီး ဝင်လာလိုက်'

ဦးမောင်သန်းက ထိုင်ရာကနေ မထဘဲပြောရင်းက ဆေး...ိုက်ကို ဘေးနားချထားလိုက်တယ်။ ဓားရောင်းတဲ့သူက ဓားတွေ

www.burmeseclassic.com



ဝါးလုံးမှာ ချိတ်ဆွဲထားတာကိုထမ်းရင်း ခြံထဲဝင်လာပါတယ်။

'သရဲ'ကတော့ ဓားရောင်းတဲ့သူက ဓားတွေကို ပစ်ချလိုက်တဲ့ အသံကြောင့် သွေးတောင်ကြိမ်းမတတ် ဖြစ်သွားပါတယ်။

'ဓားချည်းပဲ… ရောင်းတာလား၊ ဓားတွေ ဘာတွေ မသွေးဘူးလား'

'ကျွန်တော်… ရောင်းတဲ့ဓားတွေက သွေးစရာမလိုဘူး၊ ဘာ ခုပ်ခုပ် တိခနဲ ပြတ်ပြီးသားပဲ'

'အပြောကတော့… တော်တော် ကောင်းတာပဲ၊ ဓားရဲ့သံက ကော ကောင်းရဲ့လား'

'ဟ… ဒါတော့ မပြောနဲ့၊ နှစ်တစ်ရာသံနဲ့ လုပ်ထားတာ'

'ဒါဆို… သံက ဆွေးမှာပေါ့'

'ဘယ်သိ… ဆွေးရမှာလဲ၊ သံက မာသမှ ဒေါင်ဒေါင်မြည် နေတာ'

'ပန်းပဲဖိုမှာ မီးကော ကောင်းကောင်းပေးရဲ့လား'

'မီးပေးတာကတော့… ပြောမနေနဲ့၊ ဒီဓားတွေဖြစ်ဖို့ အာ တို့လို ခွန်အားကောင်းကောင်း ပန်းပဲဆရာနှစ်ဦးလောက်က တစ်လုံ စိတ်တူနဲ့ထုရတာ'

ဓားရောင်းတဲ့သူနဲ့ ဦးလေးဦးမောင်သန်း ဒိုင်ယာလော့ အဖြေ အင်တာဗျူးကတော့ အင်တာဗျူးမေးကောင်းတဲ့ CNN သတင် ဌာနက'လာရီကင်း'နဲ့ နင်လားငါလားပဲ'

'ဒီဓားတွေက… ဘယ်နယ်ကလဲ'

ဦးလေးဦးမောင်သန်းက ဓားတွေကို ဟိုရွေးလိုက် ဒီရွေးလိုက်



ရွေးရင်း ဓားတွေကို ဆွကိုင်လိုက်နဲ့ ဟန်ရေးပြရင်းက မေးပါတယ်။

'မန္တလေးအထက်… ရွှေဘိုကလာတာ၊ ဦးအောင်ဇေယျ ..သောင်းမင်းတရားကြီး လက်ထက်က ဓားလုပ်လာခဲ့တဲ့ အဆက် ..ယ်တွေက မျိုးရိုးဂုဏ် မပျောက်အောင် ထိန်းသိမ်းပြီး ဒီလုပ်ငန်းကို ..ပ်လာတာ ဒီနေ့အထိပဲ'

'ဟောဒီ… ဓားမက ဘယ်လောက်လဲ'

'သုံးထောင်ပါ…'

'မလျှော့တော့ဘူးလား…'

'ပစ္စည်းကောင်းတော့… မလျှော့ဘူး'

'မလျှော့တာက… ကိစ္စမရှိဘူး၊ ဓားမက… ဝယ်ပြီးမှ ..ကောက်ဘူး၊ သံမကောင်းဘူးဆို ဘယ်လို လုပ်မလဲ'

'ဒါတော့… စိတ်ချ၊ ရော့ကြည့်…'

'ချွင်… ချလွမ်…'

ကောက်ခါငင်ကာ ဆိုသလို ဓားရောင်းသူက ဓားမနှစ်ချောင်း ကို ယူလိုက်ပြီး ဓားတစ်ချောင်းစီ လက်ဘယ်ညာကိုင်ပြီး ခုတ်ပြကာ 'သရဲ'အဖို့ ကြက်သီးတောင် ထလာပါတယ်။ မီးပွင့်တွေက လက်ခနဲ ..က်ခနဲ ထွက်နေပါတယ်။

'ဒီမှာ… ဓားမက ပိန့်သွားပါလား၊ ခင်ဗျား… ပြောတော့ ..ဓားတွေက သံကောင်းတယ်ဆို'

ဓားမနှစ်လက်ကို စမ်းပြပြီး ခုတ်ပြတဲ့ ဓားရော.. .. ဦးမောင်သန်းစကားကြောင့် ဘာပြန်ပြောရမှန်းမသိ။ သူ .. ..ဓားမနှစ်လက်လုံးက အသားတွေပဲ့ပြီး ပိန့်ကုန်လို့ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မပူနဲ့… ဒီမှာ ထပ်ကြည့်'

'ချွင်… ချွင်… ချလွမ်… ချလွမ်…'

ဓားရောင်းတဲ့သူက ဓားမနှစ်လက်ကို ကိုင်ပြီး ထပ်စမ်းပြပ တယ်။ မီးပွင့်တွေက အားပြင်းလို့လား မသိ။ ပိုထွက်လာပါတယ်

'ဟွင်း… အာနိုးလိုလူမျိုး နှစ်ယောက်က ပန်းပဲဖိုမှာ ထုတ ဆို၊ ခင်ဗျားဟာက… ဘယ်လိုဖြစ်တာလဲ၊ ဓားမနှစ်ချောင်းက ပဲ့ပြ ပြီ'

ဦးမောင်သန်းက ဓားရောင်းသူလက်ထဲက ဓားမနှစ်လက် ကြည့်ပြီး ပြောပြန်ပါတယ်။

'ဩော်… ဒါလား ရတယ်၊ ဟောကြည့်…'

'ချွင်… ချွင်… ချလွမ်…'

ဓားရောင်းတဲ့သူက နဖူးပြင်မှာ ထွက်နေတဲ့ ချွေးတွေ မသုတ်အားဘဲ နောက်ထပ် ဓားမနှစ်ချောင်းကိုယူပြီး ထပ်စမ်းပြ တယ်။ သရဲကတော့ ဓားချင်းထိသံတွေက ပြင်းလွန်းလို့ ကြက်သီးမေ ထ သွားတွေကျိမ်းနဲ့ နေမထိ ထိုင်မသာ ဖြစ်လာပါတယ်။

ဓားရောင်းသူက သူ့စကားနဲ့သူ ဓားတွေက ကျိုးကုန်လို့ မျ နှာကပျက်ရင်း ဒေါသဖြစ်နေပုံရပါတယ်။

'ဘယ်မှာလဲ… နှစ်တစ်ရာသံဆို၊ ခင်ဗျားရဲ့ဓားက တ ချက်ပဲ ခုတ်ရတယ်၊ ကျိုးပါကောလား'

ဓားရောင်းသူခမျာ ဘာပြန်ပြောရမှန်း မသိအောင်ဘဲ သူစမ် တဲ့ ဓားမတွေကလည်း အသားတွေပဲ့၊ ဓားရိုးတွေကျွတ်၊ သံတွေက ကုန်လို့ ထပ်စမ်းပြဖို့က ဓားရှည်နဲ့ ဓားတိုတွေပဲ ကျန်ပါတော့တယ

'သရဲ'စဉ်းစားနေမိရင်းက ရင်တုန်ပန်းတုန်တောင် ဖြစ်လာပါ တယ်။ မတော်လို့များ ဓားရောင်းတဲ့သူက ဒေါသထွက်ပြီး နီးရာဓားနဲ့ ကောက်ခုပ်ရင် ပွဲက ပြီးပြီလို့။

'ကဲပါ… အစ်ကိုကြီးရယ်၊ ထပ်လည်း စမ်းပြမနေပါနဲ့တော့၊ တော်ကြာ… ဓားတွေ ထပ်ကျိုးဦးမယ်၊ ဓားမ… အသစ်ရမှ တစ်ခါ သာပြန်ရောင်း'

'ဘယ်လိုဖြစ်လို့… ဓားတွေက ကျိုးလည်း မသိပါဘူးကွာ'

သရဲစကားကို ဓားရောင်းတဲ့သူကပြန်ဖြေရင်းမှ သူ့ရဲ့ ဓားတွေ ကို ဝါးလုံးမှာ ပြန်ချိတ်နေပါတယ်။

'နောက်ထပ်… နှစ်နှစ်ရာသံနဲ့ လုပ်တဲ့ ဓားမနဲ့ကြရင်ကြည့်'

'ကောင်းပါ့ဗျာ… ဩော်… ဟော့… ဦးအောင်ဖေျလက် ထက်က ဓားလုပ်တဲ့ အဆက်အနွယ်တွေပဲ လုပ်နိုင်းဦးနော်'

အရေးထဲ ဓားရောင်းသူက သွားမလို့ လုပ်ခါနီး ပြောလိုက် တာကို ဦးလေးဦးမောင်သန်းက သွား…လိုဖြစ်အောင် ကလိလိုက်ပါ သေးတယ်။

ဓားသည်က ကျိုးကုန်ပဲ့ကုန် ဖြစ်နေတဲ့ သူ့ရဲ့ ဓားမတွေကို မ်းနည်းသတ နှမြောစွာကြည့်ရင်း ခြံထဲကနေ စိတ်ပျက်တဲ့ ခြေလှမ်း တွေနဲ့ ထွက်သွားပါတယ်။

'လေးလေးကလည်းဗျာ… ရစ်လွန်းတယ်၊ ဓားကို… ဝယ် ချင်ဝယ်၊ မဝယ်ချင်မဝယ်နဲ့ပေါ့၊ အင်တာဗျူးတွေ မေးလိုမေး လေးသည် ခံချင်လာအောင် စိတ်ကို ဆွမပေးနဲ့၊ ကျွန်တော့်မှာ… ဓားတွေခင်း ပြနေတဲ့ ဓားရောင်းတဲ့သူက ဒေါသဖြစ်ပြီး လေးလေးကို ခုတ်နဲ့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



အချိန် ထခုတ်မလဲ စိုးရိမ်နေရတာ။

ဘေးနားမှာ ချထားတဲ့ ဆေးပေါ့လိပ်ကိုသောက်ဖို့ ဟန်ပြင်နေတဲ့ ဦးမောင်သန်းကို သရဲက ပြစ်တင်စကား ဆိုလိုက်ပါတယ်။

'ငါ့တူ… သရဲ၊ မင်း… ဘာသိလဲ၊ ဟော… ငါက မေးခွန်းတွေ မမေးဘဲ သူပေးတဲ့ ဓားမကိုယူပြီး ဝယ်ကြည့်ပါလား၊ အင်မိသွားမှာပေါ့၊ ဒီမှာ… ငါ့တူ၊ မှတ်ထား လောကကြီးမှာ မေးသင့်မေးထိုက်တဲ့ မေးခွန်းတွေကို မေးကိုမေးရတယ်ကွ၊ ဒါမှ… လုပ်သင့်လုပ်ထိုက်တာ ပြင်သင့်ပြင်ဆင်သင့်တာ ပြင်လို့ရတယ်၊ အခု… အဖြစ်အပျက် သာဓကကို မင်း မြင်တယ် မဟုတ်လား၊ ဘဝမှာ… ဒီထက်မကဟာတွေ မင်းကြုံလာတဲ့အခါ သဘောပေါက်လိမ့်မယ်'

ဦးလေးဦးမောင်သန်းက ဘာမှ ဆက်မပြောရတော့ဘဲ ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာနေပါတယ်။

ဦးလေး ဦးမောင်သန်း ပြောသွားတဲ့ စကားလုံးတွေကို 'သရဲ' တွေးကြည့်တော့ ဟုတ်သလိုလိုတော့ ရှိသားလို့။

ဒါနဲ့များ ဘယ်လိုဖြစ်လို့ ဦးလေးဦးမောင်သန်း လူပျိုကြီးဖြစ်ရသလဲဆိုတာက ကာယကံရှင်ကိုတော့ သူ့ခံစားချက်တွေ မေးရဦးမယ်လို့။

♦

လှုတ်လှုပ်နေတဲ့

လူငယ်တွေရဲ့ လက်တွေထဲမှာ

မမြင်ရတဲ့ အိပ်မက်စိတ်ကူးတွေ

ပေါ်လိုက်တာ။

ဒီလိုပဲ

ခြားနားပုန်ကန်ချင်တဲ့

"အကန့်" စိတ်ဓာတ်တွေကလည်း

လူငယ်ရှိသရွေ့ တည်မြဲနေဆဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ရပ်ကွက်ထဲက ဓမ္မာရုံဗုဒ္ဓပူဇနိယ ပွဲတော်က ကျင်းပဖို့ရက်က နည်းလာပြီ။ ရပ်ကွက်ထဲ... အလှူခံမဏ္ဍပ်ထိုးပြီးတော့ အလှူတောင်ခံပြီးပြီ။ အခုထိ ဓမ္မာရုံဂေါပကလူကြီး ဦးကြိုင်က ရေညှိတွေတက်နေတဲ့ ဓမ္မာရုံအဆောက်အဦး ...တစ်ခုလုံးကို ထုံးတို့ ဆေးမသုတ်သေးဘူး။

ရပ်ကွက်ထဲကလည်း အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မကျေနပ်လို့ တစ်စွန်းတစ်စနဲ့ ပြောသံဆိုသံတွေ ကြားရပါတယ်။ ခက်တာက ရပ်ကွက်ထဲမှာက ကိုယ့်အလုပ်တွေနဲ့ကိုယ်ဆိုတော့ တော်ရုံတန်ရုံလူ အလုပ်ပျက် အကိုင်ပျက်ဖြစ်မှာဆိုတော့ ဓမ္မာရုံလူကြီး တော်ရုံတန်ရုံက မလုပ်ချင်ကြဘူး။

ဒီတော့ ဓမ္မာရုံလူကြီး ဦးကြိုင် အကြိုက်ဖြစ်နေတာပါပဲ ပဋ္ဌာန်းပွဲ အလှူခံကိစ္စတွေ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ တန်ဆောင်တိုင် ကထိန်အလှူနဲ့ ပတ်သက်လို့ အလှူခံရတာတွေက စာရင်းမရှိ အင်းမ



ဖြစ်နေတာကြာပြီ။ သိပ် ရုပ်ပျက်ဆင်းပျက်မဖြစ်လို့ ရပ်ကွက်သူ ရပ်ကွက်သားများက မသိချင်ယောင်ဆောင်နေရကြတာ။ ဦးကြိုင်အရှိ သိပ်ဟုတ်လို့ ထင်တော်မူနေပါရဲ့။

ဓမ္မာရုံနဲ့ မနီးမဝေးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်လေ့ထိုင်ထရှိတဲ့ ဓောင်းတို့၊ သရဲတို့အုပ်စုက ကိုယ်ငယ်ငယ်လေးကတည်းက ဘာသာတရားနဲ့ပတ်သက်ပြီး အဘိုးအဘွားတွေက ဓမ္မာရုံကို ဥပုသ်နေ့တွေ သီလယူတိုင်းခေါ်သွားလေ့ရှိတော့ ဓမ္မာရုံကို မြတ်နိုးတွယ်တာ ခင်တာ သူတို့ ငယ်ငယ်တုန်းကလိုမျိုး မဟုတ်တော့ နည်းနည်းတော့ ယခုလက်ရှိ ဓမ္မာရုံအဆောက်အဦး သွင်ပြင်ပုံသဏ္ဌာန်ကို ကြည့်ပြီး ရင်ထဲမကောင်း ဖြစ်နေကြတယ်။

ဒါကလည်း ရပ်ကွက်ဓမ္မာရုံ ဖြစ်တည်လာဖို့ ချစ်စရာကောင်းတဲ့ ဓလေ့ရှိခဲ့လို့ပါ။ ဟိုးတုန်းက ရပ်ကွက်ထဲမှာ ဓမ္မာရုံမရှိတော့ ဆိပ်ဝေးဝေးမှာရှိတဲ့ ဘုန်းကြီးကျောင်းတိုက်တွေမှာ ဥပုသ်သီတင်းသီလ ဆောက်တည်ကြရတယ်။

ဒါကြောင့် ရပ်ကွက်သူ ရပ်ကွက်သားတွေက ယာယီတဲသာသာ အဆောက်အဦးလေးဆောက်ပြီး ဥပုသ်နေ့တွေမှာ ဆရာတော်တွေဆီက သီလယူကြရတယ်။ နောက်တော့ နေ့စဉ် ရပ်ကွက်ထဲမှာရှိတဲ့ အိမ်တွေမှာ ဆန်လက်တစ်ဆုပ်စီ အလှူခံတယ်။ ရလာတဲ့ ဆန်တွေကို နေ့စဉ် ရွေးရောင်းပြီး ပိုက်ဆံကိုစု ဒီလိုနဲ့ နှစ်တွေကြာလာတော့ သစ်သားဆောင် ဓမ္မာရုံ။ နောက်တော့ အုတ်နဲ့ဘာနဲ့ ယခုလက်ရှိ ဓမ္မာရုံကြီးဖြစ်လာတာ။ အစဉ်အလာကောင်းနဲ့ သဒ္ဓါတောင်ရှုလို့ 'လက်တစ်ဆုပ် ဓမ္မာရုံ' ဆိုပြီး နာမည်တွင်နေတာ။ ဦးကြိုင် ချောက်

www.burmeseclassic.com



လူကြီးလုပ်တော့မှ မှိန်သလိုဖြစ်ရမယ့် ကိန်းဆိုက်နေပြီ။

'ဒီအတိုင်းဆို… ဒီနှစ် ဓမ္မာရုံပွဲကတော့ တုံချမ်းချမ်း ဖြ တော့မှာပဲ'

သရဲက ဓမ္မာရုံဘက်ကို လှမ်းကြည့်ရင်း ပြောလိုက်တော ဖောင်းက…

'မနှစ်ကကော ဘာထူးလဲ၊ ပြောတော့… ဆိုင်းဝိုင်းကော ကောင်းငှားမယ်ပြောပြီး ဓမ္မာရုံပွဲမှာ လာတီးတဲ့ဆိုင်းက လူလေး မ စလောက်နဲ့ ဆိုတာကော တီးတာကော လူရွှင်တော်ပြတ်လုံးတွေ မရယ်ရဘဲနဲ့ပြောတော့… လေးငါးခုနှစ်သိန်းပေးရတယ်ဆိုပြီး ခပ်ညံ့ ဆိုင်းကို ငှားလာ၊ ဦးကြိုင်အိမ် အဲဒါလည်းပြီးရော နောက်ဖေး မီး ချောင် အုတ်ပတ်ကားဖြစ်ပါရောလား။

ဂျက်လှမြင့်နဲ့ ပုတိုက ဘာမှမပြောဘဲ လက်ဖက်ရည်ကိုသ သောက်နေပါတယ်။



'ပုတို… ဟိုမှာ မင်း ဦးလေး ဆာလာအိတ် လား၊ ဘာတွေ သုတ် သုတ်ပျာဖြစ်နေလဲ မသိဘူး

ဂျက်လှမြင့်က သုတ်သ သုတ်ပျာနဲ့ လက်ဖက်ရည် ဆိုင်ကိုလာနေတဲ့ပုတိုဦးလေ ကို လက်ညှိုးထိုးပြပြီး ပြေ လိုက်ပါတယ်။

'ငါ… ဦးလေးတော့ကွာ၊ ဘာမှ… မယ်မယ်ရရ လုပ်တာ တ်ဘူး၊ ဟိုလိုလို ဒီလိုလိုနဲ့ ဗိုက်ဆာရင် အိမ်လာမယ်၊ စားပြီး အိပ်မယ်၊ ဓမ္မာရုံလူကြီး ဦးကြိုင်နဲ့တွဲပြီး ဦးကြိုင်ခိုင်းသမျှ လျှောက် နေတာ၊ အလကား ပိုက်ဆံရတာလည်း မဟုတ်ဘူး'

ပုတိုက သူ့ဆီလာနေတဲ့ သူ့ဦးလေးကို ကြည့်ရင်း သူ့ဦးလေး ဒြပ် ချီးမွမ်းခန်းတွေကို ဖွင့်နေပါတယ်။

'ပုတိုရာ… ငါ့ကို ကူစမ်းပါဦး'

'ဦးလေးကလည်းဗျာ… ဘာတွေ ဖြစ်လာလို့လဲ'

ရောက်ရောက်ချင်း ဆိုသလို ပုတိုဦးလေး ဆာလာအိတ်က ဝင်ထိုင် စီးကရက်တစ်လိပ်ကို ကောက်ယူပြီး မီးညှိလိုက်ပါတယ်။

'ဓမ္မာရုံပွဲတော်က… နီးနေပြီ၊ ဆိုင်းဝိုင်းကလည်း ဆိုကရေး ရွှေတံဆိပ်ငါးဆု ဆိုင်းဆရာရဲ့ဝိုင်း အားလုံး အိုကေ၊ ခက်နေတာ ဓမ္မာရုံအဆောက်အဦး ဆေးသုတ်မယ့် ကိစ္စပဲကွာ၊ ဥက္ကဋ္ဌဦးကြိုင် ကြီးလည်း ခေါင်းစားနေတယ်၊ ဈေးတွေက မတရားတောင်းတော့ နေတယ်၊ ဦးကြိုင်ကြီးလည်း သနားပါရဲ့ကွာ၊ ကိုယ့်… ထမင်း ယ်စားပြီး ခေါင်းခြောက်နေတယ်၊ အဲဒါ… ပုတို မင်းတို့ အသိထဲမှာ ဆေးသုတ်မယ့်သူ မရှိဘူးလား'

ပုတိုရဲ့ ဦးလေးက တကယ့်ကို အလုပ်ကြီးအကိုင်ကြီး လုပ် သလိုမျိုး သောကတွေ ခံစားနေတဲ့ပုံစံနဲ့ ပြောနေပါတယ်။

'ဖောင်း'က စကားနားထောင်နေရင်းက ပြုံးလိုက်ပါတယ်။

'ဒီအတွက်… မပူနဲ့ ဦးလေး၊ ကျွန်တော်တို့အဖွဲ့ ဆေးသုတ် ပေးမယ်၊ အားလုံး… စိတ်တိုင်းကျစေရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆော… ဟုတ်ပါ့မလား'

ခေါင်း စကားကြောင့် သရဲကော ပုတိုကော ဂျက်လှမြင့် သာစတ ပုတိုဦးလေးကပါ မယုံသင်္ကာဖြစ်သွားပါတယ်။ သူငယ်ချင်း တွေကလည်း 'ခေါင်း'ဘယ်လိုကြောင့် ပြောသလဲဆိုတာ ဝေခွဲမရ ဖြစ်နေပါတယ်။

'ဒါဆို… ညနေကျရင် မှော်ရုံကို လာခဲ့၊ ငါ… ဦးကြိုင်ကို သွားပြောထားမယ်'

ပုတိုတို့ဦးလေး ဆာလာအိတ်က ဆိုင်ထဲကနေ ထွက်သွားပါ တယ်။

'ဟေ့ကောင်…ခေါင်း၊ မင်း…ဘာတွေ လျှောက်လုပ်တာလဲ'

'ဦးကြိုင်ကို… ပညာပြန်ပေးရမယ် သရဲရေ၊ ညနေ… မင်း စောင့်ကြည့်၊ မင်းတို့… နှစ်ယောက်ကလည်း ငါပြောတဲ့အတိုင်းလုပ်၊ ဦးကြိုင်ရာ သနားတယ်၊ အဲဒီလောက်နဲ့ တက်မလာနဲ့'

ခေါင်းက ပြုံးလိုက်ပါတယ်။

သေချာတာကတော့ သူ့အပြုံးက အဓိပ္ပါယ်တစ်ခု သက် ရောက်နေတယ်ဆိုတာပါပဲ။

'ငါက… ဆေးမသုတ်တတ်ဘူးကွ'

လိမ့်ကျရင် ဘယ်လိုလုပ်မလဲ။

ဂျက်လှမြင့်က စိုးရိမ်စကား ဆိုပါတယ်။

'ဒါတွေ… မပူပါနဲ့ကွာ၊ အမြဲတမ်း… မှော်ရုံငွေတွေ မသိ မသာ ကိုယ်ကျိုးသုံးတဲ့ ဦးကြိုင်ကို ငါ ဘယ်လိုပညာပေးမလဲဆိုတာ စောင့်ကြည့်'





'ခေါင်း ပြောတာ ဟုတ်တယ်၊ ဒီကောင့်မှာ… ဘယ်လို အကြံရှိတယ်ဆိုတာ ငါသိတယ်၊ ခေါင်းလိုကောင် မျိုးက ပိုင်မှလုပ်တာ'

သရဲက မှော်ရုံဖက် ဆီသို့လှမ်းကြည့်နေပါတယ်။ ဂျက်လှမြင့်နဲ့ ပုတိုကတော့ ဘာဆိုဘာမှ သေသေချာချာ နေရာရွာမသိလို့ ခေါင်းစားလို့ သား မသိ။

သက်ပြင်းတွေကို မှုတ်ထုတ်နေပါတယ်။

♦

'မင်းတို့… လေးယောက်က ဒီမှော်ရုံကို ဆေးသုတ်မယ်ဆို တော့ နှစ်ရက်နဲ့ ပြီးပါ့မလား'

မှော်ရုံထဲမှာ ဦးကြိုင်၊ ပုတိုဦးလေး ဆာလာအိတ်၊ သရဲ၊ ပုတိုနှင့် ဂျက်လှမြင့်တို့ ဝိုင်းဖွဲ့ထိုင်ရင်း ဦးကြိုင်က မေး လိုက်ပါတယ်။

'ပြီးကာပေါ့… ဦးလေးရ၊ ဦးလေးက… ဘယ် [illegible] သုံးမှာလဲ'

ခေါင်းက မေးလိုက်တော့ ဦးကြိုင်က…

'ဆေးက… နည်းနည်းပဲပေါ့ကွာ၊ ထုံးများများနဲ့ရော ခိုးရွာရင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရေညှိတက်မှာဆိုတော့ ထုံးများတာပဲ ကောင်းတယ်ဟ့ . . .'

ဦးကြိုင်ကတော့ လုပ်ပြီလို့။ ကုန်ကျငွေကို တင်ပြီး ဈေးပေါ ပေါနဲ့ သူ့အတွက်ကျန်အောင် ပွင်ဆင်ပြီလို့။

'ရပါတယ် . . . ကျွန်တော်တို့ ကောင်းအောင် ကြည့်လုပ်ပေး မှာပေါ့၊ ဒါနဲ့ . . . ဦးကြိုင်က ဘယ်လောက်ပေးမှာလဲ'

ဖောင်းက မွှာရုံထဲ လှည့်ပတ်ကြည့်ရင်း မေးလိုက်တယ်။

'ငါးသောင်းပေးမယ်ကွာ၊ ထုံးတို့ဘာတို့ လိုသလောက်ပြော'

ဦးကြိုင်ထပ်ပြီး ဆေးသုတ်ခကို အိပ်ထဲထည့်ပြန်ပြီလို့။

အပြင်မှာ သည်လောက် အဆောက်အဦးဆို လက်ခအနည်း ဆုံး နှစ်သိန်းလောက် ရှိတာ။

'ဦးကြိုင်ကိုတော့ ပြောရမယ်၊ ကျွန်တော်တို့က အလုပ်လုပ် တယ်ဆိုတော့ စရန်ငွေယူပြီး စာချုပ်စာတမ်းလက်မှတ်နဲ့မှ ကောင်းတာ ကျွန်တော်တို့ဘက်ကပျက်ကွက်ရင် ဦးကြိုင်ကို ကျွန်တော်တို့က စရန် ငွေသုံးဆ ပြန်ပေးရသလို ဦးကြိုင်ဘက်ကလည်း ကျွန်တော်တို့ အလုပ် ပြီးရင် စာချုပ်စာတမ်းထဲကအတိုင်း ကျန်ငွေပေးဖို့ပါ၊ ဒါက . . . အလုပ် သဘောပေါ့'

'ဖောင်းရာ . . . စာချုပ်ဝယ်ရင် ပိုက်ဆံကုန်မှာပေါ့၊ ဒီလိုလုပ် လျှောက်လွှာစာရွက်နှစ်ရွက်ဝယ်ပြီး နှစ်ဦးနှစ်ဘက် လက်မှတ်ထိုးတာ ပေါ့'

ကိုယ့်ပိုက်ဆံ မဟုတ်တာတောင် တော်တော် ကပ်စေးနဲတဲ့ ဦးကြိုင်လို့။

နောက်ဆုံးတော့ ဖောင်းတို့အဖွဲ့နှင့် ဦးကြိုင်ရယ် ပုတိုဦးလေး



[illegible]အိတ်တို့ လျှောက်လွှာစာရွက်မှာ လက်မှတ်တွေ ထိုးကြပါတယ်၊ [illegible]ငွေ နှစ်သောင်း ရပါတယ်။

'ဖောင်းရာ . . . ငါတို့ကို အသေးစိတ် ပြောပါဦး'

စည်ဘီယာဆိုင်ရောက်တော့ သရဲက မေးပါတယ်။

'သရဲကော . . . ပုတိုနဲ့ ဂျက်လှမြင့်ပါ အခု တို့ ဆေးသုတ်တဲ့ [illegible]မှာ ဦးကြိုင်ကို ပညာပေးချင်လို့ဆိုတာ ဘယ်သူ့ကိုမှ လျှောက် [illegible]ပြောနဲ့၊ ငါလုပ်တဲ့အစီအစဉ်ကို မင်းတို့ ဘာမှမသိဘူး မဟုတ်လား'

'မသိဘူးလေကွာ . . . ဒီလောက် ဆေးသုတ်တာလေးများ [illegible] စာချုပ်တွေ ဘာတွေနဲ့ တော်တော် ကြီးကျယ်နေလို့ဟ'

သရဲက စည်ဘီယာ တစ်ကျိုက်မော့ချလိုက်ပြီး ဖောင်းကို ပြောပါတယ်။

'အဲဒီ . . . စာချုပ် ချုပ်တာက ဦးကြိုင်ကို ပညာပေးချင်တဲ့ [illegible]ကြောင့်ပဲ၊ ငါ . . . ဖတ်ဖူးတဲ့ ရှုရှားဟာသတစ်ပုဒ် ထဲကလိုမျိုး [illegible]ထည့်သွားလို့ဟ'

'ဘာတွေလည်း . . . ဖောင်းရာ၊ ရှုပ်နေတာပဲ'

ဂျက်လှမြင့်က ခေါင်းကို ကုပ်ရင်းမှ ဘီယာတစ်ခွက်လုံးကုန် [illegible] မော့ချလိုက်ပါတယ်။

'ဂျက်လှမြင့် . . . မနက်ဖြန် မနက်ကစပြီး ဆေးသုတ်ရမှာဆို [illegible] မင်းတို့ အိမ်နားက မီးရုံးက ဦးသိန်းဆီမှာရှိတဲ့ [illegible] ကြီး [illegible]အား၊ ဆေးသုတ်ဖို့ ဟာတွေက ငါ့အိမ်မှာရှိတယ်'

'နေစမ်းပါဦး . . . ဖောင်းရာ၊ အဲဒါတွေ . . . [illegible] [illegible] . . . ဘာကြောင့် ဒီလိုလုပ်တာလဲဆိုတာ ငါသိချင်တယ်'

www.burmeseclassic.com



ပုတိုက သိလိုဇောအားကြီး ဖြစ်နေပါတယ်။ ဟုတ်တော့
လည်း ဟုတ်တာပေါ့။ အခုထက်ထိ ရေရေရာရာ ဘာမှမသိသေးလို့ပါ
'ဒီလိုဟေ့..' ဒီလို... ××××××××× ×××××× ××××
×××× ×××× ×××× ×××× ×××× '

ဓောင်းက သူ့ အစီအစဉ် ရှင်းပြတဲ့ စကားအဆုံးမှာ အားလုံး
ရဲ့ မျက်နှာတွေ ပြုံးသွားရင်းက သောက်လက်စ ကုန်လက်စ ဘီယာ
ဖန်ခွက်တွေကို ပြိုင်တူမြှောက်ပြီး ချီးယားစ်လို့ အော်တဲ့သံတွေက
တစ်ဆိုင်လုံး ဆူညံသွားပါတော့မယ်။

♦

ဓောင်းနဲ့ သရဲတို့အုပ်စု ဓမ္မာရုံဆေးသုတ်နေတာကို မိဘ
မျိုးသားချင်းတွေကတော့ လမ်းသူလမ်းသားတွေကတောင် အံ့အားသ
နေကြတယ်။ တစ်ခါဖူးမှ ဒီလိုအလုပ်တွေမလုပ်ဖူးတာကြောင့် နည်း
နည်း ထူးဆန်းနေလို့ပါ။



ဓောင်းနဲ့ သရဲတို့အုပ်
ကတော့ သူတို့အကြံနဲ့သူတို့မို့ ဘ
ကိုမှ ဂရုမစိုက်ဘဲ ဓမ္မာရုံညာဘ
ခြမ်းကိုသာ ထုံးသုတ်နေပါတယ်
မနက်ကတည်းက ထုံးသုတ်
တာ ညနေလည်းရောက်ရော ဓ
ရုံညာဖက် တစ်ခြမ်းလုံး ထုံးသု
ပြီးသွားပါပြီ။



'နက်ဖြန်ခါတော့... တွေ့ပြီဟေ့'

ဓောင်းက ဓမ္မာရုံရေကန်မှာ ရေချိုးရင်းက ပြုံးပြီးပြောလိုက်ပါ
တယ်။ ကျန်သုံးယောက်ကလည်း ဘာမှမပြောဘဲ ဆေးသုတ်ထားတဲ့
ညာဘက်ခြမ်းကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေကြပါတယ်။

♦

'ဦးလေး... ကျွန်တော်တို့တာဝန် ဆေးသုတ်တာပြီးပြီ၊ ဒီမှာ
လက်မှတ်ထိုးထားတဲ့စာရွက် ကျန်တဲ့ပိုက်ဆံပေးပါ'

နောက်တစ်နေ့မှာ ဓောင်းက လက်ထဲမှာကိုင်ထားတဲ့ စာရွက်
ကို ဦးကြိုင်ကို ပြပါတယ်။

'နေပါဦးကွာ... မင်းတို့ ဆေးသုတ်တာ ဘယ်မှာပြီးသေးလို့
လဲ၊ ငါ... ကြည့်ပြီးပြီ၊ ဓမ္မာရုံ ညာဘက်တစ်ခြမ်းပဲ ပြီးသေးတာ'

ဦးကြိုင်က ထုံးသုတ်ထားတဲ့ ဓမ္မာရုံ ညာဘက်အခြမ်းကို
ထပ်ကြည့်လိုက်ပြန်ပါတယ်။

'ဦးလေးကလည်း... ကျွန်တော်တို့က ကျွန်တော်တို့ ကတိ
အတိုင်း ကျွန်တော်တို့ လုပ်တာပါ'

ဓောင်းက ဦးကြိုင်အင်္ကျီအိတ်ကပ်ထဲက ငွေထောင်တန်အထပ်
လိုက်ကို မသိမသာ အကဲခပ်လိုက်ပါတယ်။

'မဆိုင်တာကွာ... မင်းတို့က ပြီးမှမပြီးသေးတာ၊ ဘယ်လို
လုပ် ပေးလို့ရမှာလဲ'

ဦးကြိုင်တစ်ယောက် နည်းနည်းတော့ စိတ်ကသိကအောက်
ဖြစ်နေပုံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့က ဦးနဲ့ကျွန်တော်တို့ လက်မှတ်ထိုးထားတဲ့ စာရွက်အတိုင်း လုပ်တာပါ၊ ဒီမှာ… သေသေချာချာ ကြည့်ပါ'

ဇောင်းက ဦးကြိုင်ကို စာရွက်ကို သေသေချာချာ ဖြန့်ပြပါတယ်။

'တွေ့တယ်လေကွာ၊ ဒီမှာ… ငါ့လက်မှတ်ရယ်၊ ဆာလာအိတ်လက်ရှတ်ရယ်၊ ဒီဘက်မှာ… မင်းတို့သူငယ်ချင်း လေးယောက်လက်မှတ်လေ၊ အဲဒါ… ဘာဖြစ်လဲ'

'ဦးလေး… အဲဒါ လက်မှတ်ထိုးထားတဲ့ စာရွက်ကို သေသေချာချာ မဖတ်လို့၊ ဒီမှာကြည့်လေ ကျွန်တော်တို့ ဒီမြေရဲ့ ဆေးသုတ်ဖို့ လက်မှတ်ထိုးတုန်းက စာရွက်ထဲမှာ ဘယ်လိုရေးထားသလဲဆိုတာ သဘော မပေါက်ဘူးလား'

'နေပါဦးကွာ… ဘယ်လို ရေးထားလို့လဲ'

ဦးကြိုင်တစ်ယောက် ခေါင်းတော့ နည်းနည်း စားနေပါပြီ။ ဇောင်းက အပီကျပ်နေတာ သူရဲတို့ ပုတိုတို့ ဂျက်လှမြင့်တို့က ဘာမှဝင်မပြောဘဲ ဇောင်းရဲ့ အနေအထားကိုသာ အကဲခတ်နေရကြပါတယ်။

'ဟောဒီ… လက်မှတ်ထိုးထားတဲ့ စာရွက်မှာ ဦးသိအောင် ကျွန်တော် ဖတ်ပြမယ်၊ ဤ… မြေရဲ့ ဆေးသုတ်ဖို့အတွက် ဇောင်းတို့အဖွဲ့မှ တစ်ဖက်၊ ဦးကြိုင်နှင့် ဆာလာအိတ်တို့မှတစ်ဖက် ဝန်ခံကတိပြု လက်မှတ်ထိုးပါသည်၊ တွေ့လား… ဒီတော့ ကျွန်တော်တို့က တစ်ဖက်ပဲ ဆေးသုတ်တာပေါ့၊ ကျွန်တာက ဦးကြိုင်တို့အပိုင်းပဲ၊ ကျွန်တော်



တို့က စာရွက်ထဲက လက်မှတ်ထိုးထားတဲ့အတိုင်းလုပ်တာ ဦးကြိုင် ကျန်တဲ့ငွေမပေးရင် ရ.ယ.ကရုံးမှာ စကားပြောမယ်'

ဇောင်းရဲ့ လေသံက နည်းနည်းမာလာပါတယ်။

ဦးကြိုင်ခမျာလည်း ဘာလုပ်ကို ဘာကိုင်ရမှန်းမသိ။

မျက်နှာ တော်တော်ပျက်နေပြီ။

'တစ်သက်လုံးလုပ်တဲ့ ငါ၊ ဝါးနုက ဝါးရင့်ကို ပတ်တာခံရပြီ၊ မြေရဲ့ပွဲကလည်း နီးလာကော့ ပြဿနာက ပိုရှုပ်မယ်၊ တော်ကြာ… လူပြောစရာတွေ ဖြစ်မယ်၊ ဇောင်းရေ'

ဦးကြိုင်ရဲ့လေသံက တော်တော် ပျော့ပျောင်းသွားပါတယ်။

'ဒီလိုလုပ်ကွာ… မင်းတို့ကို ပေးရမယ့် ငွေသုံးသောင်းကို ပေးမယ်၊ ပြီးတော့… ကျွန်တော့် မြေရဲ့ဘယ်ဘက်ခြမ်းကိုပါ ဆေးသုတ်ပေးဦး၊ ငွေငါးသောင်း အပိုတစ်ခါတည်း ပေးမယ်၊ ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့နော်၊ တော်သေးတာပေါ့ကွာ၊ ဆာလာအိတ် မပါလာလို့၊ အရှက်ကွဲတော့မလို့၊ လာ… လာ… ဦးလေး လက်ဖက်ရည် တိုက်မယ်'

ဦးကြိုင်က ဇောင်းရဲ့လက်ကိုဆွဲပြီး လက်ဖက်ရည်ဆိုင် ထောင်းခေါ်ပါတယ်။

ဇောင်းကကျန်တဲ့ သူငယ်ချင်းသုံးယောက်ကို မျက်စိမှိတ်ပြလိုက်ပါတယ်။ သူငယ်ချင်းတွေလည်း နောက်ကနေ ပြုံးပြုံးကြီး လိုက်ပါလာပါတယ်။

♦

www.burmeseclassic.com

www.burmeseclassic.com



ခေါင်း လက်ဖက်ရည်သောက်နေရင်း စဉ်းစားမိပါတယ်။

လူငယ်ဆိုတာ အမှန်တရားအတွက် တစ်ခါတစ်ရံ နည်းနည်းလေး ပရိုလာယ်ဆင်ရဲတာ လူငယ်ဘဝရဲ့ တန်ဖိုးတစ်ခုပါပဲလို့။

*

ကိုယ့်သွေးရင်းတောင် မယုံရတဲ့
ကမ္ဘာဆန်တဲ့ခေတ်မှာ
လူတစ်ယောက်ကို
ယုံရမယ်ဆိုရင်
ကိုယ့်ရာဇဝင်မှာ
ကိုယ်ဟာ
လူပြိန်းပဲ ဖြစ်ထိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

'တော်တယ်ကွာ ဦးက ဒီဦးကြိုင်ကို ကြည့်မရတာ တော တော်ကြာနေပြီ၊ အချိန်တန် သူ့စရိတ်နဲ့သူ ဧရာသွားရမှာမို့ အသာလေ ကိုယ့်ထမင်းကိုယ်စားပြီး ကြည့်နေတာ၊ ခေါင်းတို့… နှစ်ကျပ်ကွက် ရိုက်လိုက်တာကတော့ ကွက်တိပဲဟေ့'

ဦးလေးဦးမောင်သန်းက ခေါင်းတို့ကိစ္စကို သိသွားလို့ အဲ နပ်ကြီး ကျေနပ်ရင်းက ချီးကျူးစကား ဆိုနေပါတယ်။ ဦးကြိုင်အ လည်း ခေါင်းတို့လုပ်ချက်ကို သိသိကြီးနဲ့ခံရတာ ဘယ်သူမှ လျှော မပြောရဲတာကိုကြည့်ပြီး ခေါင်းတို့ကလည်း အကျေနပ်ကြီး ကျေနပ် ပါတယ်။

'လူမှုရေးလုပ်ငန်း လုပ်တယ်ဆိုတာ ဘာမှ မျှော်လင့်ချ ကိုယ့်အတွက် မထားရဘူးကွ၊ အဲဒီလို မျှော်လင့်ချက် ကိုယ်ကျိုးဆိုးတ ရှိလာပြီဆိုရင် အဲဒီလူရဲ့ လုပ်ဆောင်ချက်ဟာ ဘယ်တော့မှ ရည်ရွ ချက် မရှိတော့ဘူး၊ ဒီတော့… လူမှုရေးလုပ်ငန်းလုပ်မိပြီဆိုရင် လူ လေးစားဖို့၊ ဆုတံဆိပ်တွေရဖို့၊ ဘာတို့ညာတို့ ဆိုရင် အဲဒါ အလကား



ကိုယ့်ရဲ့… စေတနာတန်ဖိုးကိုကြည့်ပြီး လူတွေက ဂုဏ်ပြုကြတာတွေ ပါတယ်ကွာ'

ဦးလေးဦးမောင်သန်းက သက်ပြင်းချလိုက်ပါတယ်။

'ကလင်… ကလင်…'

ဦးလေးဦးမောင်သန်းက သူ့ ဒဿနတွေ အပီပြောနေချိန်မှာ တယ်လီဖုန်းမြည်လာလို့ ကောက်ကိုင်ပါတယ်။ တယ်လီဖုန်းကို ဆောင်နေရင်းမှ ပြုံးလို့နေပါတယ်။ သူ့အပြုံးက တကယ့်ကို ကျေနပ် တဲ့ အပြုံးပါ။

'လေးလေးရဲ့တူ… သရဲရေ၊ မင်းတော့… အလုပ်ရပြီ၊ လေးက မင်းရဲ့ဦးလေး ဦးမင်းသန့်ရဲ့သမီး မေတန်ခူးခင် ဒီမှာ နေမယ်တဲ့၊ ဘွဲ့ရပြီးတော့ MICT PARK မှာ သင်တန်းတက်မလို့တဲ့ အင်း… တူမလေးနဲ့ မတွေ့ရတာတောင် ကြာပြီပဲ'

တယ်လီဖုန်း ချချင်းမှာပဲ ဦးမောင်သန်းက ကောက်ခါငင်ခါ ပြောလိုက်ပါတယ်။

ဒီတစ်ခါ မျက်နှာပျက်သွားသူက သရဲပါပဲ။

'ဒုက္ခပါပဲ… လေးလေးရာ၊ ညီမလေး မေတန်ခူးခင်လာတာ ရှိဘူး၊ ကျွန်တော့်ရဲ့… လွတ်လပ်ခွင့်တွေ ဆုံးရှုံးတော့မှာ သူ့ကို ကျောင်းပို့ကျောင်းကြို လုပ်ရတော့မှာ'

'ဘာဖြစ်လဲကွာ၊ ကိုယ့်နမပဲဟာ၊ မင်းရဲ့ နမလေးအတွက် ဆောင်ရွက်ပေးမယ့်သူတွေက ရှိနေတာပဲ၊ မင်းကို… ခေါင်းတို့ မုတ်ဆိတ် ကျက်လုမြင့်တို့က ညီအစ်ကိုလိုနေတော့ သမီးလေးအဖို့ စိတ်ချရတာ ၊ သဘက်ခါလာမှာတဲ့၊ အဲဒါ… လေယာဉ်ကွင်းလာမှာ သွားကြိုင်း

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှာ မင်းပဲကြိုပေတော့၊ လေးလေးက မင်းညီမနေဖို့ ထိုင်
စီစဉ်ရဦးမယ်'

အောင်းက ထိုင်ရာမှ ထလိုက်ပါတယ်။ ဘာဖြစ်လို့လည်း
သရဲတို့အိမ်မှာ သူ့ညီမဝမ်းကွဲလာမှာဆိုတော့ သူတို့တူဝရီး အေးအေး
ဆေးဆေး စီစဉ်စရာရှိတာ စီစဉ်လို့ရအောင်လို့ ကိုယ်တွေရှိနေ
ကြားနေရာနိုးသဲ့အတွက် ပုတိုနဲ့ ဂျက်လှမြင့်ကို ပြန်ဖို့အချက်ပြလို
ပါတယ်။

'သရဲရေ… ငါ မင်းတို့ လုပ်စရာရှိတာလုပ်၊ ညကျမှ ဆိုင်
ဆုံမယ်'

'ရပါတယ်ကွာ… အေးအေးဆေးဆေးနေပါ၊ ဘာဖြစ်လဲ'

'မနေဘူး… ဟော့ကောင်၊ အိမ်တစ်အိမ်မှာ မိန်းကလေးတ
ယောက် လာနေတာ ဘယ်လောက်အလုပ်ရှုပ်တယ် မှတ်လဲ'

အောင်းက ပြောပြောဆိုဆိုနဲ့ အိမ်ထဲကနေ ထွက်သွားပါတယ်
ပုတိုနဲ့ဂျက်လှမြင့်လည်း နောက်ကနေ လိုက်သွားပါတယ်။

♦

အိမ်ထဲမှာ ကျန်ခဲ့တဲ့ သရဲနဲ့ ဦးမောင်သန်းတို့ နှစ်ယောက်
တော့ မကြာခင်မှာ ရောက်လာမယ့် ဧည့်သည်အတွက် စီစဉ်စရာရှိတ
တွေ စီစဉ်နေတာ အလုပ်ကို ရှုပ်ကုန်တော့တာပါပဲ။

♦



သရဲအဖို့ အခုမှ တော်တော်ညစ်ပြီလို့ ပြောရတော့မယ်၊
…လေးကနေ နှမဝမ်းကွဲ မေတန်ခူးခင် ရောက်လာမှ ဟိုမသွားရ
…သွားရ ဖြစ်နေပါတော့တယ်။ နှမဖြစ်တဲ့ မေတန်ခူးက ကိုရီးယား
…ိုင်မျိုး ခေတ်ဆန်ဆန် ဝတ်စားတတ်ပြီး ရုပ်ကလည်းလှဆိုတော့
…ပြင်ကလေး ခဏထွက်မိပါရဲ့ အပြီအပြင်ငမ်းတဲ့ သကောင့်သား
…တူဂိုက်တူ ဆိုက်တူတွေကလည်း မျက်စိကို လုံးဝ အလွတ်မပေး။
…ကြားထဲ မေတန်ခူးခင် ခြံထဲမှာ ဟိုဟာလုပ် ဒီဟာလုပ်နေတုန်းမှာ
…ကောင် သရဲအလစ်မှာ ခြံအပြင်ဘက်ကနေ စာတွေဘာတွေ ပစ်ပေး
…ကလည်း ခဏခဏ။

ရုပ်ကွက် ဓမ္မာရုံပွဲတော်မှာ ဆိုင်းတီးတဲ့ ညကတော င် ပွဲဈေး
…န်းတောင် မလျှောက်နိုင်းဖြစ်ဘူး။ တော်ကြာ ဟိုလူ ဒီလူကစရင်
…ိုယ်ကလည်း သွေးကြွတော့ မလွယ်ရေးချမလွယ်။

ဒီကြား ထဲ …လေးဦးမောင်သန်းကလေး အခုမှ တူမဖြစ်တဲ့
…တန်ခူးခင်က အိမ်…နေဖို့ ရောက်လာတာဆိုတော့ ဘာပျော်သလဲ
…မေးနဲ့။ သင်တန်းကြို သင်
…န်းပို့ ကိုယ်တိုင်ကားမောင်း
…ပြီး ပို့လို့နေရဲ့။



အ ဒါ တေ့ ကဲ
…ဿနာ မဟုတ်သေးဘူး။
…ခုကကတော့ သရဲခမျာ
…ိုယ်ကြည့်ချင်တဲ့ဘောလုံးပွဲ
…ကောင် သွားမကြည့်နိုင်

www.burmeseclassic.com



လောက်အောင်ကို ဖြစ်ရတာပါပဲ။

ကိုယ့်အိမ်မှာ မိန်းမသားတစ်ယောက် ရှိလာပြီဆိုတော့ အိမ်မှ ဝိုင်းလုပ်တဲ့ မိမြင့်နဲ့ထားလို့ကလည်း စိတ်မချ။ တော်ကြာ ရပ်ကွ ထဲက ကောင်လေးတွေက မိမြင့်ဈေးဝယ်တဲ့အခါ မိမြင့်ကို အယုံသွ လာဘ်ထိုးပြီး အောင်သွယ်လုပ်ရင်တော့ ပွဲကပြီးပြီလို့။ ဒီတော့ သ အဖို့ မျက်ခြေမပြတ် စောင့်ကြည့်ရတာကလည်း အလုပ်တစ်လု ဖြစ်လို့နေပါတယ်။

မေတန်ခူးခင်ကတော့ သရဲတစ်ယောက် ဘာတွေဘယ် ဖြစ်နေတာကို သတိထားသလား မထားသလားတော့ မသိ။ အစ မပျက် အအိပ်မပျက် သီချင်းနားထောင်မပျက် ဗီစီဒီကြည့်မပျက် သင်တန်းတက် မပျက်။

သင်တန်းက သူငယ်ချင်းတွေကို ဖုန်းဆက်မပျက်နဲ့ အလု တော်တော့်ကို ရှုပ်နေပါတယ်။

◆

'မိုးမိုးလွင်… နက်ဖြန် နင် ကျောင်းလာရင် ဂျက်ဆီက အယ်လ်ဘာရဲ့ Awake ခွေယူလာခဲ့နော်၊ နင်မေ့မှာစိုးလို့ ဖုန်းဆက်လို တာ'

ကြည့်ပါဦး။ မေတန်ခူးခင်တစ်ယောက် သူငယ်ချင်းမ ဖုန်းဆက်ပြီး စာအကြောင်း ဘာအကြောင်း မေးမလားမှတ်တယ် အခွေငှားတာ မမေ့ဖို့ မှာတမ်းခြွေနေလေရဲ့။

'ဟဲ့… မေတန်ခူးခင်၊ မန္တလေးက ငါ့နှမရေ၊ ဘယ်နှယ်ဟ



ဘာလေးဘာလေး သူငယ်ချင်း မေးမလားမှတ်တယ်၊ အခွေမယူလာရှာ မီးလို့ အထပ်ထပ်မှာနေတာကိုး၊ မန္တလေးက… ဦးလေးနဲ့အဒေါ်သာ သိရင် ပြီးပြီ'

'အဲဒါ… ခက်တာပဲ ကိုသရဲရဲ့၊ ညီမလေးတို့ သင်တန်းက ဆက်တွေ့လုပ်ရတာ အတန်းပညာလို ကျက်စာတွေ ဘာတွေမှ မဟုတ် အား အေးဆေးပေါ့'

မေတန်ခူးခင်က ကြက်မွေးကို စားပွဲခုံပေါ်က ယူလိုက်ပြီး ခွေကို ဖုန်သုတ်လို့နေပါတယ်။

'အဲဒါက… ကိစ္စမရှိသေးဘူး၊ သင်တန်းမှာ ယောက်ျားလေး တွေနဲ့လည်း သိပ်မရောနဲ့နော်၊ ယောက်ျားဆိုတာမျိုးက ယောက်ျားပဲ၊ အားလုံး ဝိုင်းမြည်းမယ့် သူချည်းပဲ'

'မဆိုင်ပါဘူး ကိုသရဲရယ်၊ သင်တန်းဆိုတာမျိုးက ယောက်ျား လေးကော မိန်းကလေး ကော ရှိတာပဲဟာ၊ ပြော သင့် ပြောထိုက်တာ ရှိရင် တော့ ပြောရမှာပဲပေါ့'



'အေး… ကြပ်ကြပ် ပြော၊ စာ ပေးတဲ့သူတွေ ရည်းစားစက မယ့် သူတွေ တန်းစီ

'မိန်းကလေး ယောက်ကို ဆန့်ကျင်

www.burmeseclassic.com

www.burmeseclassic.com



ဘက် ယောက်ျားသားတစ်ဦးက ရည်းစားစကားပြောတာ သဘာ ကျပါတယ်၊ **သူတို့**… ပြောပိုင်ခွင့်ရှိတာပဲ၊ ဒီလိုပဲ… ညီမလေးတို့ မိန်းမသားတွေကလည်း ငြင်းပယ်ခွင့် ရှိတာပဲဟာ၊ ကိုယ့်စိတ်ကိုယ်သ **အရေးကြီးဆုံးပဲ**'

'အံ့မယ်… ငါ့ကို တစ်ခွန်းမကျန် ပြန်ပြောနေသေးတယ် ဟွန်း…'

သရဲက သူဆုံးမနေတာကို မေတန်ခူးခင်က တစ်ခွန်းမကျ ပြန်ပြောနေလို့ ဆူလိုက်ပြီး ဧည့်ခန်းထဲကနေ ထွက်သွားပါတယ်။

မေတန်ခူးခင်ကတော့ ဘာမှ မဖြစ်လေတဲ့ပုံစံမျိုးနဲ့ ဧည့်ခ ကို ကြက်မွေးတစ်ချောင်းနဲ့ အယ်လ်ဆိုင်းဇီရဲ့သီချင်းကိုဆိုရင်း လော ကြီးမှာ သူမတစ်ယောက်တည်းရှိလေတဲ့ ပုံစံမျိုးနဲ့ သန့်ရှင်းရေးလုပ် တာကို အိမ်တံခါးဝမှာ Dream Bed ခင်းပြီး ထိုင်ရင်းက သတင်း ဖတ်နေတဲ့ ဦးလေးဦးမောင်သန်းက နားထောင်ရင်းက ပြုံးပြုံးဖြ ဖြစ်လို့နေပါရဲ့။

♦

မောင်းတစ်ယောက် သရဲတို့အိမ် လာသာလာရတယ်။ ကောင် ရှိမှရှိပါ့မလား မသိ။ ဘူအိမ်မှာ မန္တလေးက သူ့နှမဝမ်းကွဲတ ယောက် ရောက်နေပြီဆိုတာ သိပြီးပြီ။ မြင်တော့ တစ်ခါဖူးမှ မမြင် သေးဘူး။

သရဲတစ်ယောက် နှမတစ်ယောက်ရောက်လာလို့ နှမ ကိုယ်ရံတော်တစ်ယောက်လို အနားကပ် တစ်ဖဝါးမှမခွာဘဲ စော



ရောက်နေတာ။ တွေ့ဖော်တွေ့ဖက် သူငယ်ချင်းတွေကိုတောင် အိမ်လာ မှာစိုးလို့ အကြောင်းအမျိုးမျိုးပြပြီး ငြင်းနေတာ သူ့နှမဝမ်းကွဲဆိုတာ ဘို ရပ်ကွက်ထဲက ယောက်ျားလေးတွေက စာတွေဘာတွေ ခြံထဲပစ် ထေးတာ။ တယ်လီဖုန်းနဲ့ ရည်းစားစကားပြောတာတွေအားလုံး သိနေလို့ မောင်းက သရဲတစ်ယောက် သဝန်ကြောင်စရာမရှိ ကြောင်နေတာပဲ လို့။

အခုလည်း မောင်းက သရဲအိမ်လာတာ သရဲက ဘယ်လိုပြော ဆေမလဲ မသိ။

မလာလို့ကလည်း မရ။

အိမ်မှာ နက်ဖြန်ခါ ဘုရားကိုးဆူပူဇော်မှာမို့ လာဖိတ်တာ ဆိုတော့ သရဲတစ်ယောက် သဝန်တော့ ကြောင်လေမှာ မဟုတ်ဘူး လို့။

'သရဲရေ… သရဲ…'

မောင်းက အိမ်ထဲဝင်ခါနီး လှမ်းခေါ်လိုက်တာကို ပြန်ထူးသံ မကြားရလို့ ဧည့်ခန်းထဲကိုလှမ်းကြည့်တော့ သူ့ဖို့ သက်တူရွယ်တူ လောက်ရှိမယ့် ကောင်မလေးတစ်ယောက်က မဂ္ဂဇင်းစာအုပ် တစ်အုပ် ဖတ်နေတာကို မြင်လိုက်ရပါတယ်။

မောင်း သိလိုက်ပြီ။

အဲဒီကောင်မလေးက မန္တလေးက သရဲရဲ့နှမပဲ ဖြစ်ရမယ် ဆိုတာ။

'ဘာကိစ္စရှိလို့လဲ…'

အဲဒီကောင်မလေးက မဂ္ဂဇင်းဖတ်နေရာကနေ ခေါင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဓောင်းကို မေးလိုက်ပါတယ်။ ဓောင်းက မသိမသာ အကဲခတ်လိုက် တော့ မန္တလေးက သူလို့ကို မထင်ရဘူး၊ ဝတ်စားထားတာက ရန်ကုန် သူတွေ ဒီမိုင်းအတိုင်းပါပဲ။ ရုပ်ရည်သွင်ပြင်ကြည့်ခြင်းအားဖြင့် သရဲက သူ့နှမကို သဝန်တိုမယ်ဆိုလည်း တိုလောက်တယ်လို့။

'သရဲ… မရှိဘူးလား'

'တိုသရဲ… အပြင်သွားတယ်'

'ဦးလေး… ဦးမောင်သန်းကော ရှိလား'

'ရှိတယ်…'

'ရှိရင် ခေါ်ပေးပါ၊ ဓောင်း… လာတယ်လို့'

မေတန်ခူးခင်က အိမ်အတွင်းဖက်ကို ကြည့်လိုက်ရင်းက…

'လေးလေး… ဒီမှာ ညှော့သည်က လေးလေးကို တွေ့ချင်လို့ တဲ့'

'လာပြီဟေ့…'

အိမ်နောက်ဖေးကနေ ဦးလေးဦးမောင်သန်း တစ်ယောက် ထွက်လာပါတယ်။

'ဟာ… သမီးကလည်း ညေ့သည်ဆိုလို့ ဘယ်သူများမှတ် တယ်၊ အဲဒါ… သရဲရဲ့သူငယ်ချင်း ဓောင်းဟဲ့'

ဦးလေးဦးမောင်သန်းရဲ့ စကားကို မေတန်ခူးခင်က ဘာမှ မပြောဘဲ နေပါတယ်။

'ဘာကိစ္စလဲ… ဓောင်းရဲ့'

'နက်ဖြန်… အိမ်မှာ ဘုရားကိုးဆူရှိလို့ လာဖိတ်တာ၊ ဦးလေး လာခဲ့ရမယ်နော်၊ သရဲကိုလည်း အိမ်မှာ လာကိုင်းလုပ်ပေးပါဦးလို့'



'လာရမှာပေါ့ကွာ… ဦးတို့ ဒီရပ်ကွက်ထဲကို ပြောင်းလာတာ ငါးနှစ်ရှိပြီ၊ ဓောင်းတို့အိမ် အလည်မရောက်ဘူးသေးဘူးဆိုတော့ ဘုရား ကိုးဆူလည်းဖူးရင်း အလည်လည်းလာရင်းပေါ့ကွာ'

'ဒီက… ဦးရဲ့တူမကိုလည်း ခေါ်လာလေ၊ ကျွန်တော်… ဖိတ်ပါတယ်'

ဓောင်းက အနီးအနားမှာရှိတဲ့ မေတန်ခူးခင်ကို လက်ညှိုးထိုး ပြရင်းကပြောတော့ ဦးလေးဦးမောင်သန်းက ပျာပျာသလဲနဲ့…

'ဒါတော့… မလုပ်နဲ့ဟေ့၊ သရဲဆိုတဲ့ကောင်က သူ့နှမဝမ်းကွဲ မေတန်ခူးခင်ကို ဘယ်မှသွားခိုင်းလာခိုင်းတာ မဟုတ်ဘူး၊ ငါ့ကို… ပြဿနာရှာနေပါဦးမယ်ကွာ'

'ရပါတယ်… ဦးရယ်၊ ကဲ… ကျွန်တော် သွားမယ်'

ဓောင်းက နှုတ်ဆက်ပြီး အိမ်ထဲကနေ ပြန်ထွက်လာပါတယ်။

ဘာရယ်တော့မသိ သရဲရဲ့နှမကို မြင်ရတဲ့ခဏမှာ သူ့စိတ် ထဲမှာ တစ်မျိုးကြီး ခံစားရသလိုမျိုး ဖြစ်နေပါတယ်။

◆

အိမ်ရောက်လာတော့တောင် မေတန်ခူးခင်ရဲ့ပုံရိပ်က သူ့မျက်စိ ထဲမှာ မြင်မြင်နေလို့ မနည်းဖျောက်ဖျောက် ပစ်နေရပါသေးတယ်။

◆

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းနဲ့ပတ်သက်ပြီး သူငယ်ချင်းတွေကိုတော့ သတင်းပေးရဦးမယ်လို့ ခေါင်းက ဆုံးဖြတ်လိုက်ပါတယ်။

◆

နားတစ်ဖက်က
သဘာဝရဲ့တေးသံတွေကို
ကြားနေရတယ်။
အခြားနားတစ်ဖက်က
ချစ်သူရဲ့ စကားသံ ကြားနေရပြန်ရော။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

အိမ်ထဲမှာတော့ စကားသံတွေ ဖွန်းသံ၊ ခွက်သံတွေအပြ ဘုရားကိုးဆူဆရာရဲ့ တရားဓမ္မသံတွေက ရောယှက်လို့နေပါတယ် ဦးလေးဦးမောင်သန်းအဖို့တော့ အတော့်ကို ကျေကလည်း ကျေနပ်ခြင် နဲ့အတူ ကိုယ့်ကိုကိုယ်လည်း နောင်တရနေမိပါတယ်။

အဲဒါကတော့ ဇောင်းမှာ သိပ်ချောသိပ်လှတဲ့ အဒေါ်အပျိုကြ တစ်ယောက်ရှိတာ သိရဲ့သားနဲ့ ဘာဖြစ်လို့ အခုမှ လူချင်းတွေ့ပြ စကားပြောဖူးရတာပါလိမ့်လို့။ ဒါတင်မက အချက်အပြုတ် လက်ရ ကလည်း သူ့လိုမျိုး ကျွမ်းကျင်လှချည်ရဲ့လို့ ချီးကျူးမိနေသေးတယ်

ဇောင်းရဲ့အဒေါ် အန်တီသင်းချက်တဲ့ ကြာဇံဟင်းခါးက စား ဘမ္ဘူ လက်ရာတွေထဲမှာ အတော့်ကို ပွဲရှယ်ဖြစ်နေလို့ပါ။

အခုလည်းကြည့်။ ဇောင်းရဲ့အဒေါ်အန်တီသင်းက ဘုရားကိုး လာတဲ့ဧည့်သည်တွေကို နှုတ်ဆက်ဧည့်ခံရင်းနဲ့တောင် ဦးလေး ဦးမော သန်းကို ဧည့်ခံစကားပြောနေတာသာကြည့်တော့။ ဦးလေးဦးမောင်သ မျက်နှာကြီးကလည်း ပြုံးပြုံးပြုံးပြုံးနဲ့ ခေါင်းတဆတ်ဆတ်ညိမ့်နေတ တူဖြစ်တဲ့ သရဲကတောင် အမြင်ကပ်ချင်ချင် ဖြစ်လာပါတယ်။



'ကိုမောင်သန်းက··· စာဖတ်ဝါသနာပါလား'

'ပါတာပေါ့···'

'ဟယ်··· ဟုတ်လား၊ ဘာစာအုပ်တွေ ဖတ်လဲ'

ကောက်ခါငင်ကာဆိုသလို စာဖတ်တာ ဝါသနာပါတဲ့ အန်တီသင်းက ဦးလေးဦးမောင်သန်းကို မေးလိုက်ပါတယ်။

'ဖတ်တာကတော့··· အစုံပဲ မြိုင်ရာဇာတွတ်ပီတို့၊ လေးမွန်သွေးမွန်၊ မောင်မောင်ဇာတို့၊ ကာတွန်းဝိဇ္ဇာရဲ့ တာရာပွကြီးပေါ့ဗျာ၊ ကာတွန်းကတော့··· ကိုပြာလောင်ကို သိပ်ကြိုက်တာ'

'ရှင်···'

အန်တီသင်းရဲ့ အံ့အားသင့်မှုနဲ့အတူ အနီးအနားမှာ ဟိုဟာဒီဟာ ပိုင်းလုပ်ရင်း အကဲခတ်နေတဲ့ ပုတိုက ဦးလေးဦးမောင်သန်းကို ကြည့်ပြီး ရယ်မိလို့ အသံမထွက်အောင် ဘရိတ်အုပ်လိုက်ရပါတယ်။

'ကိုမောင်သန်းကလည်း··· အဲဒါတွေက ကာတွန်းစာအုပ်တွေလေ ကလေးတွေဖတ်တဲ့ဟာ၊ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့··· မသင်းရယ်၊ ကာတွန်းက··· ကလေးတွေဖတ်တာ နည်းနည်းပါ၊ လူကြီးတွေဖတ်တာက ပိုများတယ်၊ ရယ်ရတယ်ဗျ၊ စာကြီးပေကြီး တွေ့ကြတော့ ခေါင်းလေးတယ်၊ ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းတာ ကောင်းပါတယ်ဗျာ'

'ဒါဆို··· ရုပ်ရှင်တွေ ဘာတွေလည်း ကြည့်တာပေါ့'

'ကြည့်တာပေါ့···ကိုရီးယားကားတွေ ဘာတွေဆို သိပ်ကြိုက်တယ် ပြီးတော့··· စိုင်းစိုင်းတို့ ရဲလေးတို့ ဂျေးမီတို့ ဘာတို့လည်း နားထောင်တယ်၊ လူငယ်တွေနဲ့ ခေတ်မီအောင်လို့ပေါ့၊ လူငယ်တွေနဲ့ [illegible]

www.burmeseclassic.com



အခါ အဲဒီလောက်နဲ့ တက်မလာနဲ့လို့ ပြောလို့ရတာပေါ့'

'ဒါဆို... ကျွန်မနဲ့ အကြိုက်တူသွားပြီ'

အန်တီသင်းက သူနဲ့ အကြိုက်တူသူတစ်ဦးတိုးလာလို့ ဝမ်းသ တဲ့ပုံစံမျိုး ဖြစ်သွားပါတယ်။ အနီးအနားမှာရှိနေတဲ့ ပုတိုကတေ တော်ပါသေးရဲ့လို့ ကိုရီးယားဇာတ်ကားတွေ ဟစ်ဟော့သီချင်း ဦးလေးဦးမောင်သန်းကို ကယ်သွားလို့၊ တော်ကြာ မိတ်ပျက်တော့မ ဆိုပြီး သက်ပြင်းချမိပါသေးရဲ့။

ဦးလေးဦးမောင်သန်းရဲ့ အန်တီသင်းတို့နှစ်ယောက် အ ရင်းနှီးကြပြီး ရင်းရင်းနှီးနှီး စကားပြောနေတာကို မြင်ရလို့ အ တွေရှုပ်နေတဲ့ ခေါင်း တစ်ယောက်ကတော့ သူ့အိမ်မှာ ဘုရားကိုး ပူဇော်ပွဲလုပ်တာ 'သရဲ'ရဲ့ ဦးလေးဦးမောင်သန်းအတွက်များ ဖြစ် ပြီလားလို့ ကောက်ချက်တွေ ဆွဲနေမိပါသေးတယ်။

◆

'ခေါင်း... မင်းကတော့ သရဲနဲ့ အမျိုးတော်ရတော့မ ထင်တယ်'

ခေါင်းတို့အိမ်မှာ ဘုရားကိုးဆူ ပူဇော်ပွဲလုပ်ပြီးနောက် တစ် ညနေ လက်ဖက်ရည်ဆိုင် ထိုင်နေတုန်း ပုတိုက ပြောချလိုက်တာ ခေါင်းက ဘာမှမပြောဘဲ ငြိမ်နေပါတယ်။ ဒါကို ဂျက်လှမြင့် ဘာမှမသိသေးလို့ ဇဝေဇဝါ ဖြစ်နေပါတယ်။

'ပုတို... ဘယ်လိုဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ... ဂျက်လှမြင့်ရ၊ ခေါင်းက... သူ့အိ



တွက် သရဲကိုဖိတ်တယ်၊ သရဲဦးလေး... လူပျိုကြီးဦးမောင် လာတယ်၊ အဲဒီမှာ... ခေါင်းရဲ့အဒေါ် အပျိုကြီး အန်တီသင်းနဲ့ တူနှမ်တူ လေတွေဘာတွေပေးနဲ့၊ ဒီထဲကွာ သရဲဦးလေး လွဲတာ တော့ ပြောမနေနဲ့တော့'

အဲဒီ ဘုရားကိုးဆူညက ဖြစ်ကြောင်းကုန်စင်ကို ပုတိုက သည်ချပါတော့တယ်။ ဂျက်လှမြင့် မပြောနဲ့ ခေါင်းတောင် နိုင်ဘဲ ရယ်မိပါသေးတယ်။

'သရဲဆိုတဲ့ ကောင်ကတော့ကွာ၊ သူ့နှမ ရောက်လာကတည်း ငါတို့နဲ့တောင် အခင်အမင် ပျက်ချင်လာပြီ၊ သူ့နှမ... ငါတို့ မယ့်အတိုင်းပဲ၊ ငါ့မှာ... ဒီကောင့်ဆီသွားတိုင်း ဒီကောင်က ကို နှင်လွှတ်တာ၊ ငါ့သိက္ခာကို ဒီကောင် စော်ကားသလို နေတယ်၊ ဘာဖြစ်လဲ... ကမ္ဘာပေါ်မှာလည်း ရှိတာပဲ၊ သူငယ်ချင်း ညီမနဲ့ သူငယ်ချင်း ညားတာတွေ လက်ညှိုးထိုး မလွဲဘူး'

ဂျက်လှမြင့်က ပေါက်ကွဲပြီး ပြောဆိုနေတာကို ကြည့်ပြီး ခေါင်းက ပြုံးလိုက်ပါတယ်။ ဒါကို ဂျက်လှမြင့်က သတိထားမိသွား ပါတယ်။

'ဟေ့ကောင်... ခေါင်း၊ မင်း... ဘာပြုံးတာလဲ'

'သရဲက... သူ့နှမ ဝမ်းကွဲအတွက် သဝန်တို ယ်ဆိုလည်း ိုလောက်ပါဘူးကွာ၊ သူ့နှမက လှတာကိုးကွ၊ အစ်ကို အနေနဲ့ ဒီလောက်တော့ သဝန်တိုသင့်ပါတယ်ကွာ၊ မင်းတို့ ပေးလိုက်ပါ'

'ဒါတော့... ငါနဲ့ သရဲနဲ့က ကွာသွားပြီ၊ ငါ့ တော့...

www.burmeseclassic.com



ကောင်လေးတွေက မသိမသာ လာလာပြီး အိမ်ရှေ့မှာ စက်ဘီးနဲ့တ
မျိုး ဟိုအိမ်ရှာ ဒီအိမ်ရှာသလိုလိုနဲ့ လာလာပြီး မသိမသာရှိတ်တ
ငါက… အိမ်ရှေ့တန်းလျားမှာ ထိုင်နေရင် သူတို့ ဒုက္ခရောက်မှာစိုး
မသိမသာ လူငယ်သဘာဝကို နားလည်စွာနဲ့ ရှောင်ပေးတာ၊ သရဲ
ငါ့လိုမျိုး သဘောထားကြီးရမှာ။

ပုတိုက သူ့စကားကိုသူ ဂုဏ်ယူစွာနဲ့ ဖြစ်နေတာကို ဂျက်
မြင့်က အံ့အားတသင့် ကြည့်နေလိုက်ပါတယ်။

'အေး… မင်းသဘောတွေ လွှတ်ကောင်း၊ တော်ကြာ…
အာပလာကောင်ကို မင်းယောက်ဖ တော်နေရလိမ့်မယ်၊ ဖိတ်ချင်းဖိတ်
ကိုယ့်အိတ်ထဲကိုယ် ဖိတ်တာမဟုတ်ဘူး၊ ဂျက်လှမြင့်မှာလည်း ချ
တတ်တဲ့ အသည်းနှလုံး ရှိပါတယ်၊ အကြင်နာတွေ အပြည့်ပါပဲကွ'

'ဒါကတော့… ငါနဲ့ မဆိုင်ဘူး ဂျက်လှမြင့်၊ ငါ့နှမနဲ့သာလျှ
သက်ဆိုင်တယ်၊ တစ်သက်တာလက်တွဲရမယ့် ဘဝခရီးဖော် သူ့ဘာသာ
သူ ရွေးချယ်ပလေ့စေ။ သူ့အနာဂတ်သူ ဖန်တီးရမှာ၊ ငါ… ဝင်ပါစရာ
မလိုဘူး၊ ဒါက… ငါ့ခံယူချက်ပဲ'

ဖောင်း နည်းနည်းတော့ စိတ်ညစ်သွားပါတယ်။ ဘယ်က
ဘယ်လို သရဲအကြောင်းကစလို့ အချစ်အဘိဓမ္မာ၊ နှမအဘိဓမ္မာတွေ
စကားတွေက ဖြစ်ကုန်ပြီလဲလို့။

ဖောင်းစိတ်ထဲက ကျိတ်ပြီး မွေးသမိခင်နဲ့ မွေးသဖခင်ကို
ကျေးဇူးအခါခါ တင်နေမိပါတယ်။ ဘာဖြစ်လို့လည်းဆို သမီးမိန်းက
လေး မမွေးပေးခဲ့တဲ့အတွက် ဘယ်သူမှ နောက်စရာမလို ပြောစရာ
မလိုလို့ပါ။



နှိုမိုဆို အခုလို စကားဝိုင်းမှာ ဖောင်းသာ နှမ အစ်မ ရှိကြည့်
ရင် သူငယ်ချင်းတွေ နှုတ်အရသာခံဖို့ မြည်းစရာဖြစ်ပြီ။

ဒီအတွက် Thank You အဖေနဲ့အမေလို့ ပြောရမတတ်ပါပဲ။

♦

ခြံတံခါးကို ဦးလေးဦးမောင်သန်းက တွန်းဖွင့်ပြီး အိမ်ထဲကို
ဝင်ခါးမဝင်သေးဘဲနဲ့ ခြံထဲမှာ အကြောလျှော့လေ့ကျင့်ခန်း လုပ်နေပါ
တယ်။ အသက်ငါးဆယ် နည်းနည်းလေးပဲကျော်တဲ့ ဦးလေးဦးမောင်
သန်းက လူငယ်လေးအလား နုပျိုဖျတ်လတ်နေလို့ပါ။ ဟပ်(ဖ်)ပင်နဲ့
စပို့ရှပ်နဲ့ ဝမ်းကင်းရှူးဖိနပ်နဲ့ တကယ့်ကို ဦးလေးဦးမောင်သန်းက
ကြန်းနေပါလားလို့။ မေတန်ရူးခင်က ဒန်းပေါ်မှာ ထိုင်နေရင်းက တွေး
နေမိပါတယ်။

ညနေတိုင်း လမ်းလျှောက်လေ့ရှိတဲ့ ဦးလေးဦးမောင်သန်း
ကတော့ မေတန်ရူးခင် ဒီအိမ်ကို ရောက်လာကတည်းက တစ်ရက်မှ
မပျက်ကွပ်။

'လေးလေး…သမီး မေးရဦးမယ်၊ လေးလေး… လူငယ်လေး
အတိုင်း ရုပ်ကနုပြီး ဒီလောက်လန်းနေတာ ဘာဆေးစားလို့လဲ'

အကြောလျှော့ လေ့ကျင့်ခန်းလုပ်ပြီး မေတန်ရူးခင်ရှိတဲ့ ဒန်း
ဆီကို ရောက်လာပြီး မေတန်ရူးခင် ဘေးနားမှာ ဝင်ထိုင်တဲ့ ဦးလေး
ဦးမောင်သန်းကို မေတန်ရူးခင်က မေးလိုက်ပါတယ်။

'လေးလေးတူမမေးတော့ လေးလေးက ဖြေရမှာပေါ့၊ ဒါ
လေးလေးနဲ့ ကိုးတန်းကျောင်းသားဘဝက အချစ်ဦးနဲ့ လွဲခဲ့သော'

www.burmeseclassic.com

www.burmeseclassic.com



'လေးလေးကလည်း… ဘာဆိုင်လို့လဲ'

'ဆိုင်တယ်…တူမရဲ့၊ လေးလေးက… လေးလေးရဲ့ အချစ်ဦး နဲ့မလွဲခဲ့ရင် သူနဲ့ အိမ်ထောင်ကျမယ်၊ သားသမီးတွေရမယ်၊ သားကျေးမှု မယားကျေးမှုတာဝန်တွေ ရင်ဆိုင်ရမယ်၊ ဒီကြားထဲ… မိန်းမက ပိုက်ဆံ မှန်မှန် မအပ်ရင် ပါးစပ်က စက်သေနတ်ပစ်သလို လျှောက်ပြောမယ်၊ သားသမီးတွေက… ဆိုးမယ်၊ မိန်းမဘက်က ဆွေမျိုးတွေနဲ့ လေးလေး အဆက်တိုသွားမှာပေါ့၊ အခု… အချစ်ဦးနဲ့လွဲတော့ ဘာစိတ်ခံစားမှုမှ မရှိဘဲ ကောင်းကောင်းလန်းလို့ ရတာပေါ့'

ဦးလေးဦးမောင်သန်း စကားကို မေတန်ခူးခင်က နားထောင် နေရင်းကနေ သူ့ဖြေရှင်းချက်နဲ့ သူကျတော့လည်း ဟုတ်နေတာပါလား လို့။

'ဒါဆို… သေတဲ့အထိ လေးလေးက မိန်းမ မယူတော့ဘူး ပေါ့'

'တူမလေးကလည်း… နောက်ဆက်တွဲ ဖြစ်လာမယ့်ဟာတွေ လေးလေးမှ မသိတာ၊ အတိတ်ကို ရှင်းပြတာလေ'

'လေးလေးကတော့… လုပ်ပြီ၊ ဩော်… လေးလေး၊ သမီး လမ်းထိပ်က အခွေဆိုင်မှာ မြန်မာ ဗီဒီယိုဟာသကားလေး ဘာလေး သွားငှားလိုက်ဦးမယ်၊ ခဏလေးပဲ… ပြန်လာခဲ့မယ်'

မေတန်ခူးခင်ရဲ့စကားကြောင့် ဦးလေးဦးမောင်သန်းက အိမ် ထဲကို လှမ်းကြည့်လိုက်ရင်း…

'တူမလေး… သရဲရှိလား'

'ကိုသရဲ… မရှိဘူး'



'ဒါဆို… မြန်မြန်သွား၊ တော်ကြာ… ဒီကောင်က သမီးကို ဆူမှာစိုးလို့'

'ဟုတ်…'

မေတန်ခူးခင်က ထိုင်ရာမှထပြီး ခပ်သုတ်သုတ် ခြံရှေ့ကို ပြေးထွက်သွားပါတယ်။ ဦးလေး ဦးမောင်သန်းလည်း ရေချိုးဖို့ အိမ် ထဲကို ဝင်လာခဲ့ပါတယ်။

◆

မေတန်ခူးခင် ဗီဒီယိုအခွေဆိုင်က အခွေငှားပြီးပြန်လာတော့ ညနေ မှောင်စပျိုးနေပြီ။ ခြေလှမ်းတွေကို ခပ်သုတ်သုတ် လှမ်းနေ ရတယ်။ တော်ကြာ သရဲ အိမ်ပြန်ရောက်လာလို့ သူ့ကို မတွေ့ရင် ဆူမှာစိုးလို့ အဆူမခံရအောင်လို့ပါ။

'ဝုတ်… ဝုတ်… ဝုတ်…'

'အမယ်လေး…'

ဒီအချိန်မှာပဲ လမ်းထိပ်အိမ်က ခွေးမည်းကြီးနှစ်ကောင် ပွင့် နေတဲ့ ခြံတံခါးကနေ ပြေးထွက်လာပြီး အဲဒီခြံရှေ့က ဖြတ်လျှောက် သွားတဲ့ မေတန်ခူးခင်ကိုမြင်တော့ ဟောင်ရင်းက မေတန်းခူးခင်ကို လှမ်းဆွဲပါတယ်။ မေတန်ခူးခင်က ကြောက်ကြောက်လန့်လန့်နဲ့ အော် ရင်းက ရှောင်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတယ်။ ကြောက်လွန်း လို့ ခွေးတွေဘာတွေ နဖူးပြင်က ထွက်[illegible]ယ်။

◆

www.burmeseclassic.com

www.burmeseclassic.com



ဓောင်းတစ်ယောက် သရဲတို့ လမ်းထိပ်မှာ ခွေးကြီးနစ်ကောင်က အမျိုးသမီးတစ်ယောက်ကို ယောင်ရင်းမှ ကိုက်မလို့လုပ်နေတာကို မြင်လိုက်ရတယ်။ သေသေချာချာကြည့်တော့ သရဲရဲ့နှမ မေတန်ခူးခင် ဖြစ်နေတာကို သိရတယ်။

ဘာပြောကောင်းမလဲ အနီးအနားမှာ ရှိနေတဲ့ အုတ်ခဲကျိုးနှစ်ကျိုးကို အမြန်ယူလိုက်ပါတယ်။

• 'ဟာ… ဒီခွေးတွေ ကဲကွာ'

'ဂိန်… ဂိန်… ဂိန်…'

ဓောင်းပစ်လိုက်တဲ့ အုတ်ခဲကျိုးနှစ်ကျိုးက ခွေးကြီးနှစ်ကောင်လုံးရဲ့ ခေါင်းကို တည့်တည့်ထိလို့ ခွေးနှစ်ကောင်လုံး အော်ဟစ်ရင်း ခြံထဲကို ပြေးဝင်သွားပါတယ်။

'အိမ်ရှင်တွေ…ခင်ဗျားတို့မှာ ကိုက်တတ်တဲ့ခွေးရှိရင် ခြံတံခါး ဖွင့်မထားနဲ့လေ၊ ဒီမှာ… လူကိုကိုက်တော့မလို့ ပြဿနာရှိတယ်နော်'

'ဟေ… ဟုတ်လား ကိုက်မိသွားသေးလား၊ ခြံတံခါး ယောင်ပြီး ဖွင့်ထားမိလို့ဟ'

အိမ်ထဲကနေ လူကြီးတစ်ဦးက ပြေးထွက်လာပြီး ခြံတံခါးကို ပိတ်ရင်းက မေးလိုက်ပါတယ်။

'ဘာမှ… မဖြစ်ဘူး၊ နိုမို့… ဆေးဖိုး သိန်းနဲ့ချီ ပေးရမှာ ဘာမှတ်လဲ'

ဓောင်းက ကြောက်စိတ်မပြေသေးဘဲ ဖြစ်နေတဲ့ မေတန်ခူးခင်ရှိရာ သွားလိုက်ပြီး…



'ဘာမှမဖြစ်ဘူးမဟုတ်လား၊ တော်သေးတယ်၊ ကျွန်တော်က… သရဲကို လက်ဖက်ရည်ဆိုင်ထိုင်ဖို့ လာခေါ်တာ'

'ကျေးဇူးတင်ပါတယ်… ဓောင်းရယ်၊ ကျွန်မ… တော်တော်ကို လန့်သွားတာ၊ ခြေဖျားလက်ဖျားတွေတောင် အေးစက်တောင့်တင်းနေပြီလား မသိဘူး၊ ဗိုဒီယိုအခွေသွားငှားတာကို သရဲသိရင် မလွယ်ဘူး'

'ကဲ… လာ၊ ကျွန်တော်ပါ ခင်ဗျားတို့အိမ် လိုက်ခဲ့မယ်'

မေတန်ခူးခင်က ဓောင်းကို ကျေးဇူးတင်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဟုတ်ပါရဲ့ မေတန်ခူးခင်ခမျာ ကြောက်စိတ် မပြေသေးဘူး ထင်ပါရဲ့။

ခြေလှမ်းတွေက ခြံရှေ့ရောက်တဲ့အထိ တုန်ရီရီနဲ့။

♦

'ကျေးဇူးတင်ပါတယ်… ဓောင်းရယ်၊ ဦးဟုတ်စိန်တို့အိမ်က ခွေးနှစ်ကောင်ကတော့ အဲဒီလိုမျိုး ခဏခဏ လူကို လိုက်လိုက်ဆွဲလို့ ပြဿနာရှင်းရပေါင်း များပြီ၊ ခက်တာက ဒီလူက ခွေးကို သားသမီးထက် ပိုခင်နေလို့ ခက်နေတာ၊ စည်ပင်သာယာ အမဲတုံးမိသွားရင် ထိစွပြီးနေပြီဟာ'

အိမ်ထဲ ရောက်ရောက်ချင်းမှာပဲ ဖြစ်ကြောင်းကုန်စင်ကို မေတန်ခူးခင်က ပြောပြတော့ ဦးလေးဦးမောင်သန်းက မှတ်ချက်ချပါတယ်။

'လေးလေးတူမ… တော်ပြီ၊ နောက်ဆို… [illegible] တင်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း သွားလို့မရဘူး၊ လေးလေး… အခုချိန်ကစပြီး အဓိနို့ ထုတ်လိုက်ပြီ၊ ဟိုကောင်… သရဲသိရင် ဘယ်လို လာဦးမလဲ မသိဘူး

'ကဲ… ဦးလေးကော မေတန်ခူးခင်ကော ကျွန်တော်ပြန်ပြီ'

'အေး… အေး… အေး…'

ခေါင်းက နှုတ်ဆက်ပြီးအထွက်မှာ မေတန်ခူးခင်က ဘာမှ မပြောဘဲ ခေါင်းကို တစ်ချက်ကြည့်လိုက်ပါတယ်။

အဲဒီအကြည့်ကို ခေါင်း ဘယ်လိုမှ ဘာသာမပြန်တတ်တာ အမှန်ပါ။

♦

BURMESE CLASSIC .com

အရာရာသိုင်းက
ကိုယ်ရေးကိုယ်တာကိစ္စတွေမှ မဟုတ်တာ
ဘာဖြစ်လဲ
နေသာသလိုနေဖို့ပဲ
အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

'မင်းခွေးနှစ်ကောင်ကို အုတ်နီခဲကျိုးနဲ့ ပစ်ပြီးပြီးချင်း ငါ့နှမကို လက်ဆွဲပြီး ထုသေးလား'

'ငါက… လက်ဆွဲထုရအောင် သရဲရာ မင်းရဲ့နှမက ခွေး… လဲတာမှ မဟုတ်တာ'

'ဒါဆို… မင်းဘာလုပ်လဲ'

'ဘာလုပ်ရမှာလဲကွ၊ အဲဒီ… ခွေးနှစ်ကောင်ပိုင်ရှင် အိမ်… ကိုသွားပြီး ခွေးတွေ ကိုက်တတ်ရင် မလွှတ်ထားနဲ့လို့ ပြောတာပေါ့'

'ဒါဆို… ငါ့နှမက ဘာလုပ်နေလဲ

'မင်းရဲ့… နှမက ကြောက်နေလို့ ရပ်နေတယ်ပေါ့'

'ပြီးတော့ကော…'

'ဟာကွာ… သရဲရာ ဘာလုပ်ရမှာလဲ၊ မင်းရဲ့… နှမ… အိမ်လိုက်ပို့တာပေါ့'

'လမ်းမှာ… မင်းနဲ့ ငါ့နှမ ဘာတွေပြောကြသေးလဲ'



'ဘာမှ… မပြောဘူး ဟောကောင်၊ အိမ်အထိ မင်းရဲ့နှမလာ… ယ်နေလို့ လိုက်ပို့ရတာ၊ လမ်းထိပ်နဲ့ မင်းတို့အိမ်က ဝေးတာမှ မဟုတ်တာ'

'တိုက်ဆိုင်ချင်တော့ကွာ ငါ့နှမက အခွေထွက်ငှားရ၊ မင်းက ငါ့ကို လက်ဖက်ရည်သောက်ဖို့ လာခေါ်ရနဲ့ ဟူး…'

သရဲက သက်ပြင်းကို ချလိုက်ပါတယ်။

ပုတိုနဲ့ ဂျက်လှမြင့်ကကော့ သရဲကို ဘုကြည့်ကြည့်နေပါတယ်။

ဓာင်းကတော့ ဘာမှ မဖြစ်သလိုနဲ့ ရှိနေပါတယ်။

'သရဲ… မင်း နည်းနည်းတော့ လွန်နေပြီ၊ ငါ… မပြောချင်… ကြည့်နေတာတောင် မင်းက မေးနေတာက တရားခံတစ်ယောက်ကို… နေက မေးသလိုမျိုး ဖြစ်နေတယ်'

'ဟုတ်တယ်… သရဲ၊ ပုတိုပြောတာ ငါ ထောက်ခံတယ်၊ …နေရာမှာ ဓာင်းမို့လို့ တခြားသူသာဆိုရင် ဓာင်းက အဲဒီလောက်နဲ့ …တက်မလာနဲ့လို့ကို ပြောမှာ'

ပုတိုကော ဂျက်လှမြင့်ကပါ သရဲကို မကျေနပ်တဲ့ ပုံစံမျိုးနဲ့ …အပြင် ဝေဖန်ပါတယ်။

ဖြစ်ပုံက မနေ့က ကိစ္စပြီးသွားလို့ ဒီနေ့မနက်လည်းရောက် … သရဲက မနေနိုင်မထိုင်နိုင် မျက်နှာကြီးကို ရှုပုပ်သလိုမျိုး ဖြစ်… …က လက်ဖက်ရည်ဆိုင်မှာ ဓာင်းကို မေးတာပါ။

'ဟောကောင်… သရဲ၊ မင်း… သိထားရမှာက မင်း သိမ်… …သန့်မကြောင်နဲ့၊ အရာရာတိုင်းကို မင်းကိစ္စလို့ သိ…

www.burmeseclassic.com

www.burmeseclassic.com





မင်း... အဲဒီလိုလုပ်မှ မင်းနှ
လုပ်ချင်ရာ လျှောက်လုပ်
ပြဿနာတက်မယ်၊ တခ
ဟာတွေ မသိချင်ယော
ဆောင်နေရတယ်ကွ’

ပုတိုက လက်ဖက်ရည
တောင် မသောက်အားပ
သရဲကို အလီအပြင်စွဲချက်တ
နေပါတယ်။

‘မင်းတို့... ဘာသိ
ငါ့ရဲ့... ဦးလေးနဲ့ အဒေါ်
အပ်ထားတာ၊ ငါ့... လက်ထဲမှာမဟုတ်တာတွေ ဖြစ်မှာစိုးလို့၊ ငါက-
ဒီလောက် တင်းကျပ်နေတာရတာ မဖြစ်သင့်တာဖြစ်မှာစိုးလို့၊ သ
တဲ့... ငါ့နှမ ဘာလုပ်သလဲ ငါ မသိတာ မရှိစေရဘူး၊ ငါ့နှမ-
ဘာလုပ်လုပ် သူ့ရဲ့ရှေ့မှာ ရောက်နေတဲ့အရိပ်ဟာ ငါပဲဆိုတာ မင်း
ယုံလိုက်’

သရဲက ဘာမပြော ညာမပြော စိန်ခေါ်သလို ပုံစံမျိုးနဲ့ လ
ဖက်ရည်ဆိုင်ထဲကနေ ထွက်သွားပါတယ်။

ဒီအချိန်ထိ ဖောင်းကတော့ ဘာမှ မပြောဘဲ သရဲကိုကြည့်
ရယ်ပဲရယ်နေပါတယ်။

‘ဒီကောင်... ဘာဖြစ်သွားတာလဲ၊ တော်တော် လေများ



တောင်၊ ဒီကောင်က စိန်တောင် ခေါ်သွားသေးတယ်၊ ဟော့ကောင်...
ဖောင်း...’

ပုတိုရဲ့လေသံက တော်တော် မာသွားပါတယ်။

‘ဘာလဲကွာ...’

‘ဘာလဲ... လုပ်မနေနဲ့၊ မင်းက... သရဲရဲ့နှမ မေတန်ခူးခင်
ကို ရအောင်ယူစမ်းကွာ၊ တစ်သက်လုံး ဒီကောင် ဘယ်လိုဖြစ်မလဲ
သိချင်လို့’

‘ဟာကွာ... ပုတိုရာ၊ မင်းရဲ့စကားက ဟိုကောင်ကြားရင်
ဖြစ်နေဦးမယ်’

‘ဖြစ်ဖြစ်ကွာ... ကိုယ့်နှမဝမ်းကွဲ ကိုယ်ပြန်ယူမလို့လား၊
အလကား... အရာရာတိုင်း သူ့အလုပ် ထင်နေတာ မပြောချင်လို့’

ဂျက်လှမြင့်က ပုတိုတစ်ယောက် မခံမရပ်နိုင် ဖြစ်နေတာကို
ကြည့်ရင်း...

‘ပုတိုရာ... မင်းက ဘာဖြစ်လို့ ဒီလောက် ပေါက်ကွဲပြနေ
တာလဲ၊ တကယ်တမ်း ပေါက်ကွဲရမှာက ဖောင်းကွ၊ ကယက်ရှင်
ဖောင်းအစား ဒီလောက်နာနေရင် မင်းရဲ့နှမကို ဖောင်းနဲ့သာ ပေးစား
လိုက်တော့’

‘ဘာကွ...’

ဂျက်လှမြင့်စကားအဆုံး အနုပညာ လောကထဲ
သွားတဲ့ ရုပ်ပါမင်းသားကြီး ကြော့ပြာထဲက ပြောသလို ပုတိုနှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရင်းက ပုတိ နှုတ်ဖျားကနေ မေတ္တာပို့သံတွေက တရစပ် မနားတမ်း ထွက်လာပါတော့တယ်။

ကာယကံရှင် ခေါင်းကတော့ ပြုံးပြုံးကြီး ထိုမြင်ကွင်းကို ကြည့်ပြီး တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးလို့နေလေရဲ့။

◆

တရားမေ့ကို
အကြောင်းပြုပြီး
အဆွေခင်ပွန်း ဖြစ်ခြင်းသည်
မင်္ဂလာမည်ပါ၏

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

အခုရက်တွေမှာ ဦးလေးဦးမောင်သန်းတစ်ယောက် မအား
ဘဲ အလုပ်ရှုပ်နေပါတယ်။ ဦးလေးဦးမောင်သန်းတို့ လမ်းအပိုင်း
တရားပွဲ ဓမ္မသဘင် သုံးရက်ကျင်းပဖို့လုပ်တော့ နာယကအဖြစ် ဦး
ဦးမောင်သန်းက ပါဝင်နေလို့ပါ။

ဟောကြားမယ့် ဆရာတော်သုံးပါးကလည်း နာမည်ကြီးတွေ
ဖိတ်စာတွေ ရိုက်ဖို့ကိစ္စ၊ ဗီနိုင်းကြော်ငြာတွေလုပ်ရ၊ တရားဟော
မြင့်နှင့် ပလ္လင်ကိစ္စ၊ မီးဆင်ရေးကိစ္စအားလုံး အစစအရာရာ လို
သေးမရှိအောင် စီစဉ်ရတာ ဦးမောင်သန်းအဖို့ ဖတ်ဖတ်မောမတတ်
ပဲ။

ဒီနေ့လည်း တရားပွဲဖိတ်စာတွေရလို့ အိမ်ထဲမှာ ဖိတ်စာ
ကို ရေတွက်နေရင်းက တရားပွဲနေ့တွေမှာ တရားဟော ဆရာတေ
များအတွက် မတည်အလှူငွေ များများထည့်ဝင်နိုင်မယ့် လူစာရင်း
ချရေးနေရင်းမှ တစ်စုံတစ်ယောက်ကို သတိပြုသွားပါတယ်။



ဒါနဲ့ တူဖြစ်သူ သရဲရှိသလားလို့ အိမ်အပေါ်ထပ်ကို မော့
ကြည့်ရင်းက…

'သရဲ… သရဲ… အောက်ကို ဆင်းလာခဲ့ဦးဟေ့'

'သရဲ… မရှိဘူး ဦးလေး၊ မြို့ထဲသွားမယ် ပြောတယ်'

'ဟာ… ဒီကောင်နဲ့ ခိုင်းစရာရှိမှကွာ'

အိမ်မှာ ဝိုင်းလုပ်ပေးတဲ့ မိမြင့်စကားကြောင့် ဦးမောင်သန်း
စိတ်ညစ်သွားပါတယ်။ ဒါနဲ့ ဖိတ်စာတစ်စောင်ပေါ်မှာ နာမည်ချရေး
လိုက်ပါတယ်။

'မိမြင့်… ငါ့တူမ မေတန်ခူးခင်ကို သွားခေါ်စမ်း'

မိမြင့်က ဦးမောင်သန်းနားကနေ ထွက်သွားပါတယ်။

'လေးလေး… ဘာကိစ္စရှိလို့လဲ'

မေတန်ခူးခင်က ဦးမောင်သန်းရှေ့မှာရှိနေတဲ့ ဖိတ်စာတစ်
စောင်ကို ယူပြီး ကြည့်လိုက်ပါတယ်။

'ဟောဒီ… တရားပွဲဖိတ်စာကိုယူပြီး မိမြင့်ကို အဖော်ခေါ်
သွား၊ ဖောင်းတို့အိမ် မိမြင့်သိတယ်၊ ဖောင်းတို့အဒေါ် မသင်းကို
လေးလေးက တရားပွဲဖိတ်စာ ဖိတ်ခိုင်းလို့ပါလို့ပြော'

ဦးလေးဦးမောင်သန်း စကားကို နားထောင်နေတဲ့ မေတန်ခူး
ခင် ဘာပြန်ပြောရမှန်းမသိ။

'ဟဲ့… တူမ၊ မိမြင့်ကို ခေါ်ပြီးသွားလေ'

ချီတုံ့ချတုံ့ဖြစ်နေတဲ့ မေတန်ခူးခင်ကို အားမလိုအားမရ[illegible]
ချိုးနဲ့ ဦးမောင်သန်းက ပြောလိုက်တော့…

'မဖြစ်ဘူးထင်တယ်နော်၊ တော်ကြာ… သမီး[illegible]ဆူနေမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆုစရာလား… တူမရဲ့ လေးလေးခိုင်းတဲ့ဟာ၊ ကဲ… သွား မသင်းကို သေသေချာချာဖိတ်ခဲ့၊ မသင်းကို တူမက မသိပေမယ့် မိမြင့်သိတယ်'

မေတန်ခူးခင်လည်း မထူးတော့ပါဘူးဆိုပြီး ဦးမောင်သန်းပေးတဲ့ ဖိတ်စာကိုယူပြီး မိမြင့်ကိုခေါ်ပြီးတော့ ဇောင်းတို့အိမ်ဘက် ထွက်လာခဲ့ပါတယ်။

အခုလို လမ်းထွက်ရဖို့ အခွင့်အရေးက ကြုံတောင်ကြုံခဲ မဟုတ်လား။

◆

ဇောင်း တော်တော်လေး အံ့အားသင့်နေတယ်။ လုံးဝ မထင်ထားလို့ပါ။ မေတန်ခူးခင်ကို ဦးလေးဦးမောင်သန်းက အန်တီသင်းအတွက် တရားပွဲဖိတ်စာ လာပို့ခိုင်းတာ သရဲသာသိရင် မလွယ်ဘူးလို့

အန်တီသင်းက ပြောမပြောချင်ဘူး။ ညှော့သည်က ဖိတ်စာလာပေးတာကို စကားပြောဖော်ရတဲ့ အတိုင်းပဲ။

သူကချည်း ပြောနေတာ။ ဟိုက နားထောင်ချင်မှန်း သိလား မသိလား မစဉ်းစားတော့ဘူး။

'တရားပွဲလုပ်တာ ကောင်းတာပေါ့ သမီးရဲ့၊ လူတွေက တရားနာရင် အခြားဘက် စိတ်တွေမရောက်ဘဲ တရားထဲမှာပဲ အာရုံနှစ်ထားတော့ အကုသိုလ် မဖြစ်ရဘူးပေါ့ကွယ်၊ ဟောမယ့် ဆရာတော်



တွေကလည်း ဒိတ်ဒိတ်ကျဲဆိုတော့ သမီးရဲ့ လေးလေးတော့ နာမည်ကောင်းရမှာပဲ၊ လှူလည်းလှူရဦးမယ် သမီးရေ'

အန်တီသင်းက တရားပွဲဖိတ်စာကြည့်လိုက် စကားပြောလိုက်နဲ့ ဖြစ်နေတာကို မေတန်ခူးခင် အလိုက်သင့် ခေါင်းချည်းပဲ ညိတ်နေပါတယ်။

'ဇောင်းရ… တရားပွဲညတွေတော့ ဒါပဲနော်၊ အန်တီသင်းကို ညတိုင်း တရားပွဲလိုက်ပို့ရင်း မင်းပါ တရားနာရမယ်'

ပြဿနာကတော့ ကိုယ့်ဘက်လှည့်ပြီလို့ ဇောင်း စိတ်ညစ်သွားပါတယ်။ တစ်ခါဖူးမှ တရားပွဲ မသွားဘူးတာ သူငယ်ချင်းတွေက မြင်ပြီး ဝိုင်းရယ်ကြရင်ဖြင့် ပြောစရာ ဖြစ်ပြီလို့'

'အန်တီသင်းကလည်း… တရားနာတာပဲ၊ တရားပွဲ သွားမှ ဟုတ်ပါဘူး၊ ဗီစီဒီအခွေဖွင့်ပြီး နာလည်းရတာပဲဟာ၊ တော်ကြာ… သူငယ်ချင်းတွေ မြင်သွားရင် ရှက်စရာကြီး'

'ဘာ… ရှက်စရာလိုလဲ ဇောင်းရဲ့၊ တရားပွဲ တော်တော်များများကို လူငယ်တွေက ဦးစီးဦးဆောင်ပြီးလုပ်နေကြတာ၊ ဘယ်လောက် ဂုဏ်မိုးရှိသလဲ၊ တရားဆိုတာ ကိုယ်တိုင်ကိုယ်ကျ နာယူရတာ ပီတိဆိုတဲ့ အရာကို ဘာနဲ့မှ လဲယူလို့ မရဘူး'

ဇောင်းရဲ့ အန်တီသင်းတစ်ယောက်နဲ့တစ်ယောက် စကားအချေအ ဆောင် ပြောနေတာကိုပြုံးပြီး နားထောင်နေတဲ့ မေတန်ခူးခင်လာ…

'ကဲ… အန်တီသင်း၊ သမီးကို ပြန်ခွင့်ပြုပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'သြော်… အေးအေး… ခေါင်း သမီးတို့ကို လမ်းထိပ်ထိ
လိုက်ပို့လိုက်ဦး မှောင်နေပြီ၊ သမီးအားရင် လာလည်နော်'

မေတန်ခူးခင်က ခေါင်းညိတ်ပြလိုက်ပါတယ်။ အဲဒီနောက်
တော့ မေတန်ခူးခင်နဲ့ မိမြင့်ကို ခေါင်းက လမ်းထိပ်အထိ လိုက်ပို့ရပါ
တယ်။

◆

'ခေါင်းက… တစ်ခါဖူးမှ တရားပွဲမရောက်ဖူးတာ တကယ်
ပေါ့'

မေတန်ခူးခင်က ဘေးချင်းယှဉ်လျှောက်နေတဲ့ ခေါင်းကို မေး
လိုက်ပါတယ်။ ဘာသဘောနဲ့များ မေးလိုက်တာလဲလို့ ခေါင်းခမျာ
စဉ်းစားမိပါသေးရဲ့။

'ဘာဖြစ်လို့လဲ… မေတန်ခူးခင်ရဲ့'

'လူဆိုတာ… ကြီးတယ် ငယ်တယ် မဟုတ်ဘူး၊ ဘယ်
ဘာဖြစ်တယ်ဆိုတာ ပြောလို့ရတာ မဟုတ်တာ၊ ဒီတော့… တရား
တာမျိုးက နာသင့်တယ်'

လာပြန်ပြီ အန်တီသင်းတစ်ယောက်လို့။

'မေတန်ခူးခင်ရယ်…ဒီလောက်တောင် တရားရနေရင်လည်
ဘာဖြစ်လို့ ရန်ကုန်မှာလာပြီး သင်တန်းတက်နေသေးလဲ၊ မေတန်ခူး
ခင်တို့ရဲ့ မန္တလေးနဲ့ စစ်ကိုင်းက နီးနီးလေးပဲဟာ၊ စစ်ကိုင်းတောင်မှာ
သီလရှင်ဝတ်လိုက်ရင် ပြီးနေပြီ'



ဖြစ်ချင်ဖြစ်ဟာဆိုပြီး ခေါင်းက ဘုတောပါတယ်။ ဒါကို
န်ခူးခင်က စိတ်မဆိုးဘဲ ပြုံးလိုက်ပါတယ်။

'သြော်… သီလရှင် ဝတ်ချက်တာပေါ့၊ လူ့လောကမှာ လုပ်
ရှိတာတွေ နုပျိုချိန်မှာ လုပ်ရဦးမှာလေ'

'ဒါဆို… ရည်းစားထားဖို့ ချစ်သူထားဖို့အတွက်ပေါ့ ဟုတ်
အဲဒါတွေပြီးမှ သီလရှင်ဝတ်မယ် ဆိုပါတော့'

'သွား… ဘာလဲ လူကို စကားနိုင်လာလုတာလား၊ သွား…
တ်မဆိုးနဲ့တော့ ဟင်း…'

ခေါင်းရဲ့ စကားအဆုံး မေတန်ခူးခင်က စိတ်ဆိုးချင်သလို
မျက်နှာနဲ့ ပြောရင်းဆိုရင်းက မျက်စောင်းထိုးပြီး ထွက်သွားပါတယ်။
က်ပါလာတဲ့ မိမြင့်တစ်ယောက်ကတောင် နောက်က ပြေးလိုက်
ားရပါသေးတယ်။

ခေါင်းကတော့ လမ်းလယ်ခေါင်မှာ ရပ်နေရင်းက သူ ကလိ
က်တာ တကယ်ပဲ။ မေတန်ခူးခင် စိတ်ဆိုးသွားပြီလား မသိလို့
းစားရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေပါရဲ့။

◆

လက်ဖက်ရည်ဆိုင်ထဲမှာ လူရှင်းနေတယ်။ သစ်ပင်အောက်
းပွဲခုံဝိုင်းကနေကြည့်လိုက်ရင် ကားလမ်းမပေါ်မှာ ကားတွေက တစ်
နှစ်စီးစ မောင်းနေလို့ ကားလမ်းမ မီးတိုင်က မီးအလင်းရောင်တွေက
က်ဖက်ရည်ဆိုင် စားပွဲဝိုင်းကို ဖြာကျလို့နေပါတယ်။ ကောင်းကင်
တော့ ကြယ်ကလေးတွေက အပြည့်။

www.burmeseclassic.com

www.burmeseclassic.com



'ဓောင်း… မင်းနဲ့ မေတန်ခူးခင် ဘေးချင်းယှဉ်လျှောက်ရင် စကားပြောတာ သရဲသာ သိလို့ကတော့ကွာ တော်တော် ဒီကော အနှာပေါ်တုတ်ကျမှာ'

ဂျက်လှမြင့်က ဓောင်းရဲ့အတွေ့အကြုံကို နားထောင်ပြီး မှတ် ချက်ချပါတယ်။

'ဓောင်း… မင်းပြောပုံအရဆို မေတန်ခူးခင်က မင်းကိုစိတ်ဆိ တာ မဖြစ်နိုင်ဘူး၊ မင်းကို သက်သက် ကလိသွားတာဖြစ်မယ်၊ သူမ လည်း သူ့အစ်ကို သရဲနဲ့က မင်းနဲ့ပြောသလို ဆိုသလိုမျိုး ပြောမရ တော့ သူလည်း ပြောချင်ရှာမှာပေါ့ကွာ၊ ဒါမျိုးက… လိုအပ်တာပဲ'

ပုတိုက ရေနွေးကြမ်း တစ်ခွက်ငှဲ့လိုက်ပြီး မှတ်သောက် ပါတယ်။

'ပုတိုနဲ့… ဂျက်လှမြင့်ရာ သရဲက အရင်တုန်းက ရန်ဖြစ် စွာတာလေးကလွဲလို့ သူ့နှမတစ်ဝမ်းကွဲရောက်မှ ဘယ်လိုဖြစ်လို့ သ ကြောင်တဲ့စိတ်တို့ ကိုယ့်သူငယ်ချင်း အချင်းချင်းမကောင်းမြင်တဲ့စိ တွေ ဝင်လာသလဲ မသိပါဘူးကွာ'

'ဒါမျိုး… လူတော်တော်များများ ဖြစ်တတ်ပါတယ် ဓော ရာ၊ လူဟာ မကောင်းတဲ့ဆိုးတဲ့ အမြင်တွေ၊ အယူအဆတွေ၊ စိတ်ဓာ တွေ ဝင်လာရင် အဲဒီလူရဲ့ ဖြူစင်တဲ့ သဘာဝကိုစိတ်မှန်တဲ့ စေ့ဆော် တွေကနေဝေးအောင် အတင်းဖယ်ကြဉ်ထားလို့ပဲကွ'

'ဒါဆို… ဂျက်လှမြင့် သရဲလည်း အဲဒီအထဲ ပါနေပြီပေါ့ ဟုတ်လား'

'အင်း… ပါ့ကို ဒီကောင် ပါနေပြီ'



ဂျက်လှမြင့်က ပညာရှိတစ်ဦးလို စကားကို တစ်လုံးချင်း ပြောချလို့ ဓောင်းနည်းနည်းတော့ ရယ်ချင်သွားပါတယ်။ ဒီကောင့်ကို ပုတိုကလည်း ပင့်ပေးပါလားလို့။

'ဂျက်လှမြင့်… ပုံမှန်အတိုင်းပြော၊ ဆရာကြီးအထာနဲ့ လူရှိန် အောင် လျှောက်မလုပ်နဲ့၊ မင်းဟာက… ရယ်စရာကြီး ဖြစ်နေတယ်'

'နေစမ်းပါ ဓောင်းရာ၊ တစ်ခါတလေ ခွင်ဝင်မှ ငါ ဖတ်ထား တာတွေ ပြောလို့ရတာ၊ မင်းက… တော်တော်နှောင့်ယှက်တဲ့ ကောင်ပဲ ဒါကြောင့် သရဲက မင်းကိုတင်းတာ'

ဂျက်လှမြင့်က ဓောင်းကို ဘုကြည့်ကြည့်လိုက်ပါတယ်။ ဒီ အချိန်မှာပဲ ဓောင်းတို့ သူငယ်ချင်းသုံးယောက် ထိုင်နေတဲ့ သစ်ပင် အောက်က စားပွဲဝိုင်းကို သရဲတစ်ယောက် တစ်ခုခုကို အလိုမကျတဲ့ ပုံမျိုးနဲ့ ရောက်ချလာပါတယ်။

'မင်းတို့ကတော့ကွာ… ကိုယ်နဲ့မဆိုင်တဲ့အတိုင်း၊ ဒီလက်ဖက် ရည်ဆိုင်မှာ ထိုင်လို့ပေါ့ကွာ၊ ငါ့ဘက်လေး ဘာလေးတောင် ဘာဖြစ် နေတယ် လာမမေးတော့ဘူး'

သရဲတစ်ယောက် ရောက်ရောက်ချင်းဆိုသလို ကောက်ခါငင် ခါ ပြောချလိုက်လို့ ပုတိုက…

'သရဲ… မင်းက ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲကွာ… ငါ တစ်ယောက်တည်း မနိုင်တော့ ဘူး၊ ဟူး…'

သရဲက သက်ပြင်းတွေကို မှုတ်ထုတ်နေပါတယ်။ ဒါကို ဓောင်းက ကြည့်လိုက်ရင်းက…

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ… သရဲ၊ ကိစ္စပြဿနာတစ်ခု ဖြစ်တဲ့အခါမှာ အ
ပြဿနာထဲမှာ ပါဝင်နေတဲ့ အကြောင်းအရာ ဟိုဘက် ဒီဘက် န
စလုံးရဲ့ ကျေနပ်မှု၊ နားလည်မှုတွေကို တွေ့အောင်မရှာဘဲ ကိုယ့်ဘ
တချည်း တစ်ဘက်သတ် အဖြေထုတ်တာက အဲဒီ ပြဿနာကို အ
ဖျက်လိုက်တာ၊ ပြီးတာ မဟုတ်ဘူး၊ ရှင်းရှင်းပြောကွာ'

'ဟုတ်တယ်… သရဲ၊ ခေါင်းပြောတာ ငါလက်ခံတယ်



ဂျက်လုမြင့်က သရဲ
ဒီကောင် ဘာအထာလဲ ကြ
လိုက်ရင်းက ပြောလိုက်
တယ်။

'ငါတို့… လမ်းအို
မှာ တရားပွဲလုပ်မှာ၊ ဦးအေ
ဦးမောင်သန်းက တချို့က
တွေငါ့ကိုခိုင်းတယ်၊ ဦးအေ
ခိုင်းတယ်၊ ခက်တာက လ
အပိုင်းမှာ ငါနဲ့ တွဲလုပ်မ
လူငယ်တွေက ငါ့နမကိစ္စမှာ ငါနဲ့ နည်းနည်းအစာမကြေဘူး၊
ကောင်တွေ နည်းနည်းရှောင်နေတယ်၊ အခု… နက်ဖြန်မဏ္ဍပ်ကိစ္စ
မီးကိစ္စတို့ ငါ လိုက်ရမှာ၊ ဘယ်က စရမှန်းမသိဖြစ်နေလို့ မင်းတို့
ပါဦးကွာ'

သရဲက ပုတို အသင့်ငုံ့ထားတဲ့ ရေနွေးကြမ်းပန်းကန်ကို ယူ
မော့သောက်ချပါတယ်။

ဒါကို ပုတိုက သရဲကိုကြည့်ရင်း…

'တော်တော်ဟုတ်တဲ့… သရဲ၊ အခုမှ… သူငယ်ချင်းတွေကို
အားကိုးရမှန်း သိတဲ့ကောင်၊ ဟေ့ကောင်… ငါတို့က မင်းရဲ့သူငယ်
ချင်း အရင်းတွေပါကွာ'

'ပုတိုပြောတာ… ဟုတ်တယ်၊ မင်းကိစ္စဟာ ငါတို့ကိစ္စပါ၊
စိတ်ချ၊ ငါတို့… ဝိုင်းကူမယ်၊ ခေါင်း… မင်းမှာ မဏ္ဍပ်ဆင်မယ့်
သူတွေ ရှိတယ်မဟုတ်လား'

ဂျက်လုမြင့်က ခေါင်းကို မေးပါတယ်။

'မဏ္ဍပ်က ကိုယ်တိုင်ဆင်စရာ မလိုဘူး၊ ကြည့်မြင်တိုင်ဖက်
မှာ ငှားတယ်၊ သူတို့ဘာသာသူတို့ လာဆင်ပေးတာ၊ မီးသမားကတော့
ဘက်ရပ်ကွက်မှာ ဆင်တာရှိတယ်၊ နက်ဖြန်မှ သွားကြတာပေါ့ကွာ'

စကားအဆုံး သရဲ မျက်နှာက ဝင်းပကြည့်လင်သွား
ပါတယ်။

'Thank Y... ၊သူငယ်ချင်းတို့ Thank You'

'သရဲ… Thank You ဆို ဒီ စားထားသောက်ထားတဲ့ ဟာတွေ
မင်းရှင်းပေတော့၊ ဒါပဲ'

ခေါင်းက ပြတ်သားပါတယ်။ သရဲကလည်း ဘာပြတ်သား
သလဲ မမေးနဲ့။ အကျီအိပ်ကပ်ထဲ ဟိုနှိုက်ဒီနှိုက် လိုက်ပါတယ်။ လက်ထဲ
ပါမှ ပါမလာပါ။

'Sorry ကွာ၊ ငါ… ပိုက်ဆံထည့်လာဖို့ မေ့သွား
သောလေ… ရလို့၊ ဒီတော့… ငါ လတ်တလော
ဒါ့အတွက်ပါ ရှင်းလိုက်တော့နော်'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မာ…'

'ဒီကောင်တော့ကွာ…'

'သရဲ… မင်း… မင်း…'

ဖောင်း၊ ပုတို၊ ဂျက်လှမြင့်တို့ နှုတ်ဖျားတွေဆီမှ ထိုစကားသံ တွေသာ ထွက်လာရင်း နောက်ဆုံးတော့ ပုတိုက လက်ဖက်ရည်တစ် ခွက် သရဲအတွက် မှာပေးရပါတော့တယ်။

သူငယ်ချင်းဆိုတာ ဒါပဲ မဟုတ်ပါလား။

♦

သရဲတို့ လမ်းအပိုင်းက ကျင်းပတဲ့ တရားပွဲက ဒီနေ့ညသ သုံးရက်မြောက် နောက်ဆုံးနေ့ကို ရောက်လာပါပြီ။ တရားပွဲကလည် အတော့်ကို စည်ကားပါရဲ့။

ဖောင်းတို့ သူငယ်ချင်းသုံးယောက်နဲ့ သရဲလည်း တရားပွဲ မဏ္ဍာပ်မှာ ဝိုင်းကူလုပ်ပေးရတာ မနားရပါ။ ဦးလေးဦးမောင်သန်းက တော့ တရားပွဲ ဖြစ်မြောက်ရေး နာယကပီပီ အင်္ကျီရင်ဘတ်မှာ တံဆိ တပ်ရင်းက လက်ညှိုးတညွှန်ညွှန်နဲ့ နေရာတကာကို စီစဉ်ညွှန်ကြာ လိုက် တရားပြေးနာလိုက်။ အန်တီသင်းကို နှုတ်ဆက်လိုက်နဲ့ မနာ ရပါ။

ဒီထက် ထူးခြားတာကတော့ သရဲတစ်ယောက် သဘော လွှတ်ကောင်းနေတာပဲ ဖြစ်ပါတယ်။ နှမဖြစ်သူ မေတန်ခူးခင်က တရားပွဲရက်တွေမှာ တရားနာတာ၊ ဖောင်းနဲ့ စကားတွေဘာတွေ ပြေ တာကို ကြည်ကြည်သာသာ ခွင့်ပြုနေလို့ပါ။



အခု ဒီည တရားပွဲနောက်ဆုံးညမှာ ဟောကြားမယ့် ဆရာ တော်ကလည်း တကယ့်ကို နာမည်ကြီး ဆရာတော်ဖြစ်တာမို့ အလှူ ထည့်ဝင်နေကြသူတွေကလည်း မနည်းပါ။ ရသမျှငွေတွေ ဖောင်းတို့ ပါအဝင် တာဝန်ရှိသူတွေက ရေတွက်ရပါတယ်။ သရဲတို့ ဂျက် မြင့်တို့ ပုတိုတို့က အလှူခံမဏ္ဍာပ် အခြားတစ်ဖက်က အလှူငွေ ကောက်ခံတဲ့နေရာမှာ တာဝန်ကျလို့နေပါတယ်။

'ဖောင်း… မင်း ထမင်းမစားရသေးဘူး မဟုတ်လား၊ သွား ဦးလေးကို့အိမ်မှာ သွားစားဦး၊ ဝိုင်းလုပ်တဲ့ ကလေးတွေကို အိမ်မှာ ထမင်းကျွေးဖို့ စီစဉ်ထားတယ်၊ ဆရာတော် သွားပင့်တဲ့ သူတွေက ရိဝက်လောက်မှရောက်မှာ အ ညှို့နဲ့ပေါ့ကွာ'

ဦးလေးဦးမောင်သန်းက ပိုက်ဆံတွေရေနေတဲ့ ဖောင်းဘို့ အလှူခံ စားပွဲနား ရောက်လာရင်းက ပြောလိုက်ပါတယ်။ ဖောင်း ည်း ဗိုက်ဆာနေ ်မို့ အလှူခံစားပွဲကထပြီး ဦးလေးဦးမောင်သန်း တို့အိမ်ဘက် လှမ်းလာခဲ့ပါတယ်။

'ဖောင်း… လာ… လာ…'

ခြံဝင်းထဲရောက်တော့ မေတန်ခူးခင်က အိမ်တံခါးဝကနေ မ်းခေါ်ပါတယ်။

အိမ်ဧည့်ခန်းထဲမှာ စားပွဲဝိုင်းသုံးဝိုင်းကို ထမင်းဟင်း င်းစာ ပြင်ထားပါတယ်။ စားပွဲဝိုင်းတစ်ဝိုင်းမှာသာ လူပြည့်နေပြီ ားပွဲဝိုင်းတွေမှာတော့ လူမရှိပါ။ ဖောင်းက လွတ်နေတဲ့ စားပွဲဝိုင်းမှာ င်ထိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'စားနော်… ဘာမှ အားမနာနဲ့'

မေတန်ခူးခင်က အနီးအနားမှာ ထိုင်လိုက်ရင်း ထမင်းအုပ်ထဲက အစားကို ဖွန်းနဲ့ခပ်ပြီး ထည့်ပေးပါတယ်။

'မေတန်ခူးခင် နေနေ… ကိုယ့်ဘာသာကိုယ် ထည့်မယ်'

ဇောင်းက အတွင်းလက်ခါပြပြီး ပြင်းပါတယ်။ ပြီးတော့ ဟင်းပန်းကန်ထဲက ဝက်သားတစ်တုံး ထမင်းပန်းကန်ထဲ ဖွန်းနဲ့ ခပ်ထည့်လိုက်ပါတယ်။

ဗိုက်က ဆာနေတာမို့ ဇောင်းလည်း ထမင်းနှစ်လုပ် သုံးလုပ် ဆက်တိုက် စားပစ်လိုက်တာ။ ပြီးတော့မှ ကိုယ့်ဘေးနားမှာ မေတန်ခူးခင် ရှိနေပါလားလို့ သတိရသွားပါတယ်။

မသိမသာကြည့်မိတော့ မေတန်းခူးခင်က အနီးအနားမှာ ရှိတဲ့ ယပ်တောင်တစ်ချောင်းကို လက်ကကိုင်ပြီး ထမင်းဝိုင်းနဲ့ ဇောင်းကို ယပ်ခပ်ပေးနေတာကို မြင်လိုက်ရပါတယ်။

'ဟာ… မလုပ်ပါနဲ့၊ လူတွေ… မြင်ရင် မကောင်းဘူး'

'အမယ်လေး… သူ့ကို ယပ်ခပ်ပေးတာ မဟုတ်ပါဘူး၊ ညပေမယ့် ယင်ကော ခြင်ကောလာလို့ ယပ်ခပ်နေတာ ကကယ်တည်း ကိုယ်တော်က မှုနေရသေးတယ်၊ စား… ကိုယ့်ဘာသာ ကိုယ်စား'

မေတန်းခူးခင်က ယပ်တောင်ကို ဘေးနားပစ်ချပြီး ထိုင်ရာကနေ ထသွားပါတယ်။ ဇောင်းကတော့ သူပြောမိတာ မှားများမှားသွားပြီလားလို့၊ မဟုတ်ပါဘူးဆိုပြီး ထမင်းကို အဝဖိတွယ်နေတာ ပုတိတို့ လွှတ်လှမြင့်တို့ရောက်လာပြီး သူတို့ကိုကျတော့ ထမင်းစားဖို့ ဘာလို့ ခေါ်သလဲဆိုပြီး ဝိုင်းဆူလို့ ဇောင်းခမျာ ဖြေရှင်းချက်တွေ ပေးရပါသေးတယ်။

♦



တရားပွဲနောက်ဆုံးညမှာ ဟောကြားတဲ့ ဆရာတော်က နာမည်ကလည်းကြီး အဟောအပြောကလည်း ကောင်းဆိုတော့ တရားမနာဖူးတဲ့ ဇောင်းတောင် အတော့်ကို နှစ်ခြိုက်နေမိပါတယ်။

'ဟိုဘက်… နည်းနည်းတိုးဦး'

တရားနာလို့ ကောင်းနေတုန်း ဇောင်းအနားကို လူတစ်ယောက်ရောက်လာပြီး နေရာနည်းနည်း ဖယ်ခိုင်းလို့ ကြည့်လိုက်တော့ မေတန်ခူးခင် ဖြစ်လို့နေပါတယ်။ ဇောင်းကလည်း နေရာနည်းနည်း ရွှေ့ပေးပါတယ်။

'အခုမှ… အလုပ်တွေက ပြီးတာ၊ ရှေ့မှာက… လူတွေက ထူပ်နေတာ တိုးဝင်ထိုင်လို့ မရလို့နော်'

မေတန်ခူးခင်က ဇောင်းကိုပြောရင်းမှ တရားဓမ္မာသဉ္ဇာမှာ တရားဟောနေတဲ့ ဆရာတော်ကို လက်အုပ်ချီ ဦးချပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တရားကို ဘာစကားမှမပြောဘဲ နာနေပါတယ်။ ဖောင်းက တော့ သူ့ဘေးနားမှာ တရားနာနေတဲ့ မေတန်ခူးခင်ကို မသိမသာ အကဲခတ်ရင်း သရဲသဘိမြင်လို့ကတော့ ဘာများပြောလေမလဲလို့ တွေး နေမိတာ။ တရားနာနေတဲ့ ကိစ္စတောင် မေ့ချင်ချင်ဖြစ်သွားလို့ သတိနဲ့ ပြန်ထိန်းရပါသေးတယ်။ ပြောမယ့်သာပြောတာ မေတန်ခူးခင်က တရားနာနေတာကတော့ တော်တော်လေးကို ကျက်သရေ ရှိလို့နေတာ ကိုတော့ ဖောင်းက စိတ်ထဲကနေ မှတ်ချက်ချနေမိပါတယ်။

♦

'ကျေးဇူးတင်တယ်… ကိုမောင်သန်းရယ်၊ ဒီလို… နာမည် ကြီး ဆရာတော်တွေရဲ့ တရားပွဲမျိုးက နာရခဲပါတယ်လေ'

'ဒါကတော့… ကမကထ ငွေကြေးစိုက်ထုတ်တဲ့ လူတွေ ကြောင့်လည်းပါတာ၊ ကျွန်တော်ချည်းပဲ မဟုတ်ဘူး မသင်းရဲ့'

တရားပွဲပြီးပြီးချင်းမှာ အန့်တီသင်းက ဦးမောင်သန်းကို ကျေး ကျူးစကားဆိုလို့ ဦးမောင်သန်းက ကျေနပ်တဲ့ပုံစံနဲ့ ရှိလို့နေရင်းက အကျေနပ်ကြီး ကျေနပ်နေပါတယ်။

'ဗီစီဒီအခွေနဲ့ တရားနာရတာထက် အခုလို အပြင်မှာ တကယ် တရားနာကြားရတာက ကွာတယ်၊ ကွာတာမှ… တကယ်ကိုပဲ'

'ဒါပေါ့… မသင်းရယ်၊ ဘာမှ မပူနဲ့၊ အခု သုံးရက်လုံးလုံး ဟောကြားတဲ့ ဆရာတော်တွေကို ဗီဒီယို ရိုက်ထားတယ်၊ မသင်း တရားပြန်နာဖို့ ကူးပေးမယ်'

အန့်တီသင်း အနားမှာရှိနေတဲ့ ဖောင်းက အိမ်ပြန်ချင်နေပါ



ပြီ။ အန့်တီသင်းနဲ့ ဦးလေးဦးမောင်သန်းတို့ လေပေးဖြောင့်နေတာက အခုထက်ထိ မပြီးသေးပါ။ ဘယ်လောက်တောင် ကြာဦးမည်သေး။

'ဦးမောင်သန်း… ရပ်ကွက် ဥက္ကဋ္ဌက လာပါဦးတဲ့၊ တရားပွဲ ရဲ့ ကုန်ကျစရိတ်တွေ သိချင်လို့တဲ့'

'ဟာကွာ… ဒါက အချက်ချင်း သိရတာမှ မဟုတ်တာ၊ ခက်တာပဲ'

လူဝစ်ယောက်က လာခေါ်သဖြင့် ဦးမောင်သန်းက ပြော ရင်းမှ…

'မသင်းရေ… နောက်မှ ဆွေးနွေးကြတာပေါ့၊ ကဲ… ပြန်ပြန် တော့ မိုးချုပ်ပြီ'

ဖောင်းက တော်တော်ပမ်းသာသွားပါတယ်။ ဦးမောင်သန်းကို လာခေါ်လို့ အိမ်ကို ပြန်လို့ရပြီလို့။

'အန့်တီသင်း… သွားမယ်'

'အေး… ဟေ့…'

ဖောင်းက သူငယ်ချင်းဟွေကိုတောင် နှုတ်မဆက်တော့ဘဲ တရားပွဲ မဏ္ဍာပ်နားကနေ အန့်တီသင်းနဲ့ ထွက်လာခဲ့ပါတယ်။ တစ်နေ့လုံး ဝိုင်းလုပ်ရတာ ပင်ပန်းနေလို့ အိပ်လည်း အိပ်ချင်နေပါပြီ။

'ဟေ့ကောင်… ဖောင်း၊ မင်း… နောက်ဖြန် လက်ဖက်ရည် ဆိုင်မှာ စောင့်နေ၊ မင်းနဲ့ငါ… ကိစ္စရှိတယ်'

ဘယ်ကနေဘယ်လို သရဲက ရောက်လာသလဲမသိပါ။ ဖောင်း ကို လေသံမာမာနဲ့ ပြောလိုက်ပါတယ်။ ဖောင်း သိလိုက်ပြီ။ သရဲတစ် ယောက် သူ့နှမနဲ့ ဖောင်း တရားအတူတူ နာနေတာမြင်လို့ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း ဒေါသထွက်တာဖြစ်မယ်လို့

'မနေတ်… ကိုးနာရီလောက်မှ လာကွာ'

'ရတယ်… ငါ စောင့်နေမယ်'

သရဲက စကားကို ခပ်ပြတ်ပြတ် ပြန်ဖြေရင်း အနီးအနားက ထွက်သွားပါတယ်။

'ဟဲ့… ခေါင်း၊ မင်းတို့… ဘာလို့ ချိန်းဟာလဲ၊ နေ့တိုင်း အတူတူ လက်ဖက်ရည် သောက်နေတာပဲဟာ'

'အန်တီသင်း… မသိပါဘူး'

အရေးထဲ အန်တီသင်းက ဘာမှမသိဘဲ ခေါင်းက ပြန်ဖြေရင်း နက်ဖြန် ဘယ်လိုမျိုး စကားလုံးနဲ့ သရဲသဝန်ကြောင် ပြောဆိုလေမလဲလို့ တွေးနေမိပါသေးတယ်။

◆

သဝန်တိုမယ့် စကားလုံးတွေ

ကိုယ့်နှုတ်ဖျားက ခုန်ဆွမလာဖို့

တားဆီးနိုင်မယ်ဆိုရင်

လူပီသမလားပဲ။

ကောင်းတာလုပ်မယ့်အချိန်တွေ

လျော့မှာစိုးလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

'ဖောင်း… မင်း မနေ့က ဘာအချိုးချိုးတာလဲ'

'ဘာအချိုးချိုးရအောင် ငါက ဖဲသမားမှ မဟုတ်တာ'

သရဲက ချိန်းထားလို့ ဖောင်းက လက်ဖက်ရည်ဆိုင် ရော ရောက်ချင်းမှာပဲ ဖောင်းထက် ကြိုရောက်နေတဲ့ သရဲက ပေါက်ကွဲ စကားလုံးတွေနဲ့ ဆီးကြိုလိုက်ပါတယ်။

'နေစမ်းပါဦး… သရဲ၊ မင်းနဲ့… ငါနဲ့က သူငယ်ချင်း အ တွေနော်၊ လေသံတွေ မင်းက ဘယ်သူ့အားကိုးနဲ့ မာနေတာလဲ'

'ငါ… မာတာမဟုတ်ဘူး၊ မြင်တာကို ပေါက်ကွဲလို့ မင် ဘာဖြစ်လို့ ငါ့နှမဘေးမှာထိုင်ပြီး တရားနာရသလဲ၊ တခြားမှာ စရာ မရှိဘူးလား'

သရဲ စကားလည်းဆုံးရော ဖောင်းက အားရပါးရ ရယ်လို ပါတယ်။ ဒါကြောင့် ဒီကောင် အစွမ်းကုန် ပေါက်ကွဲပြီး ဒီလိုဖြစ် ကိုးလို့…



'သရဲ… အဲဒီ ကိစ္စ မင်းနှမကို မင်းပြန်မေးကြည့်၊ ငါက… ရာ ဝင်ထိုင်တာလား၊ သူက… ငါရှိတဲ့ နေရာရောက်လာပြီး ိုင်တာလားလို့၊ မင်းတို့အိမ်မှာ ငါက မဏ္ဍာပ်အလှူခံတာကနေ င်းဆာလို့ ထမင်းသွားစားတာ၊ ငါစားနေတဲ့ စားပွဲဝိုင်းမှာ မင်းနှမက ားကနေထိုင်ပြီး ယပ်တောင်တစ်ချောင်းနဲ့ ယင်ကောင်လာမှာ ယပ်ခပ်ပေးတာသာမြင်ရင် မင်း သဝန်ကြောင်လို့ နေစရာတောင် မဟုတ်ဘူး'

'ဘာကွ… ငါ့နှမက မင်း ထမင်းစားတာကို ယပ်ခပ်ပေး ဟုတ်လား၊ ဟာ… မေတန်ရှူးခင်တော့ကွာ'

ဖောင်းရဲ့နောက်ဆုံးစကားလုံးတွေက ထိချက်ပြင်းသွားသလား မသိ။ သရဲတစ်ယောက် စကားလုံး အနည်းငယ်ကလွဲပြီး ဘာမှ နိုင်ဘဲ ဖြစ်သွားပါတယ်။

'သရဲ… မင်းကို ငါ တစ်ခုတော့ပြောမယ်၊ မင်းရဲ့အိမ်ကို နှမဝမ်းကွဲ ရောက်လာကတည်းက မင်းမှာထားရှိတဲ့ မင်းရဲ့ ချက်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ အဲဒီနေရာမှာ ငါ့နှမကို ထိရဲထိ ဆိုတဲ့သဝန်ကြောင်မှုက မင်းကို လွှမ်းမိုးနေပြီ၊ သဘာဝကြောင်း အရ လူတို့ ဘာသာဘာဝ ဖြစ်လေ့ဖြစ်ထရှိတဲ့ နိယာမကိုသိရင် ဒီလိုမျိုးဖြစ်ဖို့ မကောင်းဘူး၊ ကြာရင် မင်းကိုချစ်တဲ့သူတွေကပါ ာကြတော့မယ်'

'ဒါကတော့ ငါက အစ်ကိုတစ်ယောက် ဖြစ်နေတာတို့ ဒီ တ်တော့ ငါ့မှာ ဖြစ်ခွင့်ရှိတာပဲ ဖောင်းရဲ'

'ကမ္ဘာပေါ်မှာ မင်း တစ်ယောက်တည်း နှမရှိတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ညီမရှိတဲ့ အစ်ကိုတွေ အများကြီးပါကွာ၊ တစ်ချိန် မင်း သိ
လိမ့်မယ်'

ဓောင်းက စကားကို ဆက်မပြောတော့ဘဲ လက်ဖက်ရည်ဆိုင်
ထဲ ဝင်လာတဲ့ ပုတိုနဲ့ ဂျက်လှမြင့်ကို လက်ပြလိုက်ပါတယ်။ ဂျ
လှမြင့်နဲ့ ပုတိုကလည်း သရဲရဲ့ အခြေအနေကို နည်းနည်းတော့ သဘော
ပေါက်နေတယ်ဆို သရဲရဲ့ မျက်နှာရိပ် မျက်နှာကဲကို အကဲခပ်ကြည့်
ရုံနဲ့ သိနေပါတယ်။

'ငါ... အခုမှ သတိရတယ်၊ မဏ္ဍာပ်ပွားတဲ့ ကိစ္စတွေ ပြ
အပ်ဖို့ လုပ်ရဦးမယ်၊ ပွားတုန်းက မင်း ပွားပေးတာ၊ အခု... ငါ
ပြန်အပ်ရမှာဆိုတော့ တော်ကြာ သတ်မှတ်ချိန် ကျော်သွားဦးမယ်'

သရဲက ပျာယီးပျာယာပုံစံမျိုးနဲ့ ထလိုက်ပါတယ်။

'ဒီမှာ... သရဲ၊ အပျိုဖော်ဝင်ပြီး နုပျိုမှုတွေနဲ့ အလှဂုဏ်
ပြည့်နေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ လွှတ်လပ်ခွင့်နဲ့ သူ့နှလုံးသ
ကို ဘယ်တော့မှ သော့သွားမခပ်နဲ့၊ ရတဲ့အပေါက်ကနေ ထွက်သွ
တတ်တယ်ဟေ့...'

'ထွက်ကြည့်ပါလား၊ အဲဒီထွက်မယ့်အပေါက်ကိုပါ အင်္ဂ
ကိုင်ပစ်မှာပေါ့ကွာ၊ သရဲပဲ... ရမလား၊ အဲဒီလောက်နဲ့ တက်မလာ

သရဲက ဓောင်းရဲ့စကားကို ပြန်လည်ချေပပြီး ဆိုင်ထဲက
ဂျက်လှမြင့်နဲ့ ပုတိုတောင် နှုတ်မဆက်တော့ဘဲ ထွက်သွားပါတယ်

'ဓောင်း... ဒီကောင် ဘာလာပေါက်ကွဲ ပြန်ပြီလည်းကွ

'စုံနေတာပဲ... ဂျက်လှမြင့်ရေ၊ ဒီလိုဟေ့××××××× ×××
××××'



ဓောင်းက မနေ့ညက ဖြစ်ကြောင်းကုန်စင်နဲ့ ပတ်သက်ပြီး ရှင်းပြရပါတော့တယ်။ ဂျက်လှမြင့်နဲ့ ပုတိုက လက်ဖက်ရည်တောင် မှာအားဘဲ ဓောင်းပြောသမျှကို နားထောင်လို့ နေပါတယ်။

'ဓောင်း... ငါထင်တာ မလွဲရင်တော့ မေတန်ခူးခင်က မင်းကိုများ စိတ်ဝင်စားသလား မသိဘူး'

'ပုတိုပြောတာ ဖြစ်နိုင်တယ်၊ သူ့ကို... ချုပ်တည်းထားလို့ ခွင့်ထွက်သွားပြီ ထင်ပါရဲ့ကွာ'

'ဟာကွာ... မဟုတ်တာ၊ မင်းတို့ထင်မှ ပိုရှုပ်ကုန်ပြီ'

ဓောင်းက ပျာပျာသလဲနဲ့ ငြင်းပါတယ်။

'မဟုတ်ဘူး... ထင်တယ်နော်၊ ထမင်းစားတော့ မင်းရဲ့ဘေးနား လာထိုင်ပြီး ယပ်ခပ်တာတို့ တရားပွဲမှာ မင်းရဲ့ဘေးနား ဝင်ထိုင်တာတို့က တော်ရုံမိန်းကလေး လုပ်မှာလား၊ ကျေနပ်လို့ဖြစ်မယ်နော်'

ဂျက်လှမြင့် ပြောတော့မှပဲ ဓောင်းက သူနဲ့ မေတန်ခူးခင်တို့ တွေ့ဆုံဖြစ်ပျက်တဲ့ ကိစ္စတွေကို တစ်ခုချင်း ပြန်စဉ်းစားလို့ နေမိပါတယ်။

'ငါ... အတပ်ပြောမယ်၊ မင်းနဲ့... မေတန်ခူးခင်ရဲ့ ဇာတ်လမ်းက ဒီမှာတင်ပြီးမှာ မဟုတ်သေးဘူး၊ တွေ့ပြီပေါ့ကွာ၊ သရဲတော့ ဘား ငါက ကြေးတောင် ဖွင့်လိုက်ချင်သေးတယ်'

'ဂျက်လှမြင့်... မင်းပြောတာ ထောက်ခံတယ်၊ သရဲဆိုတဲ့ ကောင် သဝန်ကြောင်တာတွေ ခဝါချတဲ့အထိ ငါကြည့်ဦးမယ်'

ပုတိုက တက်ကြွတဲ့ လေသံမျိုးနဲ့ ထောက်ခံချက်ပေးရင်း လက်ဖက်ရည်နှစ်ခွက်ကို မှာလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းကတော့ လက်ဖက်ရည်ဆိုင်ထဲကနေ လမ်းမဖက်ကို ကြည့်လို့ **နေမိပါတယ်**။ လမ်းမပေါ်မှာတော့ ကောင်မလေးတစ်**ယောက်က ကောင်လေး**တစ်ယောက်ရဲ့ လက်ကိုချိတ်ထားပြီး ကောင်**လေးထီး**ဆောင်းပေးထားတာကို အကျေနပ်ကြီးကျေနပ်တဲ့ အမူအယာ**မျိုးနဲ့** ကောင်မလေး ပျော်နေတာကို မြင်နေရပါတယ်။

အချစ်ဆိုတာပဲ ယခုလိုအချိန်မှာ သူတို့နှစ်ဦးမှာ ရှိနေလေသလား မသိ။

◆

အန့်တီသင်းက အခုမှ ဘာစိတ်ကူးပေါက်သလဲမသိ။ အိမ်မှာ အင်တာနက် တပ်ချင်လို့ ဘယ်လို စီစဉ်ရင် ကောင်းမလဲလို့ ပြောသဖြင့် ဖောင်း တော်တော်ခေါင်းစားသွားပါတယ်။ ရှင်းပြနိုင်သလောက် ရှင်းပြပေးတာကို အန့်တီသင်းက မကျေနပ်သေးဘဲ အသေး စိတ် စုံစမ်းခိုင်းလို့ ဖောင်း စိတ်ညစ်ညစ်နဲ့ MICT PARK မှာ သွားစုံစမ်းရပါတယ်။ သလိုသမျှ အချက်အလက်တွေ သိလာရလို့ အိမ်ရောက်လျှင်တော့ အန့်တီသင်းကို ထပ်ရှင်းပြရဦးမှာ လေတော့ကုန်ပြီလို့။

'ဖောင်း… ဖောင်း…'

ဒီအချိန်မှာပဲ MICT PARK စားသောက်ဆိုင်တန်းထဲက ဆိုင်တစ်ဆိုင်ထဲကနေ တစ်စုံတစ်ယောက်က လှမ်းခေါ်လို့ ကြည့်လိုက်တော့ မေတန်ခူးခင် ဖြစ်နေပါတယ်။ အဲဒီတော့မှ ဖောင်းက သတိရသွားပါတယ်။ မေတန်ခူးခင်တစ်ယောက် MICT PARK မှာ သင်တန်းတက်နေတယ်ဆိုတာပဲ ဖြစ်ပါတယ်။



'ဒီထဲ… ဘာလာလုပ်တာလဲ'

ဆိုင်ထဲ ဝင်ဝင်ချင်း မေတန်ခူးခင်က မေးပါတယ်။

'အန့်တီသင်း… အခုမှ ဘာစိတ်ကူးပေါက်တယ် မသိပါဘူး။ အင်တာနက် တပ်ချင်လို့တဲ့၊ အဲဒါနဲ့… ဒီမှာ လာစုံစမ်းတာ'

'ဒါများ… ဖောင်းရယ်၊ အိမ်မှာ… ကျွန်မကို လာမေးလည်း ရတာပဲဟာ၊ ဒီအထိ… လာစရာ မလိုပါဘူး'

'မလုပ်ပါနဲ့… သရဲနဲ့ဆို မလွယ်ဘူး၊ ဒီကောင် တော်တော်ဆိုးတယ်'

ဖောင်းရဲ့စကားအဆုံး မေတန်ခူးခင်က ဖောင်းကို ကြည့်လိုက်ရင်း…

'ဖောင်း… ဘာစားပြီးပြီလဲ'

'ဘာမှ… မစားရသေးဘူး၊ လက်ဖက်ရည် သောက်မလားလို့'

'ဒါဆို… လက်ဖက်ရည် မသောက်နဲ့တော့၊ အင်းလျားကန်ဘောင် သွားမယ်၊ ကျွန်မ… လိုက်ကျွေးမယ်'



www.burmeseclassic.com



ဖောင်းက မေတန်ခူးခင် စကား နားထောင်ရင်းမှ ဒီနေ့တော့ ပြဿဒါးနေ့များ ဖြစ်ပြီးလားလို့ တွေးနေမိပါတယ်။

'ဦးလေးဦးမောင်သန်း လာကြိုမှာ မဟုတ်လား'

'လာကြိုမှာ မဟုတ်ဘူး၊ လေးလေးက ကားကို ပြင်နေတယ် ခရီးထွက်မယ်လို့ ပြောတယ်၊ ဒါကြောင့်… တက္ကစီနဲ့ပဲ အိမ်ပြန်မှာ'

'မေတန်ခူးခင်ရယ်… အင်းလျားမှာ သွားစားတာ ကိစ္စမရှိ ဘူး၊ တော်ကြာ… သရဲ သိသွားရင် ရှုပ်ကုန်မယ်'

'ဘာရှုပ်စရာ လိုလို့လဲ၊ နေရာတကာတိုင်း သူ ချုပ်ချယ်ချင်တိုင်း ချုပ်ချယ်ချင်လို့မှ မရတာ၊ လူမှာ ကိုယ့်လွတ်လပ်ခွင့် ကိုယ်ရှိတာပေါ့၊ လာပါ၊ ကဲ… ထ…'

'ဟ… ဟ… နေ… နေ…'

မေတန်ခူးခင်က အတင်းမတ်တပ်ထနိုင်းသဖြင့် ဖောင်းက ဟျာဟျာသလဲ ထလိုက်ရပါတယ်။ မေတန်ခူးခင်ကတော့ ဘာမှ မဖြစ်လေတဲ့ပုံစံမျိုး ရှိနေပါတယ်။

ဖောင်းမှာဖြင့် တစ်ခါဖူးမှ လူကြားထဲ ဒါမျိုးမိန်းကလေး တစ်ယောက်က သူ့ကို အတင်းမတ်တပ်ထနိုင်းတာ မကြုံဘူးလို့ ရှက်သွားပါတယ်။

ယောကျ်ားလေးပဲ မရှက်ရဘူးလို့ ဘယ်သူပြောမလဲ။

♦

စားသောက်ဆိုင်ကနေ လှမ်းကြည့်လိုက်ရင် အင်းလျားကန်ရေပြင်က ငြိမ်သက်နေပါတယ်။ အင်းလျားကန်ဘောင်ရိုးက ခုံတန်းများ အသစ်လေးတွေမှာတော့ စုံတွဲအချို့ ထိုင်နေတာကို မြင်နေရပါတယ်။

ဖောင်းက ဘူးသီးကြော်ကိုသာ စားနေရပေမယ့် နောက်ကျောက မလုံသလို ခံစားနေရပါတယ်။ တစ်ယောက်ယောက်ကများ တွေ့သွားလျှင် တစ်မျိုးထင်ကုန်ပြီး သရဲကို သွားပြောလျှင် ပြဿနာတက်နိုင်တယ်လို့။

မေတန်ခူးခင်ကတော့ ဒီလို ဘူးသီးကြော်ဆိုင်မှာထိုင်ပြီး စားတာကို အတော်ပျော်နေပုံရပါတယ်။ ဘာမှ မဖြစ်သလိုနဲ့ စားလိုက် ပြောလိုက်နဲ့ ဖြစ်နေပါတယ်။

'ဖောင်း… ဒီလို ဘူးသီးကြော်ဆိုင် ခဏခဏ လာစားဖူးသလား'

ဘူးသီးကြော်တွေ ကုန်သွားမှ မေတန်ခူးခင်က မေးလိုက်တော့…

'ခဏ ခဏတော့ မဟုတ်ပါဘူး၊ လမ်းကြုံတဲ့အခါ တစ်ခါတစ်လေ လာစားဖူးတာပေါ့'

'ရန်ကုန်တက္ကသိုလ်မှာ တက်ခဲ့တဲ့ကျောင်းသားတွေဆို ဒီလိုဆိုင်မျိုးမှာ စားရင်း စကားပြောရင်းက တော်တော် ပျော်ကြမှာနော်'

'ဒါပေါ့… ဘဝရဲ့ နုပျိုချိန်တွေကို ပညာရှာရင်း ရန်ကုန်တက္ကသိုလ်ကြီးက အနာဂတ်အတွက် အသိပညာ၊ လူလူချင်း ပေါင်းသင်းဆက်ဆံရေးတွေပေးရင်း ပညာရှာတဲ့ လူတွေကို လူ့လောက

www.burmeseclassic.com

www.burmeseclassic.com



နယ်ပယ်ထဲကို ပို့ဆောင်ပေးတာ'

ဓောင်းက စကားအဆုံး စီးပွားရေးတက္ကသိုလ် အဆောက်အ ဘက်ကို ကြည့်နေပါတယ်။ ကားတစ်စီးက ကျောင်းဝင်းထဲကို မော ဝင်သွားတာ လှမ်းမြင်ရပါတယ်။

'ဓောင်းကို... ဒီလိုမျိုး ခံစားချက်နဲ့ ပြောတတ်လိမ့်မယ် ကျွန်မ မထင်ထားတာ ခွင့်လွှတ်နော်၊ ဒါနဲ့... တက္ကသိုလ်မှာ ဓော အသည်းကော ကွဲခဲ့ဖူးလား'

'ဘာဖြစ်လို့... မေတန်ခူးခင်က မေးတာလဲ'

'ဒီလိုပါ... ဓောင်းနဲ့သိတဲ့ အချိန်ကစပြီး မိန်းကလေးတ ယောက်ရဲ့ အကြောင်းမျိုးပြောတာ မကြားရလို့ပါ၊ ခံစားချက်တေ ရှိမှာပေါ့'

ဘာရည်ရွယ်ချက်နဲ့များ မေတန်ခူးခင်က မေးလိုက်သလဲ တာ ဓောင်း စဉ်းစားမရ ဖြစ်သွားပါတယ်။

'တက္ကသိုလ်မှာ ပညာရှာတဲ့အချိန်မှာ ဘယ်လိုလို့ ရည် ရမှာလဲ၊ ရည်းစားထက် သူငယ်ချင်းတွေနဲ့ သွားလိုက်လာလိုက်၊ လိုက်နဲ့ အချိန်တွေ ဘယ်လို ကုန်သွားမှန်းကို မသိတာ'

'တကယ်... ဟုတ်လား'

'ဘာဖြစ်သွားတာလဲ... ပြောပါဦး'

ဓောင်းက မေတန်ခူးခင်ရဲ့ မျက်နှာကိုကြည့်ပြီး မေးလို တော့...

'မသိဘူး... ဒီမှာသာ နေခဲ့တော့၊ မသိဘူး၊ မသိဘူး'

'မေတန်ခူးခင်... မေတန်ခူးခင်...'

မေတန်ခူးခင်က ကောက်ခါငင်ကာပဲ ထိုင်ရာမှထပြီး ပြေး ထွက်သွားပါတယ်။ ဓောင်းခမျာ ဘူးသီးကြော်ဆိုင်ထဲမှာ တစ်ယောက် တည်း ကျန်နေရင်း ဘာလုပ်ရမှန်းမသိ။

မေတန်ခူးခင်က ဓောင်းထိုင်နေတဲ့ ဘူးသီးကြော်ဆိုင်ဖက် ဘောင် လှည့်မကြည့်တော့ဘဲ အငှားကားတစ်စီးကိုတားပြီး ငှားစီးသွား တာ မြင်လိုက်ရပါတယ်။

ဓောင်းခမျာ အူလည်လည်နဲ့ ဘာဆက်လုပ်ရမှန်း မသိဘဲ ပိုက်ဆံကျသင့်ငွေရှင်းပြီး ဘူးသီးကြော်ဆိုင်ထဲကနေ ထွက်လာခဲ့ပါ တော့တယ်။

◆

'ဓောင်း... သေချာပြီ၊ မေတန်ခူးခင်က မင်းကို ကြိုက်နေ ပြီထင်တယ်၊ ဒီလိုအပြုအမူမျိုးက စိတ်မဝင်စားဘဲနဲ့ မင်းကို ဒီလို စကားမျိုး ပြောတာတို့ ဘူးသီးကြော်ဆိုင် ထိုင်တာတို့ လုပ်မှာ မဟုတ် ဘူး'

နေ့လည်က အဖြစ်အပျက်ကို ဂျက်လှမြင့်နဲ့ ပုတိုတို့ကို ဓောင်း ပြန်ပြောပြတော့ ဂျက်လှမြင့်က မှတ်ချက်ချပါတယ်။

'အင်း... သရဲက သူ့နှမကို ဟိုလူနဲ့ စကားမပြောနဲ့၊ ဒီလူနဲ့ စကားမပြောနဲ့များ ချုပ်ချယ်လွန်းအားကြီးလို့ ပွင့်ထွက်သွားတယ် ထင်တယ်၊ ဟေ့ကောင်... ဓောင်း၊ မင်းကတော့ မေတန်ခူးခင်ကို ချစ်ဘူးလား၊ ချစ်စရာလေးပါကွာ၊ သဘောလည်း ကောင်းရဲ့သား နဲ့'

www.burmeseclassic.com



ပုတိုက ခေါင်းကို မေးလိုက်ပါတယ်။

'အခုချိန်မှာတော့… ငါ ဘာမှ မပြောတတ်သေးဘူး၊ ဒါပေ့
တစ်ချိုးတော့ တစ်မျိုးကြီးကွ'

'ဟေ့ကောင်… ဘာမှ လုပ်မနေနဲ့၊ သေချာပြီ မင်းလည်း
မေတန်ရူးခင်ကို ကြိုက်နေပြီ၊ တွေ့ပြီပေါ့ကွာ သရဲနဲ့တော့'

'ဂျက်လှမြင့်… တွေ့တာက အမှန်ပဲ၊ ဟိုမှာ… သရဲ ငါတို့
ဆီ လာနေတာတွေလား'

ဂျက်လှမြင့် ညွှန်ပြရာ ကြည့်လိုက်တော့ သရဲတစ်ယောက်
ခေါင်းတို့ရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာပါတယ်။

'ဟေ့ကောင်တွေ… မင်းတို့ သုံးယောက်စလုံးကို ဦးလေး
ဦးမောင်သန်းက ခေါ်ခိုင်းလို့ လာခေါ်တာ ပြောစရာရှိလို့တဲ့'

'ဘာပြောမှာလဲ… သရဲရ'

'ဒါတော့… ငါ မသိဘူး၊ လိုက်ခဲ့ကွာ'

အကြောင်းအရင်း ဘာမှ မသိသဖြင့် ခေါင်းတို့တစ်တွေ
လက်ဖက်ရည်ဖိုး ရှင်းပေးပြီး သရဲတို့အိမ်ဆီ ထွက်လာခဲ့ပါတယ်။

♦

သရဲတို့အိမ် ဧည့်ခန်းထဲက တိုင်ကပ်နာရီကို ကြည့်တော့
ညရှစ်နာရီ ထိုးနေပါပြီ။ ဧည့်ခန်းက ဆက်တီခုံပေါ်မှာ ခေါင်းတို့
သူငယ်ချင်းသုံးယောက်ကော သရဲအပါအဝင် ဦးလေးဦးမောင်သန်းတို့
ရှိနေပါတယ်။

မေတန်ရူးခင်ကိုတော့ မတွေ့ရပါ။



ဦးလေးဦးမောင်သန်းက ဘာပြောမှာလဲမသိ။ အခုထက်ထိ
ခေါ်ရခြင်းအကြောင်းကို မပြောဘဲ တရားပွဲပြီးသွားတဲ့ကိစ္စကိုသာ
ပြောနေပါတယ်။

'လေးလေး… ခေါင်းတို့ကို ခေါ်တာ ဘာလုပ်ဖို့လဲ၊ ပြော
စရာရှိတာ ပြောလေ'

'အေးပါ… သရဲရာ၊ ပြောမှာပေါ့၊ ဒီလိုဟေ့… တရားပွဲပြီး
တဲ့ညမှာ လေးလေး စဉ်းစားမိတာရှိတယ်၊ အဲဒါက အခု ကျိုက်ထီးရိုး
ဘုရားပွဲရာသီဆိုတော့ အိမ်မှာရှိနေတဲ့ လေးလေးရဲ့တူမကလည်း ကျိုက်
ထီးရိုးဘုရား မရောက်ဘူးသေးဘူး၊ ဒီတော့… သူ့ကို လိုက်ပို့ရမယ်၊
ကျိုက်ထီးရိုးဘုရားဖူးတာက အဖွဲ့နဲ့မှ ကောင်းတာဆိုတော့ ဘို့တစ်တွေ
သွားကြတာပေါ့ကွာ၊ လာမယ့် တနင်္ဂနွေနေ့မှာ သွားမယ်၊ လိုက်မယ်
မဟုတ်လား၊ ဒီနေ့… ကားတောင် သေသေချာချာ ပြင်ထားသေး
တယ်'

ဦးမောင်သန်းက ခေါင်းကို ကြည့်လိုက်ရင်း…

'ဪ… ခေါင်း၊ မင်းရဲ့အဒေါ် မသင်းကိုလည်း ပြောလိုက်
ဦးနော်၊ လိုက်လို့ရရင် လိုက်ခဲ့လို့ မိန်းမသားအဖော်က ဦးရဲ့တူမကော
မိမြင့်ကောရှိတယ်'

'ဟုတ်ကဲ့… ဦးလေး ပြောလိုက်ပါ့မယ်'

ခေါင်းက ခေါင်းညိတ်ပြလိုက်ရင်းမှ ပြောလိုက်တာကို ပုတိုနဲ့
ဂျက်လှမြင့်ကကြည့်ပြီး ပြုံးတူ ပြုံးလိုက်ပါတယ်။

'လေးလေးကလည်း… ကျိုက်ထီးရိုးဘုရားဖူးရင် လူကစုံ
တော့ တော်ကြာ မေတန်ရူးခင်ကို ကောင်လေးတွေက မိတ်ဖွဲ့ရင်း

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောရင် ဘယ်လိုပုပ်မလဲ'

'ဟော့ကောင်… သရဲ၊ ရုပ်ကြမ်းကြီးနဲ့ နှမနေနဲ့၊ မင်းရဲ့… နှမကို စောင့်ရှောက်ဖို့ ခေါင်းတို့လည်းပါတယ် မရှည်နဲ့'

'လေးလေးက… ဘာနဲ့တက်မှာလဲ၊ ခြေလျင်လား၊ ကားနဲ့လား၊ လေးလေး ပင်ပန်းမယ်နော်'

'ခြေလျင်တက်မှာ၊ ဒါမှ… ကျန်းမာတာကွ၊ မင်း… မတက်နိုင်ရင် မင်းဘာသာမင်း ကားနဲ့တက်၊ အေး… ကားနဲ့လည်း မတက်ချင်ရင် မင်းဘာသာမင်း ဒီမှာနေခဲ့၊ ဒါပဲ'

သရဲဆီက ဘာသံမှ မကြားရ။ ဦးလေးဦးမောင်သန်းရဲ့ တစ်ချက်လွှတ် အမိန့်အောက်မှာ သရဲ ငြိမ်သွားပါတယ်။

ဒီအချိန်မှာ ဝမ်းအသာဆုံးသူကို ပြောပါဆိုလျှင်တော့ အိမ်ခန်းထဲကနေ မသိမသာ နားထောင်နေတဲ့ မေတန်ခူးခင်ပဲ ဖြစ်ပါတယ်။

♦

တောတောင်ရိပ်ခြေ စိမ့်ရေစမ်းနှင့်
ကိုပ်တွေကြေငှန်း မြိုင်ဦးတွင်
သိန့်သရေလျှမ်း ခိုင်ဖူးဆင်သလို
ပနိုင်ဥကင် တုမဲ့ဘုန်း။
မညှိုးသာသနာ့ အမျိုးဘာသာ
အကျိုးထာဝရ ကိုးစရာပ
စံပြပုံမှာ
အနန္တဂုဏ်တွေ မြင်လည်းမြင်လှည့်ဦး။
အရှင်သာသနာရက္ခိတ(ကျိုက်ပိတောရ)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

နှင်းတွေက ကင်မွန်းစနေ်း အနှံ့အပြား သိပ်သည်းစွာ ကျနေပါတယ်။ ခေါင်းတို့တစ်တွေ ကင်မွန်းစခန်းကို ကားဆိုက်တော့ မနက်နှစ်နာရီထိုးပါတော့မယ်။ ကင်မွန်းစခန်းတောင်ခြေက ရေချိုးဆိုင်မှာပါလာတဲ့ပစ္စည်းတွေထားရင်း အနားယူနေမိကြပါတယ်။ စနေ၊ဘနင်္ဂနွေ ရုံးနှစ်ရက်ပိတ်တာမို့ ဘုရားဖူးခရီးသည်တွေက တောင်ခြေမှာ အပြည့်ပါပဲ။

'ရင်ပြင်တော်ပေါ်မှာတော့… လူကြပ်တော့မယ် ထင်တယ်ဟေ့'

ဦးလေးဦးမောင်သန်းက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ပြောလိုက်ပါတယ်။

'မသင်းရေ… ခြေလျင်တက်မှာဆိုတော့ လူငယ်တွေလို မလောနဲ့ မမောခင်နား၊ အမောပြေခါနီးပြန်တက် အဲဒါဆို လူသက်သာတယ်။

'အမယ်လေး… မပူနဲ့၊ ကိုမောင်သန်းရေ စိတ်ချ'

ဦးလေးဦးမောင်သန်းနဲ့ အန်တီသင်းက အတိုင်အဖောက်ညီနေသလို မေတန်ခူးခင်ကို ကြည့်ရတာလည်း အတော့်ကို ပျော်နေပါတယ်။

'ကဲ… ကဲ… မေတန်ခူးခင်၊ သမီးနားလို့ဝရင် မဟာရက္ခိတဘိုးဘိုးကြီးနန်းမှာ သွားဆုတောင်းဦး၊ ဘေးမသီရန်မခစေဖို့ အန်တီသင်းကတော့ နောက်မှ လိုက်လာခဲ့မယ်၊ သမီး… အစ်ကိုတွေ ခေါ်သွားလေ'

'ဟုတ်ကဲ့… ဒေါ်လေး'

မေတန်ခူးခင်က ထိုင်ရာမှထလိုက်ပြီး အနွေးထည်အင်္ကျီတစ်ထည်ကို ခရီးဆောင်အိတ်ထဲကထုတ်ပြီး ဝတ်လိုက်ပါတယ်။

'သရဲ… လိုက်သွားလေ'

ဦးလေးဦးမောင်သန်းက အိပ်ဖို့ဟန်ပြင်နေတဲ့ သရဲကို လှမ်းအမိန့်ပေးပါတယ်။

'ခေါင်းတို့ပါတာပဲ သွားပလေ့စေ၊ ကျွန်တော် အိပ်ချင်လို့၊ နောက်ငါးနာရီလောက် တောင်တက်မှာဆိုတော့ ကျွန်တော်က အိပ်ရေးပျက်ရင် မရဘူး၊ အိပ်ဦးမယ်'

သဝန်ကြောင်တတ်တဲ့ သရဲ သူ အအိပ်ပျက်မှာ ကြောက်လို့ တက်ရက်ရောရော နမဖြစ်သူကို ခွင့်ပြုလိုက်လို့ ဂျက်လှမြင့်နဲ့ ပုတိုကခေါင်းကို မျက်စိမှိတ်ပြလိုက်ပါသေးတယ်။

မေတန်ခူးခင်ကတော့ တော်တော့်ကို တက်ကြွနေသလားသိ။ တည်းခိုနေတဲ့ အဆောင်ရှေ့ တံတားပေါ်ကနေ ကားဒွေရပ်ထားတဲ့ နေရာကို ပြေးသွားလို့နေပါတယ်'

◆

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ဇော်၊ ဦးမောင်သန်းက မင်းနဲ့မေတန်ခူး ခင် နိုးစပ်ဖို့များ ဒီခရီးကို စီစဉ်တာလားမသိဘူး၊ ငါတော့… မသကာ ချင်ဘူး'

'မဟုတ်တာကွာ… တော်ကြာ မေတန်ခူးခင်က တစ်မျိုးထင် နေပါဦးမယ်'

ဂျက်လှမြင့်က မဟာရက္ခိနွေဝတီဘိုးဘိုးကြီး ရုပ်တုကို ကန်တော့ နေတဲ့ မေတန်ခူးခင်ကိုကြည့်ပြီး ပြောလိုက်တာကို ဇော်က ပြန်ပြော ရင်း ရပ်ထားတဲ့ ကားတွေကို ငေးကြည့်နေမိပါတယ်။

'ဇော်… ဗိုက်ဆာတယ်၊ မနက် စောစော ဘာစားလို့ရ မလဲ မသိဘူး၊ လာ… မြန်မြန်လာ၊ တစ်ဆိုင်ဆိုင်မှာ သွားစားရ အောင်'

ဘိုးဘိုးကြီးရုပ်တုကို ကန်တော့ပြီး ပြန်လာတဲ့ မေတန်ခူးခင် က ဇော်နားရောက်လာပြီး ကလေးတစ်ယောက်လိုမျိုး ပူဆာနေပါ တယ်။

'ဟောဟိုဘက်မှာတော့… စားသောက်ဆိုင်တွေ ရှိတာပဲ လာ'

ဇော်က စားသောက်ဆိုင်တွေရှိတဲ့ဘက် ညွှန်ပြရင်းက ထွက် လာကြပါတယ်။ စားသောက်ဆိုင်တွေမှာလည်း မနက်အာရုဏ်သာ မတက်သေးပေမယ့် စားသုံးသူတွေက အပြည့်ပါပဲ။

'လာနော်… မုန့်ဟင်းခါး ပူပူလေး'

အငွေ့တထောင်းထောင်း ထနေတဲ့ မုန့်ဟင်းခါးအိုးကို ဖွင့်နဲ့ မွှေရင်း စားသုံးသူကို ဈေးရောင်းတဲ့ ကောင်မလေးတွေက ခေါ်နေပါ တယ်။



'အတော်ပဲ… ချမ်းကလည်းချမ်းဆိုတော့ မုန့်ဟင်းခါးပူပူ လေးစားမယ်'

မေတန်ခူးခင်က တက်တက်ကြွကြွနဲ့ မုန့်ဟင်းခါးရောင်းတဲ့ ဆိုင်ထဲ အရင်ဝင်လိုက်ပါတယ်။

'မုန့်ဟင်းခါး လေးပွဲ… အကြော်ထည့်မယ်'

ဇော်တို့ ဝင်လိုင်လိုက်ချင်းမှာပဲ မေတန်ခူးခင်က မုန့်ဟင်း ခါးတွေ လှမ်းမှာပြီး ဇော်ရဲ့ဘေးမှာ ထိုင်ချပါတယ်။

'ချမ်းလိုက်တာကွာ… ရေနွေးပူသလား မသိဘူး'

ဂျက်လှမြင့်က ခတ်ဘူးထဲကရေနွေးကိုငှဲ့ပြီး လက်နှင့်ထိ ကြည့်ပြီး နွေးနွေးလေးမို့ သောက်ချလိုက်ပါတယ်။ ဒီအချိန်မှာပဲ မုန့် ဟင်းခါးပန်းကန်တွေ လာချပေးတော့ မေတန်ခူးခင်က ဗိုက်ဆာဟာ ဟန်တောင် မဆောင်နိုင်ဘဲ စားပါတော့တယ်။

'ဒီလိုမျိုး… မနက်ဝေလီဝေလင်းမှာ တစ်ခါဖူးမှ မစားဖူးဘူး၊ ဇော်းစားလေ'

မေတန်ခူးခင်ရဲ့ စားရင်းက တော်တော်ပျော်တယ် ထင်ပါရဲ့ ဇော်ကို စားခိုင်းနေပါတယ်။ ဇော်လည်း ဘယ်နေပါ့မလဲ။ တစ် လမ်းလုံး ကားစီးလာရတော့ ဗိုက်ဆာနေလို့ စားလိုက်ပါတယ်။ ဂျက် လှမြင့်နဲ့ ပုတိုက ဟိုကြည့်ဒီကြည့်ကြည့်ရင်း ဂျက်လှမြင့်က…

'ညီမ… ဝီစကီ မရဘူးလား'

'ဒီမှာတော့… မရှိဘူး၊ ဟိုဘက်မှာတော့ ရမလား မသိဘူး'

'ဂျက်လှမြင့်ရာ မင်းဟာက မိုးပဲလင်းတော့မယ် အသောက် ပါနဲ့ကွာ'

www.burmeseclassic.com



ဓောင်းက လှမ်းဟန့်တော့…

'ငါနဲ့… ပုတိုက ချမ်းနေပြီကွ၊ အနွေးဓာတ်လိုတယ်၊ မင်းမှာက ဘားမှာ မင်းကို အနွေးဓာတ်ပေးမယ့် အနွေးထည်ရှိတော့ ပြော အားရှိတာပေါ့'

ဂျက်လှမြင့်ရဲ့ စကားက ဘာစကားလဲ။ မေတန်ခူးခင် ရှက် နေဦးမယ်။

ဓောင်းက ဂျက်လှမြင့်ကို ပြောနေတုန်းမှာပဲ မေတန်ခူးခင်က ဘာမှ ရှော်သလို ပုံစံမျိုးနဲ့ မုန့်ဟင်းခါး နောက်တစ်ပွဲ လှမ်းမှာပါ တယ်။

တဖြည်းဖြည်းနဲ့ ဆိုသလို ဘုရားဖူးကားတွေကလည်း ဝင်လာ တာ ကင်မွန်းစခန်း တောင်ခြေမှာတော့ မနက်အာရုဏ်အချိန်မှာ အသံ တွေက ဆူညံနေတော့တာပါပဲ။

♦

တောရိပ်တောင်ရိပ်တွေက အေးမြလို့ နေပါတယ်။ ငှက်က လေးတွေရဲ့ အသံကလည်း ညံ့စီနေသလို ကျိုက်ထီးရိုးဘုရားဖူးဖို့ ခြေလျင်တက်နေတဲ့ ဘုရားဖူးတွေရဲ့ စကားသံ၊ အော်သံ၊ ရယ်သံတွေ ကလည်း လမ်းမတလျှောက် ပျံ့လွင့်လို့နေပါတယ်။

'ဦးမောင်သန်း… ဘယ်နှစ်မိုင်လောက် ဘုရားရင်ပြင်တော် ပေါ်ရောက်ဖို့ တက်ရမှာလဲ'

အန်တီသင်းက နဖူးပြင်မှ ထွက်ပေါ်နေတဲ့ ချွေးတွေကို လက် ကိုင်ပုဝါနဲ့ သုတ်လိုက်ရင်းက တညင်းပင်စခန်းမှာ ဖွင့်ထားတဲ့ ဆိုင်



ဘားက ဝါးကွပ်ပျစ်မှာ ထိုင်ချလိုက်ပါတယ်။ တောင်ဝှေးကိုတော့ လက်တစ်ဖက်က ကိုင်ထားပါတယ်။

'တက်ရမှာကတော့… ခုနစ်မိုင်ခွဲရှိတယ် မသင်းရဲ့၊ နားနား ပြီး တက်ပေါ့'

'လေးလေး… တောင်တွေက သမီးတို့ အခုတက်တာထက် မြင့်ဦးမှာလား'

'ငါ… တူမကလည်း အခုမှ အစရှိသေးတာ၊ ကျိုက်ထီးရိုး ဘုရားတည်ထားတဲ့ ကျိုက်ထီးရိုးတောင်က အခု လေးလေးတို့ ဘုရား ဖူးဖို့ တက်နေတဲ့ ပေါင်းလောင်းတောင်တန်းကြီးထဲမှာ အမြင့်ဆုံးပဲ တွဲ'

မေတန်ခူးခင်က ဦးမောင်သန်းကို ကလေးငယ်လို မေးနေတာ ကိုကြည့်ပြီး ပြုံးမိပါတယ်။ တကယ့်ကို နေရာဒေသအသစ်ကို ယခုမှ ရောက်လို့ ထူးဆန်းသလိုမျိုး ဖြစ်ပြီး မေးနေလို့ဖြစ်ပါတယ်။

'ငါ… တူမ ဆက်မှတ်ဦး၊ လေးလေး ပြောပြမယ်၊ မသင်း တို့လည်း သိချင်သိမှာပေါ့၊ ဒီ… ကျိုက်ထီးရိုးဘုရားကို ယခင်က ကျိုက်ဣသီယိုလို့ မှည့်တာ၊ ရသေ့ဦးခေါင်းဖြင့်ရွက်သော ဘုရားလို့ ခေါ်တယ်၊ ရသေ့ဦးခေါင်းသဏ္ဍာန် ကျောက်လုံးကြီးက နိမ့်လျှောတဲ့ အစွန်းမှ အပြင်ကိုထွက်ပြီး ချောက်ထဲကျလုတဲတဲ မေးတင်ပြီးရှိနေ တာ၊ အဲဒီ… ဦးခေါင်းသဏ္ဍာန် ကျောက်လုံးထိပ်မှာ ထီးတော် အပါ အဝင် ဉာဏ်တော် ၂၃ ပေ တစ်လက်မရှိတဲ့ စေတီတည်ထားတာ'

သရဲက ဘုရားဖူးဖို့ ခြေလျင်တက်ရလို့ မောနေရတဲ့ထဲ မေတန်ခူးခင်က ဦးမောင်သန်းကို သွားဆွပေးပြန်ပြီလို့ နှင့်သာမှ

www.burmeseclassic.com

www.burmeseclassic.com



လေရှည်ချင်နေရတာ ဦးလေးဦးမောင်သန်းက ဒါမျိုး သူ့အကြိုက် ဟာ…

'မေတန်နူးခင်… လေးလေးပြောတာ နားထောင်မနေ ဘုရားရင်ပြင်တော်ရောက်ရင် ကျိုက်ထီးရိုးဘုရားသမိုင်း စာအုပ်ဝ ဖတ်ရင် ပြီးနေပြီ၊ ဒီမှာမောပြီး နေရတဲ့အထဲ လေးလေးရဲ့ Talki တွေကတစ်မျိုး ကားနဲ့တက်ရင် ပြီးတဲ့ဟာ'

**'ဟော့တောင်**… သရဲ၊ ဟိုက… မသိလို့မေးနေတာကွ၊ သိ လူကပြောတာ၊ ဘယ်လော ဗဟုသုတရလဲ မင်းမောရင် သွား တောင်ခြေကနေ ကာ တက်၊ ကျိုက်ထီးရိုးဘုရားဖူးခြ ရဲ့ရသကို တောင်တက်မှ သိတ နေ့မှာ… ရွှေရင်စို့စခန်း ဟော့မယ်၊ မင်း… အမော ထား အဲဒီမှာ မင်းရင်ကို စို့ မယ်'



သရဲတံမှ ဘာစကား ထွက်မလာတော့။

'ကဲ… အမောမပြေခင် တက်မယ်ဟော့၊ မသင်း… ရွှေ လမ်းကြမ်းတယ်၊ တောင်ဝှေးကို သေသေချာချာ အားပြုနော်'

'ရတယ်… ကိုမောင်သန်းရေ၊ ဖြည်းဖြည်းပဲ တက်မ ကျွန်မကို မစောင့်နဲ့'

အန့်တီသင်းက တောင်ဝှေးကို အားပြုပြီးဆိုင်ရာမှ ထလိုက်ပါ တယ်။

'ဓောင်း… ဦးမောင်သန်းက အန့်တီသင်းကို ကြင်နာနေပါ သားဟေ့၊ ကျိုက်ထီးရိုးကို ဘုရားဖူးခေါ်လာတာ ဦးမောင်သန်း ဘာ ခွင့်တွေပါလဲ မသိဘူး'

'အသက်ကြီးသူအချင်းချင်း စာနာတာနေမှာပေါ့၊ ကဲ… ဘာမှ ပြောမနေနဲ့ တက်မယ်'

ဓောင်းက အမိန့်ပေးလိုက်တဲ့ စကားအဆုံး ခြေလှမ်းတွေက သွက်သွက်လက်လက်နဲ့ ခရီးဆက်ပါတယ်။ **ဦးဓောင်သန်းနဲ့ အန့်တီ** သင်းကတော့ ဓောင်းတို့နောက်ကနေ ဖြည်းဖြည်းချင်း **လိုက်တာပါ** တယ်။

◆

ရွှေရင်စို့စခန်းနား ရောက်လာခါနီးတဲ့အခါမှာ ရွှေရင်စို့ဆိုတဲ့ အတိုင်း ရင်စို့မတတ်မောပြီး ချွေးတွေက ဘာတွေလည်း ရွှဲကုန်ကြ ပြီ။

'အလှူခံပါတယ်… ခင်ဗျာ၊ ဘုရားဖူးလာတဲ့ လူတွေ ဂမ္ဘ တစ်တွေ မဖြစ်စေရေးအတွက် လမ်းကိုကျောက်ပြားခင်းဖို့ လှူဒါန်း ပါတယ်၊ ကျောက်ပြားတစ်ချပ်မှ ငါးရာ့ငါးဆယ်ထဲပါ၊ ဆယ်ချပ်မှ ငါးထောင့်ငါးရာပါ၊ လှူသွားကြပါဦး'

ရွှေရင်စို့စခန်းနား ရောက်ခါနီးမှာ အလှူခံသူတစ်ဦးက အနီး အနားမှာ ကျောက်ပြားချပ်အချို့ ထောင်ထားရင်းက ဦးလေးဦးမောင်

www.burmeseclassic.com

www.burmeseclassic.com



သန်းကို အလှူခံနေပါတယ်။

ဦးလေးဦးမောင်သန်းက ကျောက်ပြားအလှူခံနေတဲ့ လူရဲ့ မျက်နှာကို သေသေချာချာ ကြည့်လိုက်ပြီး…

'ဒီမှာ… ကျုပ် အသက်ငါးဆယ်ကျော်ပြီ၊ လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်ကတည်းက ကျောက်ပြားခင်းဖို့ဆိုပြီး ဒီနေရာမှာပဲ အလှူခံနေတာ၊ ဘာကျောက်ပြားမှ မခင်းဘူး၊ အခု… အသက်ငါးဆယ်ကျော်တော့လည်း ဒီအတိုင်းပဲ၊ ဘုရားကို… ကြည်ညိုလို့ ဘုရားလာဖူးတဲ့ လူတွေကို ရိုက်စားမလုပ်နဲ့'

ဦးလေး ဦးမောင်သန်းက အပြတ်အသတ် အလှူခံတဲ့သူကိုကောနေလို့ သရဲက ဦးလေးဦးမောင်သန်းရဲ့ လက်မောင်းကို ဆွဲရင်း…

'လာပါ… ဦးလေးရာ၊ မောနေရတဲ့အထဲ ဦးလေးက သွားရန်ဖြစ်နေသေးတယ်၊ ဦးလေး… မလှူရင်နေပေါ့၊ လာ… လာ…'

'မဟုတ်ပါဘူးကွာ၊ မလုပ်သင့်လို့ပြောတာ'

ဦးလေးဦးမောင်သန်းက မကျေမနပ်နဲ့ သရဲဆွဲခေါ်ရာနောက် လိုက်ပါလာပါတယ်။

ရွှေရင်စို့စခန်းရောက်တော့ အားလုံးမောကုန်ကြပါပြီ။ ပါလာတဲ့ ရေသန့်ဘူးတွေ ဖွင့်သောက်ပြီး ဓာင်းတို့တစ်တွေ အနားယူနေကြပါတယ်။

သရဲကတော့ ပင်ပန်းလို့ဆိုပြီး ရွှေရင်စို့စခန်းက စားသောက်ဆိုင် ဘေးနားမှာရှိတဲ့ ကွပ်ပျစ်ပေါ် လှဲအိပ်ချလိုက်ပါတယ်။

'အဲဒါပဲ… မသင်းရယ်၊ ကျိုက်ထီးရိုးဘုရားကို ဖန်းပြပြီး





အလှူခံစားနေကြတာ ကောင်းလား၊ မသင်း… စဉ်းစားကြည့်'

အရေးထဲ ဦးလေးဦးမောင်သန်းက စောစောကကိစ္စကို ကျေနပ်နိုင်သေးဘဲ ပြန်လည် တင်ဆက်နေပါသေးတယ်။

'ကိုမောင်သန်း… ရော့၊ ရေသောက်ဦး၊ စောစောက… ရန်ဖြစ်ရတာ ရေမသောက်ရသေးဘူး မဟုတ်လား သောက်လိုက်'

ဦးမောင်သန်းက အန်တီသင်းပေးတဲ့ ရေဘူးကို လှမ်းယူရင်း…

'မဟုတ်သေးပါဘူး…မသင်းရယ်၊ ဒါ… လုပ်စရာမှ မဟုတ်တာ'

'လုပ်စရာ မဟုတ်ရင် ဒီမှာထိုင်ပြီး နားပြီးမှတက်တော့ လေးသားရေ၊ သမီးတို့… အရင်တက်မယ်'

မေတန်ခူးခင်က ဦးလေးဦးမောင်သန်းရှိရာ လာပြီးပြောရင်း ပါးစပ်ထဲ ပီကေတစ်ခုခုထည့်ပြီး ဝါးလိုက်ပါတယ်။

'လေးလေးတို့ဘာသာ တက်ချင်တဲ့အချိန်တက်၊ ကျွန်တော်က ကွပ်ပျစ်ပေါ်မှာ တရေးအိပ်လိုက်ဦးမယ်၊ မောတာကော အိပ်ပျက်တာကော မခံနိုင်တော့ဘူး၊ ဘယ်အချိန်ရောက်ရောက် ကျိုက်ထီးရိုးဘုရားက နေရာရွှေ့မှာ မဟုတ်တာ'

'အေး… မင်းဘာသာ အိပ်ပဲအိပ်အိပ် တက်ပဲတက်တက် အေလို့ ပြန်ချင်လည်း လှည့်ပြန်၊ သရဲ… မင်း ကြိုက်သလိုလုပ်'

ဦးလေးဦးမောင်သန်းက သရဲကို ဘုတောတော ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သရဲဘဲ့တော့ ထော်သော်လှန့်နေရာကနေ နဖူးပေါ်လက်တင်ပြီး မျက်လုံးကိုမှိတ်ထားပြီး အောင်းအောင်းကြီး ဇိမ်ယူနေပါတော့တယ်။

◆

နေက ရှစ်နာရီလောက်ရှိပြီဆိုတော့ နေက နည်းနည်း ပူလာပါပြီ။ ဒါပေမယ့် သစ်ရိပ်ဝါးရိပ်တွေက ရှိတော့ နေပူလို့ပူမှန်းမသိဖြစ်နေပါတယ်။

မေတန်ခူးခင်ကတော့ တော်တော့်ကို ပျော်နေပုံရပါတယ်။ သူ့များထက်ဦးအောင် ပြေးပြေးပြီးတက်နေတာ မောရမှန်းတောင် မသိအောင်ပါပဲ။

'ဓောင်း... ဒီတစ်ခါ သရဲ သဘောကောင်းလှချည့်လားကွ၊ သူ့နာကို ဘယ်သွားသွား သဝန်တိုတဲ့ကောင်က အခုကျတော့ ဘယ်လိုဖြစ်လို့ စိတ်ချလက်ချ ငါတို့နဲ့ ဘုရားဖူးဖို့ လွှတ်ထားသလဲ မသိဘူး'

'ပုတိုရာ... မင်းကလည်း သရဲအကြောင်းသိသားနဲ့ ဒီကောင်ဒီလောက် အအိပ်မက်တာ ဒီကောင်မို့လို့ကွာ၊ ယောက်ျားကြီးတန်မယ့် ပင်ပန်းလို့ အိပ်ပျက်လို့ဆိုပြီး လမ်းကဆိုင်မှာ အိပ်ပြီး နေခဲ့ရတယ်လို့၊ ကျိုက်ထီးရိုးဘုရားဖူး ခြေလျင်တက်တဲ့ သူတွေထဲမှာတော့ ဒီကောင်ကတော့ မှတ်တမ်းဝင်ပြီ၊ လူတွေမှ အားမနာကွာ'

မေတန်ခူးခင်က ရှေ့ကနေ ဦးဆောင်ပြီး တောင်ပေါ်ပြေးတက်နေတာကို ကြည့်ပြီး ပုတိုက ဓောင်းကိုမေးတာ ဂျက်လှမြင့်က



ပြန်ဖြေရင်းကနေ အနောက်ကို ပြန်လှည့်ကြည့်လိုက်ပါတယ်။

'ဦးလေးဦးမောင်သန်းနဲ့ အန်တီသင်းကတော့ ညနေတောင်မှ ဘုရားရင်ပြင်တော်ပေါ် ရောက်ပါ့မလား မသိဘူး၊ ဦးမောင်သန်းလေက တကယ်ရှည်တာ၊ စကားပြောလိုက် နားလိုက်နဲ့ဆိုရင်တော့ ဟုတ်ပြီဟေ့'

'အရေးကြီးတာက... ငါတို့ စောစောရောက်ဖို့ပဲ တော်ကြာ တည်းရခိုရ နေရာမရဘဲ နေလိမ့်မယ်'

ဓောင်းက ခပ်သုပ်သုပ် ရှေ့ကိုတက်နေရင်းမှ လမ်းက နည်းနည်း မတ်လာလို့ ခဲတွေဂဝှူတွေကို ရှောင်ရင်း ပုတိုနဲ့ဂျက်လှမြင့်ကို အော်ပြောလိုက်ပါတယ်။

'မေတန်ခူးခင်... သိပ်ပြေးမတက်နဲ့၊ လမ်းက ညီတာမဟုတ်ဘူး၊ တော်ကြာ... ချော်လဲမယ် မှန်မှန်သာတက်'

'ရတယ် ဓောင်း... အဲဒီလောက်နဲ့တက်မလာနဲ့၊ ဒီက အေးအေးဆေးဆေးပဲ'

ခဲတွေဂဝှူတွေပေါက်လို့ သတိပေးတာကို မေတန်ခူးခင်က ပြန်အော်ပြောရင်း တောင်ဝှေးနဲ့ ရှေ့ကိုပြေးအတက် တောင်ဝှေးထောက်ချက်က မြေမညီတဲ့အတွက် ဟန်ချက်ပက်ပြီး လဲကျသွားပါတယ်။

'မေတန်ခူးခင်... ဘာဖြစ်သေးလဲ၊ ဒီက... ပြောနေတာကို အလေးမှ မထားတာ၊ အခု... ခြေချော်လဲပြီ မဟုတ်လား'

ဓောင်းက လဲကျနေတဲ့ မေတန်ခူးခင်နား ပြေးသွားရင်းမှ ပြောလိုက်ပါတယ်။

'ကဲပါ... နောက်မှပြော၊ ဒီမှာ... တောင်ဝှေးထောက်တာ

www.burmeseclassic.com



ဆို ခြေချော်ထားတာ ခြေထောက်ကို နာသွားတာပဲ၊ ထူပါဦး'

မေတန်ခူးခင်က လက်လှမ်းပေးလို့ ခေါင်းက ဆွဲထူရ

တယ်။

'တော်တော် နာသွားလား၊ လာ··· ဖြည်းဖြည်းလေး ထ

လျှောက်၊ ရှေ့နားရောက်ရင် ရေမြှောင်ကြီး ရောက်တော့မယ်၊ အဲဒီက

ဝရုပ်ဆီလေး ဘာလေးလူးလိုက်၊ နားဦးမှာပဲဟာ'

'ဒီလိုဖြစ်တာ ခေါင်း သတိပေးလို့၊ နို့မို့ဖြစ်မှာ မဟုတ်ဘူ

အား···'

မေတန်ခူးခင်က မျက်နှာကို ရှုံ့မဲ့ရင်းမှ ခေါင်းလက်ကိုကို

ပြီး ဖြည်းဖြည်းချင်း ရှေ့ကို လှမ်းတက်နေပါတယ်။ မေတန်ခူး

ကတော့ မသိ။ ခေါင်းခမျာတော့ သူ့လက်ကိုကိုင်ပြီး တောင်တက်

တဲ့ မြင်ကွင်းကို သရဲသာ တွေ့လို့ကတော့ ဘာပြောလေမလဲမသိ

ပြီးတော့ သူ့စိတ်ထဲမှာ ဒါမျိုး မဖြစ်ဘူးတော့ ကြက်သီးတွေ ဘာ

ထလို့ မနည်းစိတ်ကို ဖျောက်ပစ်နေပါတယ်။

◆

ရေစီးသံတွေ ရေကူးသံတွေ၊ အော်သံ၊ ဟစ်သံတွေက

မြှောင်ကြီး စခန်းကို အလှဆင်ထားသလို ဖြစ်နေပါတယ်။ ရေတွေ

မြင်လိုက်ရလို့ ပင်ပန်းသမျှ အမောတွေ ပြေပျောက်သွားမတတ်အော

ပါပဲ။

ခေါင်းက ရေမြှောင်ကြီးစခန်းမှာ ဖွင့်ထားတဲ့ စားသော

ဆိုင်က ခုံတန်းလျားမှာ ယိုင်ရင်း ခဏနားဖို့ ဆုံးဖြတ်လိုက်ပါတယ်



'မေတန်ခူးခင်··· လာ၊ ဒီမှာထိုင်··· ပရုပ်ဆီ သွားတောင်း

လိုက်ဦးမယ်'

မေတန်ခူးခင်က ခေါင်းညိတ်ပြပြီး ရေတံခွန်မှာ ရေကူးနေတဲ့

သူတွေကို ကြည့်နေမိပါတယ်။

'အတော်ပဲ··· ဦးစိုင်းဒဏ်ကြေလူးဆေးရတယ်၊ ကဲ··· ဘယ်

နေရာ နာတာလဲ'

'ဒီနေရာ···'

မေတန်ခူးခင်က ခြေမျက်စိအောက်ဖက် လက်ညှိုးထိုးပြလို့

ခေါင်းက ဖြစ်ချင်ရာဖြစ် မြင်ချင်တဲ့သူမြင် ထင်ချင်သလိုထင်ဆိုပြီး

ဦးစိုင်းဒဏ်ကြေလူးဆေးကို ယူပြီး ခြေမျက်စိအောက်ကို ခပ်နာနာဖိ

ပြီး လိမ်းပေးပါတယ်။

'နာတယ်··· ဖြည်းဖြည်း··· ဖြည်းဖြည်း···'

'မဖြေးနဲ့··· ဒီလိုနာမှ ပျောက်မှာ သွေးပူမှ'

ခေါင်းက မေတန်ခူးခင်ရဲ့ ခြေမျက်စိအောက်ကို ဆေးလူးပေး

နေတာကို မေတန်ခူးခင်က ပါးစပ်ကသာနာလို့အော်နေပေမယ့် ကျေနပ်

လို့ နေမိပါတယ်။

'ဘာစားမလဲ··· ဗိုက်ဆာနေပြီ မဟုတ်လား'

'ခေါင်း··· စားတာမှာလေ'

'ဒါဆို··· ဘာရလဲ မေးကြည့်ဦးမယ်'

'လာပါဦးဟေ့···'

ခေါင်းက လှမ်းခေါ်လိုက်တော့ စားသောက်ဆိုင်က ကောင်

မလေးက ရောက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာရှသထဲ…'

'ထမင်းကြော်တို့… ကော်ဖီမစ်တို့ရတယ်၊ ခေါက်ဆွဲပြုတ်တို့ အာတို့လည်းရတယ်'

'ဒါဆို… ထမင်းကြော် ကြက်ဥနဲ့ နှစ်ပွဲပေး'

စားသောက်ဆိုင်က ကောင်မလေးက အနီးအနားကနေ ထွက်သွားပါတယ်။ အဲဒီအချိန်မှာပဲ ဂျက်လှမြင့်နဲ့ ပုတိုတို့ ရောက်ချလာပါတယ်။

'ဟဲ့… မေတန်ခူးခင်၊ ဘယ်လိုလဲ၊ ဆရာဝန် ဆေးကုပေးလို့ သက်သာ သွားပြီးလား၊ အဲဒါ… ဘာဆေးလဲ'

'ဘာဆေးရမှာလဲ… ဦးစိုင်းပေါ့'

မေတန်ခူးက ဂျက်လှမြင့် နောက်လိုက်တာကို မျက်စောင်းထိုးရင်းက ပြန်ပြောလိုက်ပါတယ်။

'ဒါပဲကွာ… တစ်ယောက်လက် တစ်ယောက်ချိတ် ဘုရားသွားအတူ ကျောင်းသွားမတူ၊ မရှိတာ နာတယ်'

'ဟော့ကောင်… ပုတို၊ မင်းစကား ဘာစကားလဲ၊ ကဲ… ဘာစားမှာလဲ'

ဇောင်းက လှမ်းဟန့်တာကို ပုတိုက…

'လာပြီ… ငါတို့ကို စကားလမ်းကြောင်းလွှဲပြီး လာဘ်မထိုးနဲ့ ရေမြှောင်ကြီးရောက်မှတော့ ရေကူးဦးမယ်၊ ဟိုမှာ… ဘောင်းဘီတွေ ဘာတွေ ငှားတယ်၊ လာ… ဂျက်လှမြင့် သွားမယ်'

ပုတိုက ဂျက်လှမြင့်ကိုခေါ်ပြီး ရေတံခွန်ရှိရာဘက်ကို စားသောက်ဆိုင်ထဲကနေ ထွက်သွားပါတယ်။



အဲဒီအချိန်မှာပဲ ထမင်းကြော်မှာထားတာ လာချပေးလို့ ထမင်းကြော်ကို ကြည့်လိုက်ပြီး မေတန်ခူးခင်ကော ဇောင်းပါ စိတ်ပျက်သွားပါတယ်။ ထမင်းက ဆန်ပျော့နေပြီး ကြက်ဥနည်းနည်းနဲ့ မွှေကြော်ထားလို့ပါ။ ထမင်းကြော်က ဆီမပါ ဆားမပါနဲ့ ဘယ်လိုမှ ပုံမလာပါ။

'မေတန်ခူးခင်… ဘာမှ လုပ်မနေနဲ့ ဗိုက်ဆာနေပြီ မဟုတ်လား၊ ကြိတ်မှိတ်ပြီးတော့သာ စားပေတော့၊ ရန်ကုန် မဟုတ်ဘူးဆိုတာ မှတ်ထားဦး'

ဇောင်းက စတင်ပြီး စားလိုက်လို့ မကြာခင်မှာပဲ မေတန်ခူးခင်လည်း ဗိုက်ဆာလို့ ဟန်မဆောင်နိုင်ဘူး ထင်ပါရဲ့ စားလိုက်တာ ထမင်းကြော် ကုန်သွားတဲ့အပြင် ကော်ဖီမစ်တစ်ခွက်ပါ ထပ်မှာရပါသေးတယ်။

'အခုတော့ ခြေထောက်ကောင် မနာတော့ဘဲ စားနေလိုက်တာ ဗိုက်ဝလို့ပျောက်ပြီ ထင်ပါရဲ့'

ဇောင်းရဲ့စကားကြောင့် မေတန်ခူးခင်က ဒေါသထွက်တဲ့ အမူအရာမျိုးနဲ့…

'ဘာလဲ၊ ဇောင်းက နောက်တာလား'

'နောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာ'

'ဒါဆို မသောက်တော့ဘူး'

မေတန်ခူးခင်က ထိုင်ရာကနေ စိတ်ဆိုးသလိုပုံစံမျိုးနဲ့ ထလိုက်တာ ခုံနဲ့ ခလုတ်တိုက်သလိုဖြစ်ပြီး လဲကျမလိုဖြစ်သွားလို့ ဇောင်းက လှမ်းဆွဲလိုက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



'ဒေါသကြီးနဲ့တော့နော်၊ တစ်ခုခုဖြစ်သွားရင် ဒုက္ခ'

'ဘာဖြစ်လို့ ဒုက္ခလို့ ပြောတာလဲ'

'မေတန်ခူးခင်ကို ချစ်လို့'

'မယုံပါဘူး'

မေတန်ခူးခင်က သူမစကားအဆုံး ဓောင်းရဲ့မျက်နှာကို ကြည့်လိုက်ပါတယ်။ ဓောင်းကလည်း ပြန်ကြည့်လို့ပေါ့။

'တကယ်တော့... မေတန်ခူးခင်နဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ ဘဝမှာ နှစ်ယောက်သားကို ချိတ်ဆက်ပေးမယ့် ပျောက်ဆုံးနေတဲ့ နှလုံးသားကို လိုက်ရှာကြတာ အခုတော့ အဲဒီ နှလုံးသားကို တွေ့သွားကြတာ'

'အံမယ်... သူ့ဘာသာသူ တွေ့တာပါ၊ ဒီမှာက... ရှာမတွေ့သေးပါဘူး'

'မညာနဲ့နော်...'

'ဟွန်း... တော်တော်လည်တယ်၊ ကျိုက်ထီးရိုး ဘုရားဖူးမှ ရည်းစားစကားပြောတယ်၊ လူလည်...'

ဓောင်းက မေတန်ခူးခင်ရဲ့ လက်ကိုကိုင်လိုက်ပါတယ်။ မေတန်ခူးခင်ကလည်း ဓောင်းရဲ့လက်ကို ကိုင်လိုက်ပြီး နှစ်ယောက်သား ပြုံးလိုက်ရင်းက...

'ဒီဘဝ... ဒီချစ်သူသာ ကျွန်တော့်ရဲ့ ဘဝခရီးဖော်မွန် ဖြစ်ရပါစေလို့ ကတိပေးပါတယ်၊ ဟောဒီမှာရှိတဲ့ တောစောင့် တောင်စောင့် နတ်များကို တိုင်တည်ပါတယ်၊ အနှောင့်အယှက်များကို ရှောင်ရှားပေးပါ'



ဓောင်းက ထိုင်ရာကနေ သစ္စာဆိုတိုင်တည်နေတာကို မေတန်ခူးခင်က ကျေနပ်တဲ့ ကြည်နူးမှုတွေနဲ့ ကြည့်လို့နေပါတယ်။

◆

'ဒီဆိုင်က... လူတွေ ထမင်းမကြော်တတ်ဘူးလား မသိပါဘူး မသင်းရယ်၊ ပိုက်ဆံတော့ လိုချင်တယ်၊ ကောင်းကောင်းတော့ မလုပ်ဘူး'

ရေမြောင်ကြီးစခန်းကို နောက်ကျမှ ရောက်လာတဲ့ ဦးလေးဦးမောင်သန်းက အန်တီသင်းကို ထမင်းကြော်စားပြီး စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်ပါတယ်။

'ဟုတ်ပါရဲ့... ကိုမောင်သန်းရယ်၊ တစ်ပွဲကို ထောင့်ငါးရာ ကောင်ယူတာ နည်းသလား၊ အရသာ ကောင်းကောင်းလေးတော့ လုပ်ပေးသင့်တာပေါ့'

အန်တီသင်း စကားအဆုံး ဦးလေးဦးမောင်သန်းက ထိုင်ရာကနေ ထပြီးတော့ ရေတံခွန်ဖက်ကိုကြည့်ပြီး လက်နှစ်ဖက်ကို ခါးမှာ ထောက်ရင်းက အသက်ကို မှန်မှန်ရှူရှိုက်လုပ်လို့ နေပါတယ်။ အချိန်က ငါးမိနစ်လောက် ကြာပါတယ်။ ပြီးမှ အန်တီသင်းအနားကခုံမှာ ထိုင်လိုက်ပါတယ်။

'ကိုမောင်သန်း... စောစောကလုပ်တာ ဘာလဲ လေ့ကျင့်ခန်းလား'

'ဟုတ်တယ်... မသင်းရဲ့၊ အဲဒါမျိုး... မနက်စောစောမှာ အာနာပါနလုပ်ပေး၊ ကျန်းမာတယ်၊ ဟားဗတ်တက္ကသိုလ်က သုတေ

www.burmeseclassic.com



သနေညာရွင်တွေဟာ ဝမ်းဗိုက်ရောက်အောင်ဖြည်းဖြည်းနဲ့မှန်မှန် အသေ
မှုဖိတ်လုပ်တာဟာ ဦးနှောက်ထဲကို သွေးပိုမိုရောက်ရှိစေပြီး စိတ်ဖိအ
ဖြစ်မှုကို ၆၅ ရာနိုင်နှုန်း လျှော့ကျစေတယ်တဲ့၊ ဒါက··· ငွေမကုန်
ကျန်းမာတဲ့ နည်းလမ်းပဲ လုပ်ကြည့်ပါလား'

'ကိုမောင်သန်းနဲ့ တွေ့မှပဲ ကျန်းမာရေးအတွက် ဗဟုသု
တွေ အသေတွေတိုးလာတာပဲ၊ အခု··· ကျိုက်ထီးရိုးဘုရားဖူးဖို့ ခြေလ
တက်တာ လူကိုဝင်ပန်းပေမယ့် အကြောအချဉ်တွေ လျှော့သွားသ
ပဲ'

ဦးလေးဦးမောင်သန်းက ရေနွေးတစ်ခွက် ကုန်အောင်သော
လိုက်ပြီးတဲ့နောက်···

'ကဲ··· ခရီးဆက်မယ်ဟေ့၊ ငါတူ··· သရဲကတော့ အိမ်
က မနိုးသေးဘူးထင်တယ်၊ ဒီကောင်ကတော့··· ပြော မပြောချင်
ဟေ့'

ဦးမောင်သန်းက ဓောင်းတို့ဖက်လှည့်ကြည့်ရင်း···

'ဓောင်းနဲ့တူမတို့··· အရင်တက်နှင့် လေးလေးတို့ နော
ကနေလိုက်ခဲ့မယ်၊ ကဲ··· တက်တော့'

ဓောင်းလည်း ကျသင့်တဲ့ငွေကို စားသောက်ဆိုင်က ကော
လေးကို ရှင်းပေးပြီး ရေမြောင်ကြီးကနေ ခရီးဆက်ဖို့ ပြင်ဆ
တော့တယ်။ ရေမြောင်ကြီးစခန်းမှာတော့ ထပ်ရောက်လာတဲ့ ဘုရာ
တွေရဲ့ အသံတွေက ဆူညံစွာနဲ့ ကျန်ရှိခဲ့ပါတော့တယ်။

♦



ဓောင်းတို့တစ်တွေ ခရီးဆက်လာတာ အတော့်ကို ခရီးတ
ပေါက်လာပါပြီ။ မတ်စောက်တဲ့ ဖိုးပျံတောင်ကိုတက်တဲ့ အခါမှာတော့
ချွေးတွေရွဲနစ်နေပါပြီ။ ပင်ပန်းသမျှတွေကို ပတ်ဝန်းကျင်ရှုခင်းကိုကြည့်
တော့ စိမ်းတောင်းမြစ်ကို လှမ်းမြင်နေရလို့ အမောပန်းပြေသလိုလို
ဖြစ်ရင်း လေကတိုက်လိုက်တဲ့အခါ နှမ်းပြင်ကို လေနဲ့ထိတွေ့တဲ့
ရေသာက အတော်လေး ခံစားမှုကောင်းတာမျိုး ရန်ကုန်မြို့မှာ ဒါမျိုး
ရနိုင်ဘူးလို့တောင် ထင်မိပါတယ်။

မေတန်ခူးခင်ကလည်း ဓောင်းလက်ကိုတွဲထားရင်းမှ မော
ာယ်လို့ တစ်ခါမှ မညည်းလို့ ဓောင်းတောင် စိတ်ထဲက ချီးကျူးမိ
နေပါသေးတယ်။ ပြီးတော့ သူနဲ့ မေတန်ခူးခင် မြန်မြန်ဆန်ဆန်ပဲ
ရေမြောင်ကြီးစခန်းမှာ ချစ်သူဖြစ်သွားတာ ဂျက်လှမြင့်နဲ့ ပုတိုသာ
သိရင် ဘာပြောလေဦးမလဲလို့ ဓောင်းက စဉ်းစားမိနေပါသေးတယ်။

ခရီးက ဆက်ရင်းဆက်ရင်းနှင့် စခန်းလေးစခန်းကို ဓောင်း
တို့ ရောက်လာကြပါတယ်။

'ဒီမှာ··· ခဏနားရင်း ဦးလေးဦးမောင်သန်းနဲ့ အန်တီသင်း
တို့ကို စောင့်ဦးမယ်ဟေ့'

ဓောင်းက စခန်းလေးစခန်းမှာရှိတဲ့ စားသောက်ဆိုင်ငယ်လေး
ထဲ ဝင်ထိုင်ရင်း အအေးနှစ်ပုလင်း မှာလိုက်ပါတယ်။

'ဟေ့ကောင်··· ဓောင်း၊ ဒီလို··· ခွဲခြား ခွဲခြား မလုပ်နဲ့လေ
ငါတို့လည်း မှာပေးဦးလေ'

'ပုတိုရာ··· မင်းတို့ ဘာသောက်မှာမှန်းမှ မသိတာ'

www.burmeseclassic.com

www.burmeseclassic.com



ဂျက်လှမြင့်နဲ့ ပုတိုက မကျေမနပ်တဲ့ ပုံစံမျိုးနဲ့ အအေးနှစ်ပုလင်း ထပ်မှာပြီး ခေါင်းနဲ့ မေတန်ခူးခင်ကို အကဲခပ်နေပါတယ်။

'ခေါင်း... 'အခု ဒီမှာနားတဲ့ စခန်းလေးဆိုတဲ့ နာမည်ကို ဘယ်သူပေးခဲ့တာလဲ၊ မောသမျှ ဒီနေရာရောက်တော့ အတိုးချနားလိုက်ရတာ အမောကို ပြေသွားတာပဲ'

မေတန်ခူးခင်က အအေးပုလင်းကို ပိုက်နဲ့တစ်ငုံစုပ်သောက်လိုက်ပါတယ်။

'အပြည့်အစုံတော့... မသိဘူး၊ သိသလောက်ပြောရရင်တော့ မြတ်စွာဘုရားရဲ့ ဆံတော်ကို ရထားတဲ့ တိဿရသေ့ကြီးက အိုလာတဲ့အခါ ဆံတော်ကို ဌာပနာပြီး စေတီတည်ချင်တယ်၊ အဲဒါကြောင့် သိကြားမင်းနဲ့ တိဿမမ္ဗသီဟရာဇာမင်းတို့က စေတီတည်တယ်၊ အဲဒီလို... စေတီတည်မယ်ဆိုတော့ အနီးအနားမှာရှိတဲ့ ရွာက လူတွေလည်း ဆံတော်ကို ဖူးမျှော်ဖို့လာကြတယ်၊ ဒီအထဲမှာ ကရင်စော်ကဲကြီး ဘိုးကော်လွတ်နဲ့ နန်းကြာယဲတို့လည်း ပါတယ်၊ ပြီးတော့ သမီး ရွှေနန်းကျင်လည်းပါတယ်၊ ဘုရင်က ရွှေနန်းကျင်ကိုတွေ့တော့ သဘောကျလို့ စေတီတည်ပြီးတော့ ရွှေနန်းကျင်ကို မိဖုရားမြှောက်ဖို့ ကရင်စော်ကဲကြီး လင်မယားဆီမှာ တောင်းရမ်းတယ်၊ စော်ကဲကြီးလင်မယားက သမီးကို မပေးချင်ပေမယ့် ဘုရင်ဆိုတော့ မတတ်နိုင်လို့ ရွှေနန်းကျင်ကို နှိပ်စက်ညှင်းပန်းခြင်းမပြုဘဲ စိတ်ချမ်းသာစွာ ထားပေးဖို့ ကတိတောင်းတယ်၊ ဘုရင်ကလည်း ပေးတယ်'

ခေါင်းက ပြောရတာ နည်းနည်းအာခေါင် ခြောက်လာလို့ အအေးကို ပိုက်နဲ့ အဝစုပ်သောက်လိုက်ပါတယ်၊ ပြီးမှ...

'ဘုရင်က... ရွှေနန်းကျင်ကို မိဖုရားမြှောက်ဖို့ ကောက်ယူသွားတဲ့အချိန်မှာ ကရင်ရိုးရာမှာ ဟုန်းနတ်ဘိုးဘိုးကြီး ဆိုတာရှိတယ်၊ သူ့ကို ပူဇော်ပသခြင်းမရှိလို့ ဟုန်းနတ်ဘိုးဘိုးကြီးက ရွှေနန်းကျင်အပေါ် အငြိုးထားပြီး ရွှေနန်းကျင်ရဲ့ခန္ဓာကိုယ်မှာ တစ်စုံတစ်ရာရောဂါ စွဲကပ်စေဖို့ ဟုန်းနတ်ဘိုးဘိုးကြီးက တန်ခိုးဖြင့် ဖမ်းစားလိုက်တယ်၊ ရွှေနန်းကျင်က သုဝဏ္ဏဘူမိမြို့တော်ကို ရောက်တဲ့နေ့ကစပြီး ရောဂါဝေဒနာခံစားတာ သမားတော်တွေနဲ့ ကုသလည်း မပျောက်ဘူး ဖြစ်နေတယ်၊ ကရင်လူမျိုးတွေကို ခေါ်ပြီးမေးမြန်းတော့ ရွှေနန်းကျင်ကို တော်ကောက်တဲ့အခါက ကရင်လူမျိုးတို့ ထုံးစံအရ ဟုန်းနတ်ကို ပူဇော်ပသခြင်း မရှိလို့ ဒီလိုဖြစ်တာလို့ပြောပြီး ဘုရင်က ဘယ်လို ပူဇော်ရမလဲမေးတော့ ဘုရင်မင်းမြတ် အုပ်ချုပ်တဲ့ နိုင်ငံနယ်နိမိတ်ထဲမှာ မရဘူး၊ ဘုရင်နဲ့ ရွှေနန်းကျင်တို့ မြင်မိစုံဖက်တဲ့ နေရာမှာ ဟုန်းနတ်ကို ကျနစွာခေါ်ပြီး ထိုင်မြှောက်ပူဇော်ပသပြီးမှ မိဖုရားကိုယ်တိုင် ဘားသောက်မှ ရောဂါ ကင်းရှင်း ပျောက်မယ်လို့ ပြောတာပေါ့'

'ဒါနဲ့... ဘာဆက်ဖြစ်လဲ ခေါင်းရ'

ပုတိုက စိတ်ဝင်တစား မေးပါတယ်။ မေတန်ခူးခင်ကတော့ ဘာမှ မပြောဘဲ ခေါင်း ဘာထပ်ပြောလေမလဲ နားစွင့်နေပါတယ်။

'ရွှေနန်းကျင်က...ရောဂါမသက်သာဘဲ တိုးလို့ဖြစ်လာတော့ ဘုရင်က မနေသာတော့ဘဲ နတ်စားဖို့အတွက် စေလွှတ်ရာသို့ထွက်ခွာ သွားနေတဲ့အချိန်မှာ စော်ကဲကြီးဘိုးကော်လွတ်နဲ့ အစ်ကို [illegible]တို့

www.burmeseclassic.com



နန်းတော်ထဲကို ခေါ်ပြီးမေးမြန်းတော့ ရွှေနန်းကျင်ကို တော်ကောက်စဉ် အခါက ကရင်လူမျိုးတို့ ထုံးစံအရ ဟုန်းနတ်ကို ပူဇော်ပသခြင်းမရှိလို့ ဒီလိုဖြစ်တာလို့ပြောပြီး ဘုရင်က ဘယ်လိုပူဇော်ရမလဲမေးတော့ ဘုရင် မင်းမြတ်အုပ်ချုပ်တဲ့ နိုင်ငံနယ်နမိတ်ထဲမှာ မရဘူး၊ ဘုရင်နဲ့ ရွှေနန်းကျင် တို့ မြင်းမိစုံဖက်တဲ့နေရာမှာ ဟုန်းနတ်ကို ကျနစွာခေါ်ပြီး ဘင်မြှောက် ပူဇော်ပသပြီးမှ မိဖုရားကိုယ်တိုင် စားသောက်မှ ရောဂါကင်းရှင်း ပျောက်မယ်လို့ ပြောတာပေါ့'

'ဒါဆို... ရွှေနန်းကျင်က ဘာဆက်ဖြစ်သလဲ ဓောင်းရဲ့'

'လွမ်းစရာပေါ့... မေတန်ခူးခင်ရယ်၊ ဘုရားသမိုင်း တော် တော်များများက အလွမ်းတွေချည်းပဲ၊ ရွှေနန်းကျင်တို့ သားအစ်ဖသုံး ဦး ခရီးထွက်လာရင် စခန်းကြီးအရပ်မှာ ခေတ္တစခန်းချနားတယ်၊ အခု စခန်းကြီးနဲ့ စခန်းကြီးရွာရှိတယ်။ အဲဒီစခန်းကြီးအရပ်ကနေ အစဉ် အတိုင်းလာကြတာ စခန်းလေးအရပ်မှာ ထပ်နားလို့ အခု စခန်းကလေး လို့ ခေါ်တာ။ ဆက်ပြီး ခရီးနှင်လာတော့ ဟုန်းနတ်ကြီးက နတ်ကျား လွှတ်ပြီးလိုက်တယ်၊ သားအစ်ဖသုံးဦးစလုံးက ကျားရန်ကလွတ်ဖို့ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို အာရုံပြုဆုတောင်းပြီး ပြေးလွှား ရတာ ပန်းတင်ကျောက်နားမှာ ကျားက ရပ်တန့်သွားတယ်၊ ကျားလိုက် လာသေးသလားလို့ ကြည့်တော့ ကျားက မလာပေမယ့် ကြောက်အား လန့်အားနဲ့ပြေးတာ ကျောက်သမ္ဘာန်နားက တောင်အတက်စောင်းနံဘေး မှာ ရွှေနန်းကျင်က မောပန်းလွန်းပြီး အားပြတ်လဲရော၊ ရွှေနန်းကျင်က ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ကြည်ညိုသဒ္ဓါများစွာနဲ့ အာရုံပြုပြီး



ဘုရားဒါယိကာ ခင်ပွန်းဘုရင်သီဟရာဇာမင်းကြီးကို တမ်းတလွမ်း ဆွတ်ကြေကွဲ ဝမ်းနည်းရင်း ကွယ်လွန်မှာကိုသိလို့ သူ ကွယ်လွန်လျှင် သူ့၏ရုပ်ကလာပ်ကို အဲဒီအရပ်က ရွှေ့ပြောင်းယူဆောင်၍မရနိုင်ဘဲ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ဦးခေါင်းမူလျက် ကျောက်ရုပ်ဖြစ်၍ ကွယ်လွန်ပါစေလို့ အဓိဋ္ဌာန်ပြုပြီး ကွယ်လွန်သွား တယ်။

'အဲဒီ... ရွှေနန်းကျင် ကျောက်ရုပ်ထုကကော'

'အဲဒါတော့... မသိဘူး ဂျက်လူမြင့်ရဲ့၊ ရွှေနန်းကျင်ပြတိုက် အသစ်တော့ ရင်ပြင်တော်ပေါ်မှာ ရှိတယ်၊ အဲဒီနေရာမှာပဲ ဖြစ်မှာပေါ့၊ ရောက်တော့ ကြည့်ပေါ့ကွာ'

ဓောင်းက အအေးပုလင်းထဲမှာ ကျန်နေတဲ့ အအေးတွေကို အကုန်သောက်ပစ်လိုက်ပါတယ်။

'ဓောင်း... မင်း မဆိုးဘူးကွ၊ ဒီအကြောင်းတွေ... တော် တော် ကျက်ထားရတာပဲ'

'ဒါက... ဒီလိုရှိတယ် ပုတိုရ၊ သိသင့်သိထိုက်တဲ့ ဟာမျိုး ကျတော့ အလွတ်ကျက်ထားရတာပေါ့၊ ဘာဖြစ်လို့လဲဆို ကျိုက်ထီး ရိုးဘုရားဟာ ငါတို့ ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်တဲ့ မြတ်စွာဘုရားရဲ့ ဆံတော်တွေ ဌာပနာတည်ထားတာ မသိတဲ့ နိုင်ငံခြားသားတစ်ယောက် က မေးလာလို့ မသိဘူးဆိုရင် မိရိုးဖလာ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာကို ညှိုးနွမ်းစေသလိုမျိုး တိုင်းတစ်ပါးသား အထင်သေးသွားမှာပေါ့၊ ဗုဒ္ဓဘာသာဝင်မှန်ရင် အထင်ကရတန်ခိုးကြီးဘုရားတွေရဲ့ သမိုင်းကို သိသင့်တယ်လို့ ငါထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းရဲ့ စကားကို နားထောင်နေတဲ့ ဂျက်လှမြင့်နဲ့ ပုတို[illegible] တော့ မသိ။ ခေတန်ခူးခင်ကတော့ ဖောင်းကို အထင်ကြီးတဲ့ အကြည့် နဲ့ ကြည့်လိုက်ပါတယ်။

ဒီအချိန်မှာပဲ ဦးလေးဦးမောင်သန်းနဲ့ အန်တီသင်းတို့ ရောက် လာလို့ ဖောင်းက အအေးနှစ်ပုလင်းမှာ ပေးလိုက်ရပါသေးတယ်။

အအေးသောက်ရင်း ဦးမောင်သန်းနဲ့ အန်တီသင်းတို့ကတော့ စကားကောင်းနေတုန်းပင် ဖြစ်ပါတယ်။

◆

ရသေ့တောင်နား နီးလာတဲ့အခါမှာတော့ မော်တော်ကားနဲ့ တက်တဲ့ ဘုရားဖူးခရီးသည်တွေရဲ့ အသံတွေ စားသောက်ဆိုင်တွေ[illegible] က ကက်ဆက်သံတွေ အလှူခံမဏ္ဍပ်ဆီက အလှူခံသံတွေကို ဖောင်း တို့တစ်တွေ ကြားနေရပါတယ်။ ကျိုက်ထီးရိုးရင်ပြင်တော်ကို ရောက်ခါ နီးဖို့ တစ်မိုင်သာသာလောက်သာ လိုတော့တာမို့ ရောက်တော့မယ်ဆိုပြီး ပျော်နေကြပါတယ်။

‘ကဲ… ရင်ပြင်တော်နား ရောက်ခါနီးပြီမို့ သဒ္ဓါသလောက် တောရ ရသေ့ကြီးအတွက် သတင်းသီလ ဆောက်တည်ဖို့ အလှူက လေးများ လှူဒါန်းသွားကြပါဦး သာဓု… သာဓု… သာဓုပါ’

ဘုရားဖူးတွေ ခြေလျင်တက်နေတဲ့ လမ်းနားက အပင်တစ် ပင်အောက်မှာ ရသေ့ကြီးတစ်ဦးက သပိတ်ပိုက်ပြီး အလှူခံနေပါ တယ်။

ဦးလေးဦးမောင်သန်းနဲ့ အန်တီသင်းက အလှူခံနေတဲ့ ရသေ့



ကြီးနား ရောက်လာပါတယ်။ ဒီအချိန်မှာ အန်တီသင်းကလည်း ပိုက်ဆံ အိတ်ထဲက ငွေနှစ်ရာတန်တစ်ရွက်ကို နှိုက်နေတုန်းမှာ ဦးမောင်သန်းက တားလိုက်ရင်းမှ ရသေ့ကြီးကို သေသေချာချာ အကဲခတ်လိုက်ပါ တယ်။

‘နေဦး… မသင်း၊ ဒီရသေ့ကို… ကျွန်တော် ကောင်းကောင်း သိတယ်၊ ကျွန်တော်တို့ထေရဝါဒဗုဒ္ဓသာသနာမှာ ရသေ့ကို ကိုးကွယ် တာ မရှိဘူး၊ မှန်း… ဩော်…’

ဦးလေးဦးမောင်သန်းက ရသေ့ကြီးမျက်နှာကို ကြည့်လိုက်ပြီး အံ့အားတသင့်ပြောရင်း…

‘ရသေ့ကြီးက… ဘယ်သူလဲလို့ မသင်းရေ၊ ဒီရသေ့က… ကျိုက်ထီးရိုးဘုရားပွဲ မရှိတဲ့ လတွေမှာ သိမ်ကြီးဈေးရှေ့မှာ ဒူးရင်းသီး ရောင်းတာဗျ၊ ဝါခေါင်လဆို တောင်ပြုံးပွဲမှာ ရွှေဆွဲပြား ပလပ်စတစ် ကြိုးတွေ ရောင်းတာ၊ ကျွန်တော့်မိတ်ဆွေ ကိုအုန်းကျော်တို့အိမ်မှာ ရွှေဆွဲပြားကြိုးတွေဖိုး အကြွေးရစရာရှိလို့ စကားများတာ မြင်ခဲ့ဖူးလို့ မှတ်မိတာ၊ ကျိုက်ထီးရိုးဘုရားပွဲ လကျတော့ ဒီမှာ ရသေ့အဖြစ် ဟာလုပ်စားနေတာကိုး’

‘ဟုတ်လို့လား… ကိုမောင်သန်းရေ’

‘ဟုတ်သမှ… သိပ်ဟုတ်၊ ကျွန်တော်… သိတာပေါ့၊ ဘုရား ပွဲ အမှီပြုလုပ်စားတာ ငရဲရမှာ မကြောက်ဘူးလားဟော့’

ဦးလေးဦးမောင်သန်းက ရသေ့ကြီးမျက်နှာကိုကြည့်ပြီး စကား လည်းဆုံးရော ရသေ့ကြီးက ခပ်သုပ်သုပ်နဲ့ ပြေးထွက်သွားပါတယ်၊ ဦးလေးဦးမောင်သန်းကတော့ ရယ်မောရင်း ကြည့်နေပါတယ်၊

www.burmeseclassic.com



'တော်တော်လည်း ရှာရှာဖွေဖွေ ကိုမောင်သန်းက သိနေတာ ပဲ'

'ငရဲရောက်မှယ့် လူအတွက်တော့ ကုသိုလ် မယူပါရစေနဲ့ဗျာ'

'မှန်တာပေါ့… ကိုမောင်သန်းရယ်၊ လာ… လာ… ဆက် တက်မယ်'

ရှေ့မှာ မြင်နေရတဲ့ ဇောင်းတို့အုပ်စုကို ကြည့်ပြီး အန်တီသင် က ဦးမောင်သန်းကို ပြောလိုက်ပါတယ်။ ဦးမောင်သန်းကတော့ ဇော ဇောကရသေ့ကြီး ရှိသေးလားလို့ နောက်လှည့်ကြည့်တော့ မတွေ့ တော့ပါ။

♦

အသိနဲ့ အရိုကို
အစွဲမထားဘဲ
အရှင်ထားပြီး
ဘဝမှာကျင့်ကြံဖို့ လိုပါလိမ့်မယ်။
စွဲနေပြီ ဆိုရင်တော့
ဥပါဒါန်ကြောင့် ဥပါဒ်ကျိန်းသေပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

ကျိုက်ထီးရိုး ဘုရားရင်ပြင်တော်ပေါ်မှာတော့ ဘုရားဖူးဧ
တ ပြည့်ကျပ်ညပ်နေပါတယ်။ ခေါင်းတို့အဖွဲ့က တော်တော်ကံကောင်
ပါတယ်။ ဘုရားရင်ပြင်တော်ပေါ်က တိုးချဲ့အဆောင်(၄၀) တည်
ဆောင်မှာ အခန်းသုံးခန်း နေရာရလို့ တော်သေးတယ်လို့ ပြောရ
ပါပဲ။ တည်းခိုဆောင်က ထွက်လိုက်တာနဲ့ ဘုရားကို တန်းပြီး ဖူးရ
အဆင်ကို ပြေနေပါတယ်။

အဆင်မပြေတာက စားရသောက်ရတာပဲ ဖြစ်ပါတယ်
ဘုရားဖူးကများတော့ မနည်းကို ဟင်းကုန် ထမင်းကုန် မဖြစ်ရအော
လို့ တက်သုတ်ရိုက် ဝယ်စားရပါတယ်။

ဘုရားရင်ပြင်တော်ပေါ်မှာတော့ နှင်းငွေ့တွေက ကျဆင်း
ပြီး လမင်းကြီးကလည်း ထိန်ထိန်သာနေပြီး လေကအတိုက်မှာ ဆေ
ခန့် အေးခန့် ခံစားရတာလည်း ခြေလျင်တက်လာသမျှ အမောအ
တွေ ပြေတော့တာပါပဲ။



'ခေါင်းရာ… မင်းတို့နဲ့ မေတန်ရှူးခင်က ချိတ်တိတ်တိတ်
ဟိုကတည်းက ဖြစ်နေတာ၊ အခုတော့လည်း မြန်တယ်ဟေ့'

ရင်ပြင်တော်ပေါ်မှာ ထိုင်နေရင်း ပုတိုက ကျိုက်ထီးရိုးစေတီ
တော်မြတ်ကြီးကို ကြည့်ပြီး ပြောလိုက်ပါတယ်။

'သရဲ… မသိလို့ပါကွာ၊ သိရင်တော့ ဘာဖြစ်မလဲ မသိဘူး၊
ဒီကောင်ကလည်း ဘုရားလာဖူးတာ အိပ်ဖို့လာတာလား မသိဘူး၊
အခုလည်း တည်းခိုဆောင်မှာ အိပ်ရင်း ကျန်ရစ်ခဲ့ပြန်ပြီ။

'ဒါဆို… ခေါင်းနဲ့ မေတန်ရှူးခင်အတွက် ကောင်းကာပေါ့၊
နက်ဖြန် တခြားဘုရားတွေ လျှောက်ဖူးလို့ ဒီကောင်ပါလို့သိရင် တစ်ခုခု
ဖြစ်နေဦးမယ်၊ ဒီတော့… မနက်ဖြန်ပါ ဒီကောင်လိုက်လို့ မရဘဲ
အိပ်နေလို့ရအောင် တစ်ခုခု ကျန်ရမယ်'

ဂျက်လှမြင့်က သူ့အစီအစဉ်နဲ့သူ ပြောဆိုနေတုန်းမှာပဲ အိပ်နေ
ပါတယ်ဆိုတဲ့ သရဲက တည်းခိုဆောင်ကနေ ခေါင်းတို့ရှိတဲ့ နေရာ
ခြေလှမ်းတွေကို တဖြည်းဖြည်းချင်း လှမ်းရင်းက လာနေပါတယ်၊

'ဒီကောင်… အသက်ရှည်ဦးမယ်ကွာ၊ သူ့အကြောင်း ပြော
တုန်းရှိသေးတယ်၊ ရောက်လာရတယ်လို့'

ပုတိုက သူတို့ဆီ လာနေတဲ့ သရဲကိုကြည့်ပြီး ပြောလိုက်ပါ
တယ်။

'ပုတို… ငါ ကိုယ်တွေလက်တွေ ကိုက်နေလို့ ဈေးဆိုင်တန်း
မှာ အကိုက်အခဲပျောက်ဆေး ဝယ်ပေးပါလားကွာ၊ တစ်ကိုယ်လုံး
ကိုက်ခဲနေတာပဲ'

'သရဲ… မင်းကလည်း ယောကျ်ား မဟုတ်တဲ့အတိုင်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ထဲပါ… ပုတိုရာ ဝယ်ပေးလိုက်ပါ၊ အိပ်ဆေးနှစ်ပြားပါ တွဲဝယ်ဆေးလိပ်တံ တော်ကြာ… ကိုယ်ဆစ်လက်ဆစ် ကိုက်လို့ အိပ်ရေးပျက်နေတယ်၊ အိပ်ဆေးပါ တွဲသောက်တော့ ကိုယ်ဆစ်လက်ဆစ် နာမှန်း သိဘူးပေါ့ကွာ'

ဂျက်လှမြင့် စကားအဆုံး သရဲက…

'ဒါဆို… ငါပြန်ပြီး အခန်းထဲမှာ ကွေးလိုက်ဦးမယ်၊ ပုတို… မြန်မြန်လေး ပြန်ခဲ့ကွာ'

သရဲက မလှမ်းချင်လှမ်းချင် ခြေလှမ်းတွေနဲ့ တည်းခိုဆောင်ဆီ ပြန်ထွက်သွားပါတယ်။ သရဲကိုကြည့်ရင်း ဂျက်လှမြင့်က…

'ခေါင်း… ဘာမှ မပူနဲ့၊ ဒီကောင်… နက်ဖြန် ထနိုင်မှာ မဟုတ်ဘူး၊ မနက် စောစော မင်းနဲ့မေတန်ရှူးခင် နေရာအနှံ့ လျှောက်သွားပေတော့၊ သရဲ နိုးလာရင် ငါ ကြည့်ထိန်းထားမယ်၊ ဒီည… ဒီကောင် အိပ်ပျော်သွားရင် မင်းနဲ့ မေတန်ရှူးခင် နှစ်ယောက်သား ဘုရား အဝပူးပေတော့၊ ဦးလေး ဦးမောင်သန်းနဲ့ အန်တီ သင်းက တရား ထိုင်နေတာ တော်တော်နဲ့ ပြီးမှာ မဟုတ်ဘူး၊ မင်းတို့… နှစ်ယောက်အတွက် ဒီ ဇာတ်လမ်းမှာ သရဲက





တော့ အောင်သွယ်တော်ပဲပေါ့'

'ကြည့်လည်း… လုပ်ပါဦး ဂျက်လှမြင့်ရာ၊ တော်ကြာ… တစ်ခုခု ဖြစ်နေပါဦးမယ်'

'မဖြစ်ဘူး… ပေါ့ကောင်၊ စိတ်ချ…'

မကြာပါ ပုတိုက ဆေးဝယ်ပြီး ရောက်လာပါတယ်။

'ပုတို… သရဲကိုဆေးတိုက်ပြီး ဒီကောင့် အခြေအနေကြည့်ပြီး မေပာန်ရှူးခင်ကို ခေါ်လာခဲ့ မြန်မြန်လုပ်ကွာ၊ အပြင်မှာ ချမ်းတယ်'

'စိတ်ချ… ဂျက်လှမြင့်၊ ဒါမျိုးက… ကုသိုလ်ရတယ်၊ မပူနဲ့'

ပုတိုက ခပ်သုတ်သုတ်နဲ့ တည်းခိုဆောင်ဘက်ကို ပြေးသွားပါတယ်။ ခေါင်းနဲ့ ဂျက်လှမြင့်ကတော့ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ထိုင်ရာကနေ ဖူးမြော်နေတာ ဘာစကားမှ မဆိုဖြစ်တော့ပါ။

◆

ကျိုက်ထီးရိုးဘုရားဖူးရင်း ခေါင်းနဲ့ မေတန်ရှူးခင်တို့နှစ်ယောက် မှဆိုးတောင်စေတီ၊ နတ်ရေတွင်း၊ နတ်စမ်းတွင်း၊ ကျိုးပါးစပ်ဂူ၊ မြသပိတ်စေတီ၊ ရေတံခွန် စသဖြင့် အစုံအလင်ရောက်ခဲ့ပြီး တစ်ယောက်လက် တစ်ယောက်တွဲ မခွာနိုင်မပန်းနိုင် ဖြစ်ခဲ့ပါတယ်။

ဒါ့အပြင် နှစ်ယောက်သား အတူတူ နံနက်အာရုဏ်ဘက်မှာ စေတီတော်မြတ်ကြီးအား သစ်သီး၊ ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူခြင်းတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ မေတန်ခူးခင်က လက်အုပ်ကလေးချီပြီး အာရုံပြုနေတာကို ဓောင်းခေမျာ ကြည်နူးကျေနပ်လို့ မဆုံးပါပဲ။ ဦးလေးဦးဓောင်သန်းနဲ့ အန်တီသင်းတို့ကတော့ တရားထိုင်လိုက် ပုတီးစိပ်လိုက်နဲ့ ရသမျှ အချိန်ကလေးမှာ ကုသိုလ်ယူမဆုံးပါပဲ…

သရဲကျတော့ ဂျက်လူမြင့်နဲ့ ပုတိုက ဟိုခေါ်ဒီခေါ်နဲ့ ရယ်စရာအဖြစ်အပျက်က ရှိခဲ့ပါသေးတယ်။ ဒီလိုပါ…

◆

'ချမ်းတော့ အရက်သောက်ချင်လိုက်တာကွာ၊ နည်းနည်းပါးပါး ဘယ်မှာရမလဲ မသိဘူး'

'သရဲ… ဒီ ရင်ပြင်တော်ပေါ်မှာတော့ မရဘူးကွ၊ ကျိုက်ထီးဟိုတယ်ဖက် သွားကြည့်မယ်၊ ရလိုရငြား‌ပေါ့ကွာ'

နှင်းတွေ ကျနေတဲ့ ညနေစောင်းမှာ ကျိုက်ထီးဟိုတယ်ထဲကို သရဲ၊ ဂျက်လူမြင့်နဲ့ ပုတိုတို့ ရောက်ချသွားပါတယ်။

'ညီလေး… ဒီမှာ ဝီစကီရလား'

'မရဘူး… အစ်ကို၊ ဒီ… ဟိုတယ်မှာတည်းတဲ့ သူတွေကိုပဲ တစ်ဦးကို လေးပက်နဲ့ရောင်းပေးတာ'

သရဲရဲ့အမေးကို ကျိုက်ထီးဟိုတယ်ထဲမှာရှိတဲ့ စားပွဲထိုးလူငယ်လေးက ပြောလိုက်လို့ သရဲတို့ သုံးယောက်သား စိတ်ပျက်လက်ပျက်နဲ့ ကျိုက်ထီးဟိုတယ်ထဲက ထွက်လာခဲ့ပါတယ်။

'ဟော်တယ်ရှေ့က… ဆိုင်မှာကော ရှိမလား မသိဘူး၊ ဝင်မေးကြည့်တာပေါ့'



သရဲက ကျိုက်ထီးဟော်တယ်ရှေ့က စားသောက်ဆိုင်ရှိရာကို ပြီး စားပွဲဝိုင်းတစ်ဝိုင်းမှာ တောင်တန်းတွေကို ကျောပေးပြီး ဝင်ထိုင်လိုက်ပါတယ်။ ပုတိုနဲ့ ဂျက်လူမြင့်လည်း သရဲ အနီးအနားမှာ ထိုင်လိုက်ပါတယ်။

'ဘာသောက်မလဲ… အစ်ကို'

'ညီလေး… အရက်ရလား'

'မရဘူး… အစ်ကို'

'လုပ်ပါကွာ… အစ်ကို အရမ်းချမ်းနေလို့ပါ'

'တကယ်… မရတာ အစ်ကို'

သရဲနဲ့ စားပွဲထိုးလူငယ်လေး အပြန်အလှန် ပြောနေကြတာ ဂျက်လူမြင့်က…

'ညီလေးက… ဒီက ဝန်ထမ်းဆိုတော့ ရောင်းချင်ရောင်းမှာ ယ်ပေးကြည့်ပါလားကွာ'

စားပွဲထိုး လူငယ်က သရဲကိုကြည့်လိုက်ရင်း…

'ဒီလိုလုပ်… အစ်ကို၊ ကျွန်တော့်ကို ပိုက်ဆံပေး ဝီစကီ ် ငါးရာလား မသိဘူး၊ လူတစ်ယောက် လေးပတ်ရောင်းတယ်၊ အစ်ကိုက နိုင်ငံခြားသားလုပ်၊ စောစောကပြောတဲ့ အစ်ကိုကြီး နိုင်ငံခြားသား လုပ်မယ့်အစ်ကိုကြီးရဲ့တပည့်လုပ်၊ ဟော်တယ် ကိုမကြည့်ဘဲ တောင်တန်းတွေဘက် ကြည့်ရင်က အင်္ဂလိပ်လို ၊ အစ်ကိုက စကားပုလူမျိုးနဲ့ ရုပ်ချင်းဆင်တယ်'

စားပွဲထိုးလူငယ်က ဘောင်းဘီရှည်ဝတ်ထားတဲ့ သရဲရဲ့ ကိုကို ငုံ့ကြည့်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'အစ်တိုဘိနပ်… ဟိုဘက်ကအစ်ကိုရဲ့ဘိနပ်နဲ့ လဲလိုက်၊ နိုင်
ခြားသားစာ သားရေဘိနပ် မစီးဘူး၊ လဲ… မြန်မြန်လဲ'

စားပွဲထိုးလူငယ်က ဘိနပ်ကို အတင်းချွတ်နိုင်းပြီး ပု
ဘိနပ်နဲ့ လဲစီးနိုင်းပါတယ်။ ပြီးတော့ ပိုက်ဆံနှစ်ထောင်တော
သနဲ့ ချုတ်လှမြင့်တို့ကြည့်ပြီး…

'ဟောတယ်ဘက်ကို မကြည့်နဲ့၊ အင်္ဂလိပ်လို ပြောနေ
ဟိုတယ်ထဲကနေ မယုံလို့ လှမ်းကြည့်လည်း အစ်ကိုတို့ ကျောခိုင်
စကားပြောနေတယ်လို့ ထင်မှာ'

စားပွဲထိုးလူငယ်လေးက ခပ်သုတ်သုတ်နဲ့ ကျိုက်ထိုဟိုတ
ရှိရာ ပြေးသွားပါတယ်။

'နာတယ်ကွာ… သရဲရာ၊ မင်း… အရက်သောက်ရဖို့ နိ
ခြားသား တစည့်အဖြစ် ခံရတာ'

'ဂျက်လှမြင့်… ဘာမှ ပြောမနေနဲ့၊ အင်္ဂလိပ်လို ပြောချ
ပြောနေ၊ ဟိုက… လှမ်းကြည့်လို့ရှိရင် လိမ်တာပေါ်သွားဦးမယ်

ပုတိုရဲ့ သတိပေးစကားအဆုံး သရဲက ကျောခိုင်းရင်းမှ
နေရတဲ့ တောင်တန်းတွေကို လက်ညှိုးထိုးရင်း…

'Oh ! What is this ?'

'This is တောင်တန်း'

'Oh ! တောင်တန်း… very goo… It is very wonderf
yes… yes…'

သရဲနဲ့ ဂျက်လှမြင့် နှစ်ယောက်သား အရက်လေး
သောက်ရဖို့အရေး အင်္ဂလိပ်လိုတွေ ဘာမှန်းမသိ ကျောခိုင်းပြီး





ရာဇပြနေတာကို ဘေးနား
ထိုင်ကြည့်နေတဲ့ ပုတိုက
ယ်လိုက်တာ ဘေးလူတွေက
ကောင် ဝိုင်းကြည့်ရတဲ့ အထိ
ပဲ။

'အစ်ကို… ဟိုတယ်
းကောင်တာက ပြောတယ်၊
ဒီနိုင်ငံခြားသားတွေ ခေါ်လာ
တဲ့၊ ဒီအတိုင်း မရောင်းဘူး
'

'ဟေ…'

စားပွဲထိုး လူငယ်လေး
ပြန်ရောက်လာပြီး ငွေနှစ်
ကောင်ကို ပြန်ပေးရင်းက အကျိုးသင့်အကြောင်းသင့် ပြောလိုက်တာ
ကြောင့် သရဲနှုတ်ဖျားကနေ အံအားတသင့် အသံထွက်သွားပါတယ်။

'သရဲ… သွားမယ်၊ တော်ကြာ… အရက်ကွဲမယ်၊ အဖြစ်မှန်
လို့ ဒီဝန်ထမ်းကောင်လေး အလုပ်ပြုတ်သွားဦးမယ်၊ လာ…
ာ…'

ပုတိုက သရဲကို အတင်းဆွဲခေါ်လာရပါတယ်။ လမ်းတစ်
လျှောက်လုံး ဖြစ်ခဲ့တဲ့ အကြောင်းအရာကို ပြန်ပြောရင်း ရယ်ကြ
သားတယ်။

◆

www.burmeseclassic.com

www.burmeseclassic.com



ဒါတင်ပဲလား မဟုတ်ပါ။ သရဲ အရက်လေးပတ်သော
ချင်လို့ နိုင်ငံခြားသားယောင် ဆောင်ရတဲ့ကိစ္စ အပြန်ခရီးမှာ သိလို
ရတဲ့ ဓာင်းတို့တွေလည်း မရယ်ဘဲ မနေနိုင်ပါ။

တကယ့်ကို မမေ့နိုင်တဲ့ ဖြစ်ရပ်လို့ ဆိုရမှာပါပဲ။

♦

BURMESE CLASSIC .com

အဲဒီလောက်တက်လာတာကိုမှ
မသိရင်
ကမ္ဘာဆန်တဲ့ခေတ်မှာ
"လူအ"ဖြစ်သွားမှာပေါ့။
(ဒီလောက်တော့ သနားတယ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ကျိုက်ထီးရိုးဘုရားဖူးက ပြန်လာပြီး ငါးရက်အကြာမှာ သရဲက လက်ဖက်ရည်ဆိုင်မှာ ခေါင်းကို တွေ့ချင်လို့ ချိန်းပါတယ်။ ခေါင်းခမျာ ဘာမှန်းမသိ သရဲ ဘာပြောချင်လို့လဲဆိုပြီး လက်ဖက်ရည်ဆိုင်ရောက်တော့ ဂျက်လှမြင့်၊ ပုတို့၊ သရဲသာမက မေတန်ခူးခင်ကိုပါ တွေ့ရပါတယ်။

သရဲ မျက်နှာကို အကဲခပ်ရတော့ တစ်ခုခုကို ဖြေရှင်းမယ်ပုံ ပေါ်နေပါတယ်။ ဒေါသဖြစ်တဲ့ ပုံစံမျိုးကိုတော့ ခတွေ့ရပါ။ သူနဲ့ မေတန်ခူးခင်ကိစ္စများ သိသွားပြီလားလို့ စိုးရိမ်နေပါသေးတယ်။

'ခေါင်း... ဒီမှာထိုင်'

သရဲက သူနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ခုံမှာ ဝင်ထိုင်ခိုင်းလို့ ခေါင်းက ဝင်ထိုင်လိုက်ပါတယ်။

'သရဲ... ဘာကိစ္စလဲ'

'မင်းနဲ့ငါနဲ့... အမျိုးတော်မယ့် ကိစ္စပေါ့ကွာ'



ခေါင်း စဉ်းစားရ ကျပ်သွားပါတယ်။

သရဲပြောတဲ့ စကား အရ ဒေါသသံ မပါလေတော့ ... သူ့အဒေါ် အပျိုကြီးနဲ့ သရဲရဲ့ဦးလေး ဦးမောင်သန်းတို့ ကျိုက်ထီးရိုးဘုရားဖူးရင်း မေတ္တာမျှသွားတဲ့အကြောင်း ပြောမလို့လားလို့ ထင်မိနေပါတယ်။

'မင်းက... ငါ့နှမ မေတန်ခူးခင်နဲ့ ဘယ်တော့ မင်္ဂလာဆောင်မှာလဲ၊ အဲဒါ... ငါ သိချင်တယ်'

'ဘာပြောတယ်... သရဲ'

'ဟေ့ကောင်... မင်း ဘာကြောင်နေတာလဲ၊ အဲဒီလောက်နဲ့ တက်မလာနဲ့၊ သရဲဆိုတဲ့ ကောင်က သနားတယ်'

ခေါင်း အံ့အားသင့်သွားရင်းက သူနဲ့ မေတန်ခူးခင်ကိစ္စကို ပုတို့နဲ့ ဂျက်လှမြင့်က ဖောက်သည်ချသလားလို့ ပုတို့နဲ့ ဂျက်လှမြင့်တို့ အကဲခပ်လိုက်တာကို သရဲ မြင်သွားပြီး...

'ဟေ့ကောင်... ဒီနှစ်ယောက်ပြောတာ မဟုတ်ဘူး၊ ငါ... သိတာ ကျိုက်ထီးရိုးမှာကတည်းက၊ မသိချင်ယောင် ဆောင်နေတာ'

'နေစမ်းပါဦး... မင်းက ဘယ်လို သိတာလဲ'

'ဒီမှာ... ခေါင်း၊ ငါ... ရှင်းပြမယ်၊ မင်းတို့တ... ငါ့ကို ထင်မှာပဲ၊ ငါက... မနေ့တစ်နေ့ကမှ ရောက်လာတဲ့ နမဝမ်းကွဲအစ္စတ် သဝန်ကြောင်တယ်၊ ချုပ်ချယ်တယ် ဆိုပြီးတော့ပေါ့ကွာ၊ ငါက... အဲဒီလိုမှ တင်းတင်းကြပ်ကြပ် မထုပ်ထားရင် ငါ့နှမ လွှတ်ရာလူနဲ့ ညားသွားမှာပေါ့ကွာ၊ ဒီတော့ တန်ဖိုးရှိတဲ့လူနဲ့ညားမှ အစ်ကိုတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနဲ့ ငါ့မှာ ကာကွယ်ခွင့်ရှိတယ်၊ အခုတော့ ငါ့ သူငယ်ချင်းဖြစ်တဲ့ မင်းနဲ့ ငါ့နှမချစ်သူဖြစ်တာ မင်းအကြောင်း ငါအသိဆုံးပဲဟာ၊ ငါ… သဘောတူပါတယ်ကွာ၊ အရင်တုန်းက… ငါ့နှမနဲ့ ပတ်သက်ပြီး မင်း အဲဒာမကြေတာ ငါ့ကို နားလည်ပေးပါ၊ ငါက… မင်းစိတ်ဓာတ် ဘယ်လိုရှိသလဲ စမ်းသပ်ကြည့်ရတာပေါ့ကွာ၊ ငါ့နှမရဲ့ အနာဂတ် ကောင်းဖို့ပါ’

‘သရဲ… အစ်ကိုတစ်ယောက်အဖြစ် ထားရှိတဲ့ စိတ်ဓာတ်ကို ငါ လေးစားပါတယ်ကွာ၊ မင်းမှ မဟုတ်ဘူး၊ နှမ အစ်မရှိတဲ့ အစ်ကိုတိုင်း မင်းလိုစိတ်ဓာတ်မျိုးတွေ ထားသင့်တယ်ကွာ၊ စိတ်ချပါ၊ မင်းရဲ့ နှမကို ငါ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းပါ့မယ်’

ခေါင်းက သရဲကို လက်ဆွဲနှုတ်ဆက်ရင်း ထိုင်ရာမှထကာ သရဲနားသွားပြီး သရဲရဲ့ခါးကို ဖက်လိုက်ပါတယ်။

အားလုံးသော သူတွေရဲ့ မျက်နှာတွေမှာ ပြုံးနေကြည်နူးလို့ မဆုံးပါပဲ။

အကြည်နူးဆုံးကတော့ ခေါင်းနဲ့ မေတန်ခူးခင်ပဲ ဖြစ်ပါတယ်။

သူတို့နှစ်ယောက်ရဲ့ ချစ်ခရီးဟာ ဘာပဋိပက္ခမှ မပါဘဲ ဖြောင့်ဖြူးသွားလို့ပါပဲ။

♦ ☛



ဟိုးအဝေးက ရွှေမျော်ခင်းတွေကို ကျိုက်ထီးရိုး ရင်ပြင်တော်ပေါ်က လှမ်းကြည့်လိုက်တော့ အတော့်ကို လှပနေပါတယ်။ နှင်းတွေ တဝေနေလို့ ဘုရားရင်ပြင်တော်ပေါ်မှာလည်း ဘုရားဖူးတွေက အပြည့်ပါပဲ။

‘ကို… ဟိုမှာကြည့်ဦး’

‘ဘာလဲ… မေရဲ့’

‘ဟိုမှာလေ… သမီးလေးကို သူ့ဦးလေး ကိုသရဲချီပြီး ဘုရားကို လက်အုပ်လေးချီပြီး ဦးတော်လုပ်နိုင်းနေတာ၊ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ’

ခေါင်းက ဇနီးဖြစ်သူ မေတန်ခူးခင်ပြတဲ့ နေရာကြည့်လိုက်တော့ နှစ်နှစ်သမီးအရွယ် သမီးလေး ‘ဖွန့်တန်ခူးခင်’က သူ့ဦးလေး ပခုံးပေါ်ကနေ လက်အုပ်လေးချီပြီး ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးကို ကန်တော့နေတာ ချစ်ဖို့ကောင်းလိုက်တာ ဆိုတာ။

ဦးလေးဖြစ်တဲ့ သရဲကလည်း တူမကို ချစ်လိုက်တာဆိုတာ ဘုန်းလို့။

အခုလို သမီးလေး နှစ်နှစ်မြောက်မှာ မိသားစု စုံစုံညီညီနဲ့ ကျိုက်ထီးရိုး ဘုရားလာဖူးဖြစ်တာပဲ ဖြစ်ပါတယ်။

သမီးလေး ‘ဖွန့်တန်ခူးခင်’ကို ကြည့်ရင်း ခေါင်းနဲ့ မေတန်ခူးခင်တို့ သူတို့နှစ်ယောက်သား ချစ်သူဖြစ်ခဲ့တဲ့ကာလက နေ့ရက်တွေကို ပြန်သတိရနေတာက အမှန်ပါပဲ။

အခုတော့ ကျိုက်ထီးရိုး ဘုရားဖူးဖြစ်ခဲ့လို့ ဇနီးမောင်နှံဘဝ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ရပြီး မိဘကို အရိပ်ပေးမယ် 'ထီး'နဲ့တူတဲ့ သမီးလေးတောင် ပိုင်ဆိုင်ခဲ့ရပြါပြီ။

နောင်ကိုလည်း 'ထီး'ကလေးလို မိဘနှစ်ပါးကို အရိပ်မိုးပေးမယ့် သမီးလေးရဲ့မိသားစုတွေနဲ့အတူ ဘိုးဘိုး၊ ဘွားဘွားအဖြစ်နဲ့ နှစ်စဉ် ကျိုက်ထီးရိုးဘုရားဖူးဖို့ လာကိုလာဦးမယ်လို့ စိတ်ထဲမှာ သံမိဋ္ဌာန် အတူချမိတာက ပြောဖို့ပင်လိုမည် မထင်ပါ။

သမီးငယ်လေး 'မွန်တန်ခူးခင်'ကတော့ ဦးလေးရဲ့လက်ပေါ် ကနေ လက်အုပ်ကလေးချီပြီး 'ဦးတော်'လုပ်ကောင်းနေတုန်းပင်။

◆

BURMESE CLASSIC .com

ဇောင်းနဲ့ မေတန်ခူးခင်တို့အတွက်
ဘဝမှာ သမီးရှိရင် အရာရာပြည့်စုံပါပြီ။

www.burmeseclassic.com